ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

**လောကဓမ္မတာစံကြရာ**

**အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်စံရကုန်၏။**

ပါပဝဂ်(ဓမ္မပဒ-၁၂၆)

၁၃၈၂ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်၊ တနင်္လာနေ့။ Monday, 21 December 2020 ၁၀၂၃၃

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ (၂၉)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၏ (၂၉)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက UMFCCI မင်္ဂလာခန်းမတွင် Virtual Meeting စနစ်ဖြင့်ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဗီဒီယိုဖြင့် မိန့်ခွန်းပြောကြားသည်။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ပြောကြားသည့် ဗီဒီယိုမိန့်ခွန်းကို စာမျက်နှာ (၃) တွင် ဖော်ပြထားပါသည်။)**

ထို့နောက် အစည်းအဝေးသဘာပတိ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ မိန့်ခွန်းသည် မိမိတို့၏ အနာဂတ်ကာလ၊ ပုဂ္ဂလိကကဏ္ဍတစ်ခုလုံး ဖွံ့ဖြိုးရေးအတွက် အလွန်အရေးပါပါကြောင်း၊ စီးပွားရေးလုပ်ငန်းများအားလုံး၊ အမျိုးသမီးဦးဆောင်သည့် လုပ်ငန်းများအပါအဝင် ပြည်တွင်းရှိ သေး၊ ငယ်၊ လတ် အရွယ်အစား အမျိုးမျိုး ဆက်လက်ရှင်သန်လုပ်ကိုင်နိုင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖော်ထုတ်နိုင်ရေးတို့အတွက် ကြီးမားသောခွန်အားတစ်ရပ်ဖြစ်စေပါကြောင်း၊ ရှေ့ဆက်ပြီး နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများအကြား (Public-Private Cooperation) အပြန်အလှန် ယုံကြည်လေးစားမှုဖြင့် ဆက်ဆံရေး ပိုမိုကောင်းမွန်ခိုင်မာအောင် တည်ဆောက်ပြီး တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့်အတူ နိုင်ငံအကျိုး၊ ပြည်သူအကျိုး၊ မိမိတို့ စီးပွားရေးလုပ်ငန်းရှင်များ အကျိုးကိုရှေးရှုလျက် မိမိတို့အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များအနေဖြင့် လက်တွဲညီညီ ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်း နှိုးဆော်လိုပါကြောင်း၊ အထူးသဖြင့် ယခုကဲ့သို့ လူချင်းတွေ့ဆုံပြီး လုပ်ကိုင်သွားလာ ဆက်ဆံရေး အကန့်အသတ်ရှိနေသည့်ကာလတွင် ရှင်သန်မှုယန္တရား အဆက်မပြတ်လည်ပတ်နေရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် အမှာရှိသည့်အတိုင်း Digital ဆက်သွယ်မှု၊ ဆက်ဆံမှုတစ်ခု အသေအချာ လိုအပ်နေသည့်အတွက် နိုင်ငံတော်က ဦးစီး၍ ပုဂ္ဂလိက စီးပွားရေးအဖွဲ့အစည်းများနှင့် ပေါင်းစပ်အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို အောင်မြင်အောင် မိမိတို့ဘက်မှ စွမ်းစွမ်းတမံ ပူးပေါင်း ဆောင်ရွက်သွားမည်ကိုလည်း အသိပေးလိုပါကြောင်း။

ထို့ပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိတို့နိုင်ငံ RCEP ဝင်ရောက်မှုအတွက် နိုင်ငံ့စီးပွားရေး အဓိကမောင်းနှင်အားဖြစ်သည့် ပုဂ္ဂလိကကဏ္ဍ အကျိုးစီးပွားကို မြှင့်တင်ပေးနိုင်မည်ဆိုသည့် ယုံကြည်မှုကို အလေးထားသည့်အနေဖြင့် စာချုပ်ပါအခွင့်အရေးကို ပြည်သူအများ လက်တွေ့ခံစားရအောင် မိမိတို့ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ✳**

**မိန့်ခွန်းပြောကြား**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်၏ (၂၉)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးတွင် ဗီဒီယိုဖြင့် မိန့်ခွန်းပြောကြားစဉ်။



C B BANK
Best Digital Bank 2020
By ASIAMONEY
အနာဂတ် ငွေပေးချေမှု ပုံစံအသစ်
CB CARD+
The Future of Payments
Android Device များအတွက်
Mobile Tap and Pay စနစ်ဖြင့်ငွေပေးချေနိုင်ပြီ
www.cbbank.com.mm | 24h Contact Center : 01 231 777 0
Download it from GOOGLE PLAY
Download it from APP STORE


ကြေးမုံ

# အလားအလာကောင်းများ မြင့်မားရေးကြိုးပမ်း

မြန်မာနိုင်ငံတွင် ဖြစ်ပွားနေဆဲ ကိုဗစ်-၁၉ ကပ်ရောဂါပိုး ကူးစက်မှုနှုန်း ကျဆင်းလာပါက ဝမ်းမြောက်ကြရပြီး ထိုနေ့အတွက် မင်္ဂလာရှိလှပါသည်။ ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်မှုနှုန်းတိုးလာလျှင် စိုးရိမ်ပူပန်မှုဖြစ်ကြရပြီး ထိုနေ့အတွက် စိတ်မချမ်းမသာဖြစ်ကြရပါသည်။ ထို့ကြောင့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး စည်းမျဉ်းစည်းကမ်းများကို အသိတရားဖြင့်သတိထားပြီး ကိုယ်စီလိုက်နာခြင်းဖြင့် ပြည်သူများ စိတ်ချမ်းသာအောင် ဆောင်ကြဉ်းပေးသင့်ပေသည်။

ယခုအခါ ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနှုန်းမှာ မြန်မာနိုင်ငံအနေဖြင့် တဖြည်းဖြည်းကျဆင်းလာသည့် သဘောရှိသဖြင့် အများပြည်သူတို့ စိတ်ချမ်းသာမှုရနိုင်လိမ့်မည်ဟု မျှော်လင့်ရပါသည်။ ဒီဇင်ဘာလ ၁၉ ရက်နေ့နှင့် ၂၀ ရက်နေ့တို့တွင် ရောဂါပိုးတွေ့သူ လူတစ်ထောင်အောက်သာ ရှိသဖြင့် ကူးစက်မှုနှုန်း ကျဆင်းသည်ဟု ဆိုနိုင်သည်။ ယခုရက်သတ္တပတ်တွင် ဓာတ်ခွဲစစ်ဆေးရောဂါပိုးတွေ့ရှိမှုနှုန်းမှာ ခြောက်ရာခိုင်နှုန်းကျော်ရှိရာမှ ရက်အလိုက် ကျဆင်းလာပြီး လူတစ်ထောင်အောက် လေးရာခိုင်နှုန်းကျော် ဖြစ်လာသည်ကို တွေ့ရသည်။

ယခုရောဂါပိုးတွေ့ရှိမှုအနေအထားမှာ ဆေးရုံများ၌ အနံ့မရသူများ၊ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများ၊ အသွားအလာကန့်သတ်ထားရှိသူများနှင့် စောင့်ကြည့်လူနာများ၏ ဓာတ်ခွဲနမူနာများအား ရယူစစ်ဆေးရာမှ တွေ့ရှိခြင်းဖြစ်သည်။ လုပ်ငန်းစဉ်များ၏ တိုးတက်ဖြစ်ပေါ်မှုကို တိုင်းတာရာတွင် ကိန်းဂဏန်းအချက်အလက် မှန်ကန်မှုသည် အလွန်အရေးကြီးသဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်လျှင် သတ်မှတ်ထားသည့် ဆေးရုံ၊ ဆေးခန်းများတွင် တရားဝင်စစ်ဆေးပြီး အတည်ပြုမှု ယူကြရမည်ဖြစ်သည်။

လက်ရှိကာလ၌ မြန်မာနိုင်ငံတွင် ရောဂါဖြစ်ပွားနှုန်း ကျဆင်းလာသည်မှာ အမှန်ဖြစ်သည်။ အထူးသဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍတွင် အဓိကကျသည့် ရန်ကုန်မြို့တော်၌ ရောဂါဖြစ်ပွားနှုန်း ကျဆင်းလာသည်မှာ ဝမ်းမြောက်စရာဖြစ်သည်။ ရန်ကုန်မြို့သည် လူဦးရေအထူထပ်ဆုံး၊ အကျယ်ဝန်းဆုံး၊ စီးပွားရေးအကောင်းဆုံး မြို့ကြီးဖြစ်၍ ရန်ကုန်မြို့၏ လူမှုစီးပွားကဏ္ဍ အခြေအနေကောင်းလျှင် တစ်နိုင်ငံလုံးကောင်းလာနိုင်သည့် သဘောသဘာဝ ရှိသည်။ ယခုအခါ ရန်ကုန်မြို့တော်၌ ရောဂါဖြစ်ပွားနှုန်းကျဆင်းလာပြီး မန္တလေး၊ ပဲခူး၊ ဧရာဝတီနှင့် နယ်မြို့များတွင် ရောဂါဖြစ်ပွားနှုန်းတက်လာသော်လည်း တစ်နိုင်ငံလုံးအတိုင်းအတာအရ ရောဂါဖြစ်ပွားနှုန်း ကျဆင်းလာသည်။

ရောဂါကာကွယ်ရေးနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ဆက်စပ်ဌာနများက အသိပေးနေခြင်းသာမက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ အချက်များကို ပြည်သူသို့ မကြာခဏ အစီရင်ခံတင်ပြပေးလျက်ရှိသည်။ ပြည်သူများ၏ အလိုလားဆုံးဆန္ဒဖြစ်သည့် လူမှုစီးပွားအခြေအနေများ ပုံမှန်လည်ပတ်မှုဖြစ်လာစေရန် အထူးသတိထားလိုက်နာစေရေး နေ့စဉ်အသိပေးလျက်ရှိသည်။ ယခုအချိန်ကာလသည် ကိုဗစ်-၁၉ ရောဂါကို ထိန်းချုပ်နိုင်ရေးအတွက် အထူးဂရုစိုက်ဆောင်ရွက်ရတော့မည့် အချိန်ဖြစ်သည်။ မကြာမီကာလတွင် နှစ်သစ်သို့ ကူးပြောင်းတော့မည့်အချိန်အခါဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးလည်း ရရှိလာတော့မည့်အချိန်အခါ ဖြစ်သည်။ နိုင်ငံ၏ စီးပွားရေး ပြန်လည်ဦးမော့လာအောင် အားယူရမည့်အချိန်အခါလည်း ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် သက်ဆိုင်ရာအဖွဲ့အစည်းများက မျက်နှာ၊ ပါးစပ်၊ နှာခေါင်း အကာအကွယ်တပ်ပါ။ လက်ကို ခဏခဏ ဆေးပါ။ ခပ်ခွာခွာနေထိုင်ပါတို့ကို မကြာခဏအသိပေးနေခြင်း ဖြစ်သည်။ ယခုအခါ ရန်ကုန်မြို့နေပြည်သူများမှာ အသိတရားဖြင့် နားလည်လိုက်နာမှုရှိလာသည်ဟုဆိုလျှင် ဆိုနိုင်သည့် ဖော်ပြပါအချက်များကို ပိုမိုလိုက်နာလာမှုရှိသောကြောင့် ရောဂါဖြစ်ပွားနှုန်းကျဆင်းလာသည်ကို စာရင်းဇယားများအရ သိရှိလာပြီဖြစ်သည်။ အကောင်းဆုံးမှာ ပြင်ပနှင့်ထိတွေ့မှု၊ မိမိကိုယ်ကို သတိထားမှု၊ ပတ်ဝန်းကျင်ကို သတိမူမှုတို့ကို ပိုမိုအားထုတ်လိုက်သည်နှင့် ရောဂါဖြစ်နှုန်းလည်း သိသိသာသာ ကျဆင်းလာမည်ဖြစ်သည်။

သို့ဖြစ်ရာ ကိုဗစ်-၁၉ ရောဂါ အဖြစ်အများဆုံးဖြစ်ခဲ့သည့် ရန်ကုန်မြို့တွင် ရောဂါဖြစ်ပွားနှုန်း ကျဆင်းလာသည်ကို ယခုရက်သတ္တပတ်အတွင်းတွေ့လာရာ ဖြစ်ပွားနှုန်းမတက်ဘဲ ဆက်လက်ကျဆင်းလာနိုင်ရေးနှင့် သေဆုံးမှုလျော့ကျရေးတို့အတွက် ပြင်ပတွင် ထိတွေ့သွားလာနေကြသူများက မိမိနေအိမ်နှင့် ပတ်ဝန်းကျင်ရှိ ရောဂါအခံကြီးကြီးမားမားရှိသူများ၊ ရောဂါအခံရှိသူ သက်ကြီးရွယ်အိုများ အသက်အန္တရာယ်မဖြစ်စေရေးအတွက် သတိမူဆင်ခြင်နေထိုင်ပေးကြပါရန် အသိပေးအပ်ပါကြောင်း။ ။

## ၂၀၂၁ ခုနှစ်၊ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး "စုပေါင်းအင်အား"ဖြင့် ကာကွယ်စောင့်ရှောက်ရေး၊

(၂) လူမှုဆက်ဆံရေးတရားမျှတမှု၊ စီးပွားရေးတရားမျှတမှု၊ နိုင်ငံရေးတရားမျှတမှု၊ အဆင့်အတန်းညီမျှမှု၊ အခွင့်အလမ်းညီမျှမှု၊ တရားဥပဒေရေးရာညီမျှမှုတို့ကို နိုင်ငံသားအားလုံး တန်းတူရည်တူရရှိခံစားရေး၊

(၃) စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုဖြစ်စေရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး၊

(၄) ပြည်ထောင်စုကြီး ထာဝရတည်တံ့ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်မွေးမြူ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊

(၅) နိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်၍ ပြည်သူတစ်ရပ်လုံး ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို အစိုးရ၊ ပြည်သူလူထုအားလုံးပါဝင်ပြီး စုပေါင်းအားဖြင့် ရင်ဆိုင်ကျော်လွှားရေး၊

## ၂၀၂၁ ခုနှစ် နှစ်သစ်ကူးတရားအလှူတော်ဓမ္မသဘင် အွန်လိုင်းစနစ်ဖြင့် တိုက်ရိုက်ထုတ်လွှင့်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပမည့် ၂၀၂၁ ခုနှစ် နှစ်သစ်ကူး တရားအလှူတော် ဓမ္မသဘင်အား ၁၃၈၂ ခုနှစ် နတ်တော်လပြည့်ကျော် ၃ ရက်မှ ၉ ရက်အထိ (၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၇ ရက်အထိ) ခုနစ်ရက်တိုင်တိုင် အွန်လိုင်းစနစ်ဖြင့် တိုက်ရိုက်ထုတ်လွှင့် ပြသသွားမည်ဖြစ်သည်။

အဆိုပါ အွန်လိုင်းတရားပွဲကြီး၌ ဆရာတော်ကြီး ခုနစ်ပါးက တရားရေအေးအမြိုက်ဆေး တိုက်ကျွေးမည်ဖြစ်ကြောင်း ၂၀၂၁ ခုနှစ် နှစ်သစ်ကူး တရားအလှူတော်ဓမ္မသဘင် ဖြစ်မြောက်ရေးကော်မတီမှ သိရသည်။

၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဘိဓဇ မဟာရဋ္ဌဂုရု ဗန်းမော်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသကလည်းကောင်း၊ ဇန်နဝါရီ ၂ ရက်တွင် သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရကလည်းကောင်း၊ ဇန်နဝါရီ ၃ ရက်တွင် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသက လည်းကောင်း၊ ဇန်နဝါရီ ၄ ရက်တွင် ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသက လည်းကောင်း၊ ဇန်နဝါရီ ၅ ရက်တွင် ဓမ္မဘေရီ ဘဒ္ဒန္တဝီရိယကလည်းကောင်း၊ ဇန်နဝါရီ ၆ ရက်တွင် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက ကလည်းကောင်း၊ ဇန်နဝါရီ ၇ ရက်တွင် ဆရာတော် အရှင်ရာဇိန္ဒ(ရဝေနွယ်-အင်းမ) တို့ကလည်းကောင်း ဟောကြားပေးသွားမည်ဖြစ်ရာ ဆရာတော်ကြီးများ၏ နေ့အလိုက် ဟောကြားမှုအစီအစဉ်အား ရုပ်/သံလိုင်းများဖြစ်သော MRTV4 (မဟာဗောဓိ) Channel၊ SkyNet Buddha Channel နှင့် Fortune TV တို့မှတစ်ဆင့် တိုက်ရိုက် (Live) ထုတ်လွှင့်ကာ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ကာလဒါန မဟာအလှူတော်ကြီးအတွက် လှူဒါန်းလိုပါက ဘဏ်အကောင့် (သို့မဟုတ်) KBZ Pay, AYA pay, Wave Pay တို့မှတစ်ဆင့် လှူဒါန်းနိုင်ကြောင်းသိရသည်။ KBZ Bank-22530200500230601 ၊ AYA Bank-0053222010004579 နှင့် SHWE Bank-13010020020079200015 တို့သို့လည်းကောင်း၊ ဦးစိုးနိုင် K pay - 09785001238၊ ဦးတိုးဝေဝင်း Wave - 09799684228 နှင့် ဦးစံမင်း AYA pay - 09963073777 တို့မှတစ်ဆင့်လည်းကောင်း လှူဒါန်းနိုင်ကြောင်း ၂၀၂၁ ခုနှစ် နှစ်သစ်ကူး တရားအလှူတော် ဓမ္မသဘင် ဖြစ်မြောက်ရေးကော်မတီမှ သိရသည်။

အဆိုပါ၂၀၂၁ခုနှစ် နှစ်သစ်ကူး တရားအလှူတော်ဓမ္မသဘင် ကျင်းပရန်အတွက် အကြိုညှိနှိုင်းအစည်းအဝေးကို Zoom Meeting ဖြင့် ဒီဇင်ဘာ ၁၂ ရက်ကလည်းကောင်း၊ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို Zoom Meeting ဖြင့် ဒီဇင်ဘာ ၁၅ ရက်ကလည်းကောင်း ပြုလုပ်ခဲ့ရာ နှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင်ကျင်းပရေးကော်မတီ နာယက၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဥက္ကဋ္ဌ ဦးရှိန်ဝင်းနှင့် နှစ်သစ်ကူး တရားအလှူတော် ဓမ္မသဘင် ဖြစ်မြောက်ရေးကော်မတီမှ တာဝန်ရှိသူများက ကြိုတင်ပြင်ဆင်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများအတွက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ပွင့်သစ္စာ**

## လေးမျက်နှာမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ကျေးရွာကော်မတီဝင် ရွေးချယ်

**လေးမျက်နှာ ဒီဇင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း မိတ်ဆက်ခြင်းနှင့် ကျေးရွာကော်မတီဝင်ရွေးချယ်ခြင်း အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ပိန်းအင်းကျေးရွာအုပ်စု အလုံးကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးကျော်သူက ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းအား မိတ်ဆက်ရှင်းလင်းပြီး ကော်မတီဝင်ရွေးချယ်ခြင်းကိုဆောင်ရွက်ကြသည်။

မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို ကျေးရွာခုနစ်ရွာတွင် ဆောင်ရွက်မည်ဖြစ်ပြီး ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၁၀၀ စီဖြင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်နိုင်မည် ဖြစ်သဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို များစွာ အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**ဝေဝေ(လေးမျက်နှာ)**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အငယ်တန်း** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **သတင်းထောက်များ** | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| **သတင်းထောက်မှူး** | - ဦးမြင့်စိုး | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်မေလှဲ့သင်း၊ | | ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | **ဓာတ်ပုံသတင်းထောက်** | - ဦးခင်မောင်ဝင်း |
| | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်စာတည်းများ** | - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | **စာပြင်** | - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| **အကြီးတန်း** | - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့်အဖွဲ့ |
| **သတင်းထောက်များ** | ဒေါ်နေဇာဇာထွန်း | **အီးမေးလ်နှင့် အွန်လိုင်း** | - ဒေါ်အေးအေးသင်း၊ ဒေါ်ဇာရည်မွန်နှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (၂၉)ကြိမ်မြောက်၊ နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားသည့် ဗီဒီယိုမိန့်ခွန်း

(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၀ ရက်)

ဒီကနေ့အခမ်းအနားကို တက်ရောက်လာတဲ့ ဧည့်သည်တော်များအားလုံးကို နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ဆုတောင်းမေတ္တာပို့ပါတယ်။

ဒီကနေ့ကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)ရဲ့ (၂၉)ကြိမ်မြောက်၊ နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးပဲ ဖြစ်ပါတယ်။

အားလုံးသိထားပြီးဖြစ်တဲ့အတိုင်း ပုဂ္ဂလိကကဏ္ဍဟာ နိုင်ငံတော် စီးပွားရေးရဲ့ အဓိကကျတဲ့ မောင်းနှင်မှုတစ်ရပ်ပဲ ဖြစ်ပါတယ်။ UMFCCI အနေနဲ့ ပုဂ္ဂလိကကဏ္ဍကို ဦးဆောင်ပြီး နိုင်ငံတော်နဲ့ ပြည်သူလူထုအတွက် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ပါဝင်ကြတဲ့အတွက် အထူးတန်ဖိုးထားပါကြောင်း ပဏာမအနေနဲ့ ပြောချင်ပါတယ်။

ဒီကနေ့ နိုင်ငံတော်က ကြိုးပမ်းဆောင်ရွက်နေတဲ့ အသေးစား၊ အငယ်စားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့၊ မြန်မာ့စီးပွားရေးလုပ်ငန်းတွေကို ပြည်တွင်းမှာသာမက နိုင်ငံတကာ ဈေးကွက်တွေအထိပါ ဖြန့်ကြက်ထိုးဖောက်နိုင်ဖို့၊ ဒီဂျစ်တယ်စီးပွားရေးစနစ် ဖွံ့ဖြိုးတိုးတက်စေဖို့၊ အဂတိလိုက်စားမှု တိုက်ဖျက်နိုင်ဖို့ စတဲ့လုပ်ငန်းတွေမှာ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ခဲ့တာတွေကို မှတ်တမ်းတင်အပ်ပါတယ်။

အခုလို COVID-19 ကပ်ရောဂါကာလမှာ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်တွေအပြင် စားနပ်ရိက္ခာလှူဒါန်းခြင်း၊ ကုန်ဈေးနှုန်းထိန်းချုပ်ခြင်း၊ ကုန်ပစ္စည်းများ မပြတ်လပ်အောင် ဆောင်ရွက်ပေးခြင်း စတဲ့လုပ်ငန်းတွေကိုလည်း UMFCCI နဲ့ ညီနောင်အသင်းအဖွဲ့တွေက သက်ဆိုင်ရာကဏ္ဍအသီးသီးက ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့တာတွေကလည်း ကျွန်မတို့ရဲ့ ပြည်သူလူထုအတွက် အထောက်အကူ ဖြစ်စေခဲ့ပါတယ်။ ဒီလို ကောင်းမြတ်တဲ့ အစဉ်အလာတွေကို ဆက်လက်ထိန်းသိမ်းထားပြီး နိုင်ငံတော်ရဲ့ အရေးကိစ္စမှန်သမျှကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုတွေ ပိုမိုမြှင့်တင် ကြိုးပမ်းသွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

ကျွန်မတို့ နိုင်ငံအနေနဲ့ COVID-19 ကပ်ရောဂါကြောင့် စိန်ခေါ်မှုတွေ ကြုံတွေ့နေရပေမယ့်လည်း စီးပွားရေးနဲ့ ဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းတွေ ရှိနေတုန်းပါပဲ။ ကျွန်မတို့နိုင်ငံ တည်ရှိနေတဲ့ အာရှဒေသဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အမြန်ဆုံးဒေသတွေထဲမှာ ပါဝင်နေခဲ့ပါတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတွေလို့ဆိုရာမှာ ဖွံ့ဖြိုးပြီး အနောက်နိုင်ငံတွေကိုပဲ အများစုညွှန်းဆိုလေ့ရှိခဲ့ကြပေမယ့် အာရှဒေသအတွင်းမှာလည်း ဖွံ့ဖြိုးတိုးတက်မှုတွေ အမှန်တကယ် ဖြစ်ပေါ်နေပါပြီ။ အာရှဒေသထဲက မြန်မာနိုင်ငံအနေနဲ့လည်း တိုးတက်မှုတွေ ဖြစ်ပေါ်ရရှိလာခဲ့ပါတယ်။

ဒီလိုမျိုး တိုးတက်မှုတွေ ရရှိလာခဲ့တာကို ပြန်ကြည့်ရင် အဝတ်အထည်နဲ့ ချည်ထည်လိုမျိုး လုပ်သားအခြေပြု ကုန်ထုတ်လုပ်ငန်းတွေ၊ ပို့ကုန်အခြေပြု ကုန်ထုတ်လုပ်ငန်းတွေကြောင့်ဖြစ်တာကို တွေ့ရှိရပါတယ်။ ဒေသတွင်းနိုင်ငံတွေမှာ ကုန်ထုတ်လုပ်ငန်းတွေ ဆောင်ရွက်ကြရာမှာ ကုန်ကျစရိတ် မြင့်တက်လာမှုကြောင့် ရင်းနှီးမြှုပ်နှံသူတွေဟာ ကုန်ပစ္စည်းတွေ ထုတ်လုပ်နိုင်ဖို့ ပိုပြီးကောင်းမွန်တဲ့နေရာဒေသတွေကို ရွေးချယ်လာကြပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ မဟာဗျူဟာကျကျ တည်ရှိမှုနဲ့ အာရှဒေသအတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်လျက်ရှိတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နေမှု စတဲ့ ကောင်းမွန်တဲ့လက္ခဏာရပ်တွေကြောင့် မလွဲမသွေ ရွေးချယ်ရင်းနှီးမြှုပ်နှံရမယ့် နေရာဒေသတစ်ခုအဖြစ် ထည့်သွင်းစဉ်းစားလာကြမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်မတို့နိုင်ငံဘက်ကလည်း ရင်းနှီးမြှုပ်နှံမှုတွေ စီးဝင်လာအောင် အခြေအနေကောင်းတွေ ဖန်တီးပေးနိုင်ဖို့ အရေးကြီးပါတယ်။

ဒါ့ကြောင့်လည်း နိုင်ငံတော်အစိုးရအနေနဲ့ တာဝန်ယူမှုရှိပြီး အရည်အသွေးပြည့်ဝရုံသာမက စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေမယ့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတွေကို ဆွဲဆောင်နိုင်ဖို့ ပွင့်လင်းမြင်သာ၊ ရိုးရှင်းလွယ်ကူ၊ ကြိုတင်ခန့်မှန်းနိုင်ပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကောင်းတစ်ရပ်ကို ဖော်ဆောင်ပေးနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒီလို ကြိုးပမ်းဆောင်ရွက်ခဲ့တာတွေရဲ့ ရလဒ်ကောင်းအဖြစ် ကမ္ဘာ့ဘဏ်က ထုတ်ပြန်ခဲ့တဲ့ စီးပွားရေးလုပ်ကိုင်ရာမှာ လွယ်ကူချောမွေ့မှု ဆောင်ရွက်နိုင်မှုအစီရင်ခံစာ (၂၀၂၀)မှာ မြန်မာနိုင်ငံရဲ့ “စီးပွားရေးလုပ်ဆောင်ရာတွင် လွယ်ကူချောမွေ့မှု ဆောင်ရွက်နိုင်မှုအဆင့်” ကို အရင်နှစ်က အဆင့် (၁၇၁)သတ်မှတ်ခဲ့ရာကနေ ဒီမှာတော့ (၁၆၅) အဖြစ် သတ်မှတ်ခံခဲ့ရပါတယ်။ အဆင့်(၆)ဆင့် တိုးတက်လာခဲ့တဲ့အပြင် တိုးတက်မှုအရှိဆုံး နိုင်ငံ(၂၀) စာရင်းမှာလည်း ပါဝင်လာခဲ့ပါတယ်။

အခု ဘဏ္ဍာရေးနှစ်အတွင်း ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီးဝင်မှုမှာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၇ ဘီလီယံနီးပါး ရှိတဲ့အတွက် မြန်မာ့ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံကိန်း (MIPP)အရ ဒီနှစ် မျှော်မှန်းချက်ရဲ့ ၉၈ ရာခိုင်နှုန်းနီးပါး ရရှိပြီးဖြစ်ပါတယ်။ လက်ရှိအချိန်မှာလည်း ဒေသတွင်းက ဂျပန်၊ ထိုင်း၊ တောင်ကိုရီးယားနဲ့ စင်ကာပူလိုမျိုး မိတ်ဖက်နိုင်ငံတွေကနေ ရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုစီးဝင်နေပြီး အမေရိကန်နဲ့ ဥရောပနိုင်ငံတွေရဲ့ ရင်းနှီးမြှုပ်နှံမှုတွေလည်း ဆက်လက်ဝင်ရောက်နေဆဲ ဖြစ်ပါတယ်။



**COVID-19 အလွန် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းရေး**

ကျွန်မတို့ နိုင်ငံအနေနဲ့ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေနဲ့ ကြုံတွေ့နေရတဲ့ အခုလို ကပ်ရောဂါကာလမှာ အစိုးရ-ပုဂ္ဂလိက ကဏ္ဍနှစ်ရပ်ရဲ့ စစ်မှန်ခိုင်မာတဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ဒီထက်ပိုပြီး မြှင့်တင်ဖို့ လိုအပ်ပါတယ်။ COVID-19 ကပ်ရောဂါဟာ ကျွန်မတို့အားလုံးရဲ့ ရောင်းဝယ်မှုပုံစံတွေ၊ ကုန်ပစ္စည်းထုတ်လုပ်မှုပုံစံတွေကို ပြောင်းလဲသွားစေခဲ့ပါတယ်။ ဒါ့ကြောင့် COVID-19 အလွန် အနာဂတ်ကာလမှာ ကျွန်မတို့ ပုံဖော်တည်ဆောက်ချင်တဲ့ စီးပွားရေးဝန်းကျင်တစ်ရပ်ကို ဖော်ဆောင်နိုင်ဖို့အတွက် လိုအပ်တဲ့အစီအမံတွေကို အလေးပေးဦးတည်ဆောင်ရွက်ကြဖို့ ပိုပြီးအရေးကြီးလာပြီဆိုတာကို ပြောချင်ပါတယ်။

**အမျိုးသမီးများ ဦးဆောင်သော အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး**

အမျိုးသမီး စီးပွားရေးလုပ်ငန်းရှင်တွေအတွက် လုပ်သာကိုင်သာရှိတဲ့ စီးပွားရေးဝန်းကျင်ကောင်းတစ်ရပ် ဖန်တီးပေးနိုင်ရေးဟာ COVID-19 အလွန်မှာ ပိုပြီး အရေးပါလာ၊ ရှေ့တန်းရောက်လာတော့မှာ ဖြစ်ပါတယ်။

ကမ္ဘာတစ်ဝန်းမှာ နှစ်စဉ်ကျင်းပလေ့ရှိတဲ့ **“အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာကာလလှုပ်ရှားမှု”** ကို အသိအမှတ်ပြုဂုဏ်ပြုတဲ့အနေနဲ့ အခုလို COVID-19 ကာလအတွင်းမှာ အမျိုးသမီးတွေ ဦးဆောင်ပါဝင်တဲ့ အသေးစား၊ အငယ်စားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေ တည်ထောင်နိုင်ဖို့၊ လုပ်ငန်းတွေ ချဲ့ထွင်ဆောင်ရွက်နိုင်ဖို့အတွက် လိုအပ်တဲ့ ပံ့ပိုးကူညီမှုတွေ ဆောင်ရွက်ပေးကြဖို့ အလေးထားပြောကြားလိုပါတယ်။ ဒီလိုမျိုးအရေးပါတဲ့ ပံ့ပိုးကူညီမှုတွေကို လက်ရှိအခြေအနေမှာ မြန်မာစီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးများကွန်ရက်က ဆောင်ရွက်ပေးနေတာတွေကိုလည်း အားရမိပါတယ်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့တဲ့ ဒုတိယအကြိမ် မြန်မာ့ရင်းနှီးမြှုပ်နှံမှုမူဝါဒ သုံးသပ်ချက်မှာ ကမ္ဘာ့ဘဏ်ရဲ့ စီးပွားရေးလုပ်ငန်းတွေများစွာဆောင်ရွက်ရာမှာ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်မှု အဆင့်သတ်မှတ်ချက်တွေအနက် “စီးပွားရေးလုပ်ငန်းတစ်ခု စတင်နိုင်မှု အဆင့်သတ်မှတ်ချက်”ကို မြန်မာနိုင်ငံအနေနဲ့ အဆင့်(၁၇၀)ကနေပြီးတော့ အဆင့်(၇၀)အထိ တိုးတက်ရရှိအောင် လေးနှစ်အတွင်း ဆောင်ရွက်နိုင်ခဲ့ပြီး အရှိန်အဟုန်မြင့် တိုးတက်မှုများရရှိခဲ့ကြောင်း ဖော်ပြထားပါတယ်။

မကြာခင် ထွက်ပေါ်လာတော့မယ့် “မြန်မာ့စီးပွားရေးထိခိုက်မှုဒဏ်ခံနိုင်ရေး ပြုပြင်ပြောင်းလဲမှုစီမံချက်” (MERRP)မှာလည်း ကျား၊ မ တန်းတူညီမျှမှုရှိစေရေးနဲ့ နိုင်ငံစီးပွားရေး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေ ဖော်ဆောင်ရာမှာ အမျိုးသမီးတွေရဲ့ အရေးပါတဲ့ ပူးပေါင်းပါဝင်မှုအခန်းကဏ္ဍကို အလေးထားပြီး ထည့်သွင်းချမှတ်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

**ဒီဂျစ်တယ်စနစ် အသွင်ကူးပြောင်းမှုနှင့် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု(RCEP)**

COVID-19 ရောဂါဟာ ဒီဂျစ်တယ်စနစ် အသွင်ကူးပြောင်းမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ဖို့ လိုအပ်ချက်နဲ့ ဒီဂျစ်တယ်စနစ်ရဲ့ အရေးပါမှုကို မီးမောင်းထိုး ပြသနေပါတယ်။ ဒီဂျစ်တယ်စနစ် အသွင်ကူးပြောင်းမှုဆောင်ရွက်တဲ့အခါ ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်မှုနဲ့ စွမ်းဆောင်ရည်တွေဟာ ကျွန်မတို့နိုင်ငံရဲ့ ကာလရှည်ကြာ အောင်မြင်မှုအတိုင်းအတာကို အဆုံးအဖြတ်ပေးနိုင်မယ့် အချက်တစ်ခုလည်း ဖြစ်ပါတယ်။

အခုဆိုရင် ပိုမိုမြန်ဆန်တဲ့ ဒီဂျစ်တယ်စနစ်အသွင်ကူးပြောင်းမှုကို အကောင်အထည်ဖော်နိုင်ဖို့အတွက် အစိုးရနဲ့ ပြည်သူတွေအကြား၊ အစိုးရနဲ့ စီးပွားရေးလုပ်ငန်းတွေအကြား၊ စီးပွားရေးလုပ်ငန်းတစ်ခုနဲ့ တစ်ခုအကြား၊ ပြည်သူတစ်ဦးနဲ့တစ်ဦးအကြား ကုန်ပစ္စည်းနဲ့ ဝန်ဆောင်မှုတွေကို ဝယ်လိုအားနဲ့ ရောင်းလိုအားနဲ့အညီ ဒီဂျစ်တယ်နည်းပညာတွေသုံးပြီး ရောင်းဝယ်၊ ငှားရမ်း၊ ဖလှယ်နိုင်ရေးအတွက် တစ်ခုတည်းသော ဒီဂျစ်တယ်ပလက်ဖောင်းစနစ်ကို နိုင်ငံတော်က ဦးစီးပြီး ပုဂ္ဂလိက စီးပွားရေးအဖွဲ့အစည်းများနဲ့ ပေါင်းစပ်အကောင်အထည်ဖော်ဖို့ ဆောင်ရွက်နေပါတယ်။

ဒေသတွင်း နိုင်ငံအများစုအနေနဲ့ ဒီဂျစ်တယ်စီးပွားရေးစနစ်ကို ကူးပြောင်းနေကြပြီဖြစ်ပေမယ့် ကျွန်မတို့ရဲ့ အသေးစား၊ အငယ်စားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းအများစုကတော့ နောက်ကျကျန်ရစ်ခဲ့နေဆဲပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် မြန်မာ့အသေးစား၊ အငယ်စားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေအနေနဲ့ ဒီဂျစ်တယ်နည်းပညာတွေအသုံးပြုပြီး နိုင်ငံတကာကို လုပ်ငန်းတွေ ချဲ့ထွင်သွားကြဖို့လည်း တိုက်တွန်းပြောကြားလိုပါတယ်။

ထိရောက်မှုရှိပြီး မှန်ကန်ကောင်းမွန်တဲ့ ပံ့ပိုးမှုတွေ၊ ပူးပေါင်းဆောင်ရွက်မှုတွေနဲ့ မြန်မာ့အသေးစား၊ အငယ်စားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းတွေဟာ ၂၁ ရာစု ဒီဂျစ်တယ်နည်းပညာအသစ်တွေကို အသုံးပြုပြီး နိုင်ငံတကာကို ဖြန့်ကြက်ထိုးဖောက်နိုင်ဖို့လည်း ကျွန်မအနေနဲ့ မျှော်လင့်ပါတယ်။ ပုဂ္ဂလိကလုပ်ငန်းရှင်တွေအနေနဲ့ ဈေးကွက်ဖြန့်ချိရာမှာ ကြုံတွေ့နေရတဲ့ အခက်အခဲတွေကို ကျော်လွှားနိုင်ဖို့ နိုင်ငံတော်အစိုးရအပိုင်းက တတ်စွမ်းသမျှ ကူညီဆောင်ရွက်ပေးသွားမှာလည်း ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ နိုဝင်ဘာလ ၁၅ ရက်နေ့က RCEP လို့ အများသိတဲ့ ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုစာချုပ်ကို ကျွန်မတို့နိုင်ငံ ပါဝင်လက်မှတ်ရေးထိုးခဲ့ပါတယ်။ ဒီစာချုပ်က ကမ္ဘာ့လူဦးရေရဲ့ ၃၀ ရာခိုင်နှုန်းကျော်နဲ့ ကမ္ဘာ့စီးပွားရေးပမာဏရဲ့ ၃၀ ရာခိုင်နှုန်း၊ ကမ္ဘာ့ကုန်သွယ်မှုပမာဏရဲ့ ၂၉ ရာခိုင်နှုန်းကို ကိုယ်စားပြုတာကြောင့် ကမ္ဘာ့အကြီးဆုံး ကုန်သွယ်ရေးနယ်မြေတစ်ခုအဖြစ် တင်စားခေါ်ဝေါ်ကြပါတယ်။ ဒီနေ့ခေတ် ပထဝီနိုင်ငံရေးအခြေအနေနဲ့၊ ကမ္ဘာ့ကုန်သွယ်မှု အခင်းအကျင်းတွေကို လေ့လာကြည့်မယ်ဆိုရင်၊ စီးပွားရေးအင်အားကြီးနိုင်ငံတွေအကြား ကုန်သွယ်ရေးတင်းမာမှုတွေ ရှိနေသလို ကိုယ်ကျိုးစီးပွား ကာကွယ်တဲ့ အစီအစဉ်တွေကို ချမှတ်လုပ်ဆောင်နေတာကိုလည်း တွေ့မြင်ရမှာဖြစ်ပါတယ်။ ဒါကြောင့် စည်းမျဉ်းအခြေခံတဲ့ နိုင်ငံစုံကုန်သွယ်မှုစနစ် ပြန်လည်အားကောင်းအောင် ဆောင်ရွက်ဖို့ အရေးတကြီး လိုအပ်နေတာဖြစ်ပါတယ်။ ဒီလို ကမ္ဘာ့စီးပွားရေးရဲ့ နောက်ခံ အနေအထားမှာ ကျွန်မတို့ နိုင်ငံလို စီးပွားရေးအင်အား သေးငယ်တဲ့ နိုင်ငံတစ်ခုအနေနဲ့ သီးခြားရပ်တည်ပြီး နိုင်ငံတကာနဲ့ စီးပွားရေးဆက်ဆံလုပ်ကိုင်ဖို့ အခက်အခဲတွေ အများကြီးရှိပါတယ်။ RCEP ကို ဝင်ရောက်ခဲ့တဲ့အတွက် နိုင်ငံ့စီးပွားရေးရဲ့ အဓိကမောင်းနှင်အားဖြစ်တဲ့ ပုဂ္ဂလိကကဏ္ဍ အကျိုးစီးပွားကို မြှင့်တင်ပေးနိုင်မယ်လို့ ယုံကြည်ထားပါတယ်။ စာချုပ်ကပေးတဲ့ အခွင့်အရေးတွေကို ပြည်သူတွေ လက်တွေ့ခံစားရရှိလာအောင် အစိုးရနဲ့ ပုဂ္ဂလိက ကဏ္ဍနှစ်ရပ် ဟန်ချက်ညီညီ၊ အင်အားကောင်းကောင်းနဲ့ ပူးပေါင်းဆောင်ရွက်သွားကြဖို့ ပြောကြားလိုပါတယ်။

**နိဂုံး**

ကျွန်မတို့ ပြည်သူတွေရဲ့ လူမှု-စီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနဲ့ ပုဂ္ဂလိက အတူတကွ လက်တွဲပူးပေါင်းဆောင်ရွက်သွားကြဖို့ အလေးအနက်ထား ထပ်လောင်းပြောကြားလိုပါတယ်။ အခုလို အစိုးရ-ပုဂ္ဂလိက ကဏ္ဍနှစ်ရပ် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုနက်ရှိုင်းခိုင်မာစွာ တည်ဆောက်နိုင်မယ်ဆိုရင် အလုပ်အကိုင် အခွင့်အလမ်းသစ်တွေ၊ စီးပွားရေးဆိုင်ရာ အခွင့်အလမ်းသစ်တွေ ဖော်ထုတ်ပေးနိုင်မှာဖြစ်ပြီး ရေရှည်တည်တံ့တဲ့ ဖွံ့ဖြိုးတိုးတက်မှု၊ သာယာဝပြောမှုတွေကို ကျွန်မတို့ ပြည်သူတွေအတွက် ဖော်ဆောင်ပေးနိုင်မယ်လို့လည်း ယုံကြည်ထားပါတယ်။

ဒီလိုဖော်ဆောင်ပေးဖို့အတွက်လည်း UMFCCI အနေနဲ့ ပုဂ္ဂလိကကဏ္ဍ တိုးတက်ရေးအတွက် အသိပညာနဲ့ ကျွမ်းကျင်မှုတွေ ဖြန့်ဝေပေးတာတွေ၊ ဈေးကွက်ချိတ်ဆက်ဆောင်ရွက်ပေးတာတွေ၊ ဘဏ္ဍာငွေအရင်းအမြစ် ပံ့ပိုးပေးတာတွေ စတဲ့ လုပ်ငန်းစဉ်တွေကို ဆက်လက်ပြီး ဆောင်ရွက်ပေးကြဖို့ မေတ္တာရပ်ခံချင်ပါတယ်။


နိဂုံးချုပ်အနေနဲ့ ပြောလိုတာကတော့ “ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနဲ့ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်”နဲ့ ညီနောင်အသင်းတွေက အသင်းဝင်တွေအားလုံး ကျန်းမာကြပါစေ၊ အသင်းသားစုံညီအစည်းအဝေးတွေမှာ မိမိတို့စီးပွားရေးလုပ်ငန်းတွေအတွက်သာမက နိုင်ငံနဲ့ ပြည်သူတွေအတွက်ပါ လက်တွေ့ကျပြီး ထိရောက်တဲ့ ရှေ့လုပ်ငန်းစဉ်တွေ ချမှတ်နိုင်ကြပါစေ၊ အသင်းကြီးရဲ့ ရှေ့ဆက်ဆောင်ရွက်မယ့် လုပ်ငန်းစဉ်တွေမှာလည်း အောင်မြင်မှုရလဒ်ကောင်းတွေ ရရှိပိုင်ဆိုင်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်လိုက်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

၂၀၂၁ အတွက်လည်း ဆုမွန်ကောင်းတွေ အများကြီးတောင်းပြီးတော့ မေတ္တာပို့သလိုက်ပါတယ်။




ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ (၂၉)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးတွင် ဗီဒီယိုဖြင့် အမှာစကား ပြောကြားစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ (၂၉)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးတွင် ဗီဒီယိုဖြင့် အမှာစကားပြောကြားစဉ်။

* ရှေ့ဖုံးမှ

အသင်းချုပ်နှင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ယခုကဲ့သို့ ကမ္ဘာတစ်ဝန်း COVID-19 ရောဂါ ဖြစ်ပွားနေသည့်အတွက် အခက်အခဲများစွာ၊ စိန်ခေါ်မှုများစွာ ကြုံတွေ့နေရသည့်အချိန်ကာလတွင် စီးပွားရေးလုပ်ငန်းများ ပြန်လည်နိုးကြွ ရှင်သန် ရပ်တည်နိုင်ရန် နိုင်ငံတော်အစိုးရ၊ COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ် တားဆီးရေး ကုသရေးလုပ်ငန်းကော်မတီ၊ စီးပွားရေးသက်ရောက်မှုကုစားရေး ကော်မတီတို့နှင့်အတူ တက်ကြွစွာ လက်တွဲပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း။

**အထိုက်အလျောက်ပြေလည်ခဲ့**

နိုင်ငံတော်အနေဖြင့် COVID-19 ကပ်ရောဂါကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေးအပေါ် ကုစားရေးကော်မတီဖွဲ့စည်းပြီး ထိခိုက်မှုများ ကာကွယ်ဖြေလျှော့ သက်သာစေရန် ငွေကျပ် ဘီလီယံ ၃၀၀၀ နီးပါး စုစုပေါင်း GDP လေးရာခိုင်နှုန်းခန့် ကျခံသုံးစွဲပေးခြင်း၊ စီးပွားရေးမူဝါဒ လုပ်ထုံးလုပ်နည်း ဖြေလျှော့ပေးခြင်း၊ ဘဏ် အတိုးနှုန်းလျှော့ချပေးခြင်း၊ အခွန်အခများ လျှော့ပေးခြင်းနှင့် ဆိုင်းငံ့ကာလ ခွင့်ပြုခြင်း စသည့် ကူညီပံ့ပိုးမှုများကြောင့် စီးပွားရေးလုပ်ငန်းအချို့ အထိုက် အလျောက်ပြေလည်ခဲ့ကြပါကြောင်း။

ထို့ပြင် COVID ကာလ နှင့် COVID အလွန်ကာလများအတွက် စီးပွားရေး လုပ်ငန်းများ ပြန်လည်ဦးမော့လုပ်ကိုင်လာစေရန်နှင့် လုပ်ငန်းသစ်များ ဖန်တီး ဖော်ဆောင်နိုင်ရန် CERP နှင့် MERRP အစီအမံများ ချမှတ်အကောင်အထည်ဖော် ပေးမည့် အစီအစဉ်များကို အသင်းချုပ်နှင့် စီးပွားရေးလုပ်ငန်းရှင်များက ကျေးဇူး တင်ကြိုဆိုပါကြောင်း၊ လိုအပ်သည့် ပံ့ပိုးကူညီမှုများကို ဆက်လက်ညှိနှိုင်းကူညီ ပေးရန် တိုက်တွန်းမေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

**ရပ်တန့်သွားခြင်းမရှိအောင်**

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှု လက်မှု လုပ်ငန်းရှင်များအသင်းချုပ်နာယက ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက အမှာ စကားပြောကြားရာတွင် မြန်မာနိုင်ငံ၌ ကပ်ရောဂါကြောင့် စီးပွားရေးလုပ်ငန်းများ ရပ်တန့်သွားခြင်းမရှိအောင် နိုင်ငံတော်အနေဖြင့် ကုစားရေးလုပ်ငန်းအစီအစဉ် များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကပ်ရောဂါကြောင့် စီးပွားရေးထိခိုက်ခံရသောလုပ်ငန်းများ လည်ပတ်နိုင်ရေးအတွက် နိုင်ငံတော်က ချေးငွေကျပ် ဘီလီယံ ၂၀၀ မတည်၍ အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေး ပေးလျက်ရှိပါကြောင်း၊ ယနေ့အချိန်အထိ လုပ်ငန်းပေါင်း ၆၃၃၃ ခုသို့ ချေးငွေ ကျပ် ၁၆၆ ဒသမ ၅၉၆၃ ဘီလီယံ ထုတ်ချေးပေးပြီးဖြစ်ပါကြောင်း၊ ထိုသို့ ချေးငွေထုတ်ပေးရေးကို စိစစ်ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များတွင် UMFCCI က တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ပေးနေသည့်အတွက် မိမိအနေဖြင့် ကျေးဇူးတင်ရှိပါကြောင်း။

**အခွင့်အလမ်းကောင်းများ ပိုမိုရရှိလာမည်**

ယနေ့အစည်းအဝေးတွင် အချက် နှစ်ချက်ကို အဓိကထား ပြောကြားလိုပါ ကြောင်း၊ COVID-19 ကပ်ရောဂါကာလနှင့် နောက်ပိုင်းကာလများတွင် မြန်မာ့ စီးပွားရေး နာလန်ထူနိုင်ရုံသာမက ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် အစိုးရနှင့်ပုဂ္ဂလိက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ရန်ဆိုသည့် အချက်တို့ဖြစ်ပါကြောင်း၊ COVID-19 ကပ်ရောဂါကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းစီးပွားရေး နှင့်ပတ်သက်၍ စိန်ခေါ်မှုများရှိခဲ့သော်လည်း မိမိတို့နိုင်ငံအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၅ ဒသမ ၇ ဘီလီယံနီးပါး ရရှိခဲ့ပါကြောင်း၊ လာမည့်နှစ်တွင်လည်း စိုက်ပျိုးရေး၊ လျှပ်စစ်နှင့် စက်မှုဇုန်စသည့်ကဏ္ဍများတွင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဆက်လက် ဝင်ရောက်မည့် အလားအလာကောင်းများရှိနေသည်ကို အသိပေးပြောကြား လိုပါကြောင်း၊ ထိုသို့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်လာသည်နှင့်အမျှ ရေမြင့်လျှင် ကြာတင့်ဆိုသကဲ့သို့ ပြည်တွင်းစီးပွားရေးလုပ်ငန်းများအတွက် လည်း အခွင့်အလမ်းကောင်းများ ပိုမိုရရှိလာမည်ဖြစ်ပါကြောင်း။

ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာစေရန်အတွက် လုပ်သာကိုင်သာရှိသော စီးပွားရေးဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်ရန် အရေးကြီးပါကြောင်း၊ ထိုသို့ ဖန်တီးပေးရာတွင် စက်မှုဇုန်၊ ဆိပ်ကမ်း၊ လမ်းနှင့် တံတား စသည်တို့ လိုအပ်မည်ဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးရှိ သီလဝါ အထူးစီးပွားရေးဇုန်သည် အောင်မြင်မှုရရှိနေပြီး သာဓကကောင်းအနေဖြင့် တွေ့မြင်နိုင်ပါကြောင်း၊ အလားတူ စီမံကိန်းများကိုလည်း ဆက်လက်အကောင် အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပထမဆုံးစီမံကိန်းအဖြစ် Korea-Myanmar Industrial Complex (KMIC) ကို ဒီဇင်ဘာ ၂၄ ရက်တွင် စတင်တည်ဆောက်နိုင်တော့မည်ဖြစ်ပါကြောင်း၊ ထို့နောက် ထိုင်းနိုင်ငံမှ AMATA Smart and Eco City ၊ မြန်မာနှင့်စင်ကာပူတို့ ဖက်စပ်ဆောင်ရွက်မည့် Myanmar Singapore Industrial Park ကို ဆက်လက် အကောင်အထည်ဖော်သွားမည် ဖြစ်ပါကြောင်း။

**၅၀ ရာခိုင်နှုန်းလျှော့ချ**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်တွင်း ပြည်ပ စီးပွားရေးလုပ်ငန်းများ ကုန်ကျစရိတ်သက်သာစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်လျှောက်ထားသူများအတွက် ဝန်ဆောင်စရိတ်ကို ၂၀၂၀ ပြည့်နှစ် ဧပြီလမှစတင်၍ ၅၀ ရာခိုင်နှုန်း လျှော့ချ ပေးခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံပေါင်း ၁၅ နိုင်ငံပါဝင်သော ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုစာချုပ် (RCEP)တွင် ပါဝင်လက်မှတ် ရေးထိုးခဲ့ပါကြောင်း၊ RCEP သည် ကမ္ဘာ့လူဦးရေ၏ ၃၀ ရာခိုင်နှုန်းကျော်နှင့် ကမ္ဘာ့ကုန်သွယ်မှုပမာဏ၏ ၂၉ ရာခိုင်နှုန်းကို ကိုယ်စားပြုခြင်းကြောင့် ကမ္ဘာ့ အကြီးဆုံး ကုန်သွယ်ရေးသဘောတူစာချုပ် ဖြစ်ပါကြောင်း၊ စာချုပ်ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရေရှည်တွင် မိမိတို့နိုင်ငံအတွက် အခွင့်အလမ်း ကောင်းများကို ဆောင်ကြဉ်းပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့နိုင်ငံရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ မထိခိုက်စေရေး အတွက်လည်း RCEP သဘောတူစာချုပ်ကို ညှိနှိုင်းဆွေးနွေးရာတွင် မြန်မာ ကိုယ်စားလှယ်အဖွဲ့က အထူးဂရုပြုဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ကြောင့် မြန်မာ နိုင်ငံအတွက် အသွင်ကူးပြောင်းရေးကာလကို ၃ နှစ်မှ ၁၅ နှစ်အထိ အထူးအခွင့် အရေး Special and Differential Treatment ကို ခံစားခွင့်ရရှိမည်ဖြစ်ပါ ကြောင်း၊ နိုင်ငံအတွင်း ပြုပြင်ပြောင်းလဲမှုများနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက် မှုများမှတစ်ဆင့် ပုဂ္ဂလိကကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီး ပြည်သူများ၏ လူမှု စီးပွားဘဝ တိုးမြင့်လာစေမည်ဖြစ်ပါကြောင်း။

**အခြေအနေကောင်းတစ်ခုကို ထိန်းထားနိုင်**

ကမ္ဘာ့ဘဏ်က ယခင်အပတ် သတင်းထုတ်ပြန်ချက်တွင် COVID-19 ကပ်ရောဂါကြောင့် နိုင်ငံအသီးသီး၌ စီးပွားရေးထိခိုက်မှုရှိနေသော်လည်း အခြား နိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်ပါက မြန်မာနိုင်ငံသည် အခြေအနေကောင်းတစ်ခုကို ထိန်းထားနိုင်ကြောင်း၊ ၂၀၂၁ ခုနှစ်တွင် စီးပွားရေး တဖြည်းဖြည်းပြန်လည် နာလန်ထူနိုင်မည်ဖြစ်ကြောင်းကို ဖော်ပြထားပါကြောင်း၊ ADB ၏ အစီရင်ခံစာ တွင်လည်း မြန်မာနိုင်ငံ၌ ယခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်း ၁ ဒသမ ၈ ရာခိုင်နှုန်းသာရှိသော်လည်း ၂၀၂၁ ခုနှစ်တွင် ခြောက်ရာခိုင်နှုန်းရရှိမည်ဟု ထုတ်ပြန် ထားပါကြောင်း။

COVID-19 ကပ်ရောဂါအလွန်ကာလတွင် စီးပွားရေးလုပ်ငန်းများ ပြန်လည် ဦးမော့လာပြီး ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးကို အထောက်အကူပြုနိုင်မည့် စီးပွားရေး ဝန်းကျင်ကောင်းဖန်တီးရာတွင် အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မိမိတို့နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ (၂၉)နှစ်မြောက် နှစ်ပတ်လည်မှသည် နောင်နှစ်ပေါင်းများစွာအထိ ပြည်သူလူထု၏ လူမှုစီးပွား အကျိုးနှစ်ဖြာ ဖွံ့ဖြိုးတိုးတက်ရေးကို ဆတက်ထမ်းပိုး ဆက်လက်ပံ့ပိုးနိုင်စေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

**ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှု လက်မှုလုပ်ငန်းရှင်များအသင်းချုပ်နာယက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ UMFCCI အပါအဝင် စီးပွားရေး ဆိုင်ရာ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များနှင့်တွေ့ဆုံ၍ တင်ပြချက်များ၊ အကြံပြုချက်များကို အလေးထားထည့်သွင်းစဉ်းစားပြီး ဆောင်ရွက်သင့်သည် များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်တွင်းမှ ထွက်ရှိ သည့် ကုန်ပစ္စည်းများ ပြည်တွင်း၊ ပြည်ပ ဈေးကွက်များတွင် ယှဉ်ပြိုင်ရောင်းချ နိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင် များအားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနသည် Focal Ministry ဖြစ်သကဲ့သို့ UMFCCI သည် Private Sector ကို ကိုယ်စားပြုအဖွဲ့အစည်းဖြစ်သည့်အတွက် ပူးပေါင်း ဆောင်ရွက်လျက်ရှိပါကြောင်း။ ပုဂ္ဂလိကကဏ္ဍ၏ အခက်အခဲများ၊ စိန်ခေါ်မှု များကို စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**ရလဒ်ကောင်းတစ်ခုရရှိခဲ့**

Ease of Doing Business အနေဖြင့် Private Sector နှင့် ပူးပေါင်း ဆောင်ရွက်ရာတွင် ရလဒ်ကောင်းတစ်ခုရရှိခဲ့ပါကြောင်း။ Ranking ကောင်းရန် တစ်ခုတည်း ဦးတည်ဆောင်ရွက်ခဲ့ရခြင်းမျိုးမဟုတ်ဘဲ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်ရာတွင် လွယ်ကူချောမွေ့စေရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါ ကြောင်း။

e-Commerce Guideline အမြန်ဆုံးထွက်ရှိရန် ဝန်ကြီးဌာနအနေဖြင့် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း။

COVID-19 ကာလအတွင်း ပြည်တွင်းကုန်စည်စီးဆင်းမှု မှန်ကန်ရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် UMFCCI အပါအဝင် ညီနောင်အသင်းအဖွဲ့ များနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အခြေခံလူတန်းစား မိသားစုများအား အခြေခံရိက္ခာဖြန့်ချိရာတွင်

**စာမျက်နှာ ၅ သို့** ❂




**မှတ်တမ်းတင် ဓာတ်ပုံရိုက်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် တာဝန်ရှိသူများ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်၏ (၂၉)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

## စုပေါင်းပြီးတော့ ထူထောင်ထားတဲ့ တိုင်းပြည်ကြီး

**ပြည်ထောင်စုဆိုတဲ့ ဝေါဟာရဟာ အင်မတန်မှ လှပပါတယ်။ အင်မတန်မှ တင့်တယ်ပါတယ်။ ကျွန်မတို့ ဒီဝေါဟာရကို ချစ်ခင်မြတ်နိုးတန်ဖိုးထားဖို့ အင်မတန်မှ အရေးကြီးပါတယ်။ ပြည်ထောင်စုဟာ စုပေါင်းပြီးတော့ ထူထောင်ထားတဲ့ ပြည်ထောင်စုကြီးလို့ အဓိပ္ပာယ်ဖြစ်ပါတယ်။ စုပေါင်းပြီးတော့ ထူထောင်ထားတဲ့ နိုင်ငံဆိုတာဟာ စုပေါင်းပြီးတော့ ထူထောင်ထားတဲ့ တိုင်းပြည်ကြီးတစ်ခုဆိုတာဟာ စုပေါင်းထူထောင်ထားခြင်းမရှိတဲ့ တိုင်းပြည်တွေနဲ့ မတူပါဘူး။ ကျွန်မတို့မတူကွဲပြားမှုတွေကို အင်အားဖြစ်အောင်လို့ စုစည်းပြီးမှ ပြည်ထောင်စုတစ်ခုကို ထူထောင်နိုင်မှာဖြစ်ပါတယ်။**

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၁၅-၁-၂၀၂၀) ရက်နေ့တွင် ကယားပြည်နယ်နေ့အခမ်းအနားၓ် ပြောကြားသည့် နှုတ်ခွန်းဆက်စကားမှ ကောက်နုတ်ချက်)



မြန်မာ့ရိုးရာ ဦးရွှေရိုး ဒေါ်မိုးအက။

ဓာတ်ပုံ - ဇော်မောင်မောင်ဦး(စန္ဒကူး)

❂ စာမျက်နှာ ၄ မှ

အသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့များ ပူးပေါင်းကူညီမှုကြောင့် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် Online စနစ်များ အသုံးပြု၍ ဝန်ဆောင်မှုပေးခြင်းကို ၂၀၀၄ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ပေးခဲ့ပြီး ကုန်သည်လုပ်ငန်းရှင်များ လုပ်ငန်းများ ပိုမိုလွယ်ကူစွာ ဆောင်ရွက်နိုင်ရေးအတွက် Tradenet 2.0 စနစ်ဖြင့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ခြင်း၊ ပို့ကုန်လိုင်စင်လျှောက်ထားခြင်းနှင့် သွင်းကုန်လိုင်စင်လျှောက်ထားခြင်းတို့ကို Online မှတစ်ဆင့် ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း ပြောကြားသည်။

### ပုဂ္ဂလိကကဏ္ဍသည် အလွန်အရေးကြီး

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးကဏ္ဍတွင် ဒီမိုကရေစီစနစ်ကို ထူထောင်နေသကဲ့သို့ တစ်ဖက်တွင်လည်း ဈေးကွက်စီးပွားရေးစနစ်ကို ထူထောင်နေပါကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်တွင် ပုဂ္ဂလိကကဏ္ဍသည် အလွန်အရေးကြီးပါကြောင်း၊ ပုဂ္ဂလိက ကဏ္ဍအောင်မြင်ရှင်သန်လာနိုင်ရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသင်းချုပ်ကြီးသည် မြန်မာနိုင်ငံ၏စီးပွားရေးကို မောင်းနှင်အားသဖွယ် ဆောင်ရွက်နေသည့်အတွက် အသင်းချုပ်ကြီးကို ကျေးဇူးတင်ပါကြောင်း၊ ယခု ၂၀၂၀ ပြည့်နှစ်သည် မြန်မာနိုင်ငံအတွက် အရေးကြီးသည့် နှစ်တစ်နှစ်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ကမ္ဘာတစ်လွှားဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ကပ်ရောဂါနှင့်အတူ စီးပွားရေးအခက်အခဲနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှား ဖြတ်သန်းနိုင်ရန် ဖြတ်သန်းနေရသည့် အချိန်ကာလတစ်ခုဖြစ်ပါကြောင်း။

ယခုလိုကြိုးပမ်းရာတွင် အစိုးရကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍနှင့်ပြည်သူလူထုတစ်ရပ်လုံးကပါ ပူးပေါင်းဆောင်ရွက်မှသာလျှင် အောင်မြင်မှုကို ရရှိမည်ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ကုန်သည်ကြီးများအသင်းချုပ်နှင့် ကိုဗစ်-၁၉ ကပ်ဘေးကြီးဆိုက်ရောက်သည့်အချိန် ကာလအတွင်း ပိုမိုသည့် ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ကိုဗစ်-၁၉ ၏ ကန့်သတ်ချက်များ၊ ကွင်းဆက်များကို ဖြတ်တောက်နိုင်ရန်၊ ရပ်တန့်ရန် ဆောင်ရွက်ရပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ဘေး မကူးစက်ရန် ကြိုးပမ်းမှုများ လုပ်ဆောင်ခဲ့ရပါကြောင်း၊ ယခုလိုကြိုးပမ်းဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ချက်များသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့် အညီကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ (၂၉) ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးတွင် ဗီဒီယိုဖြင့် အမှာစကား ပြောကြားစဉ်။

### ဖတ်ကြားတင်ပြ

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အထွေထွေအတွင်းရေးမှူးချုပ် ဦးအေးဝင်းက နှစ်ပတ်လည်အစီရင်ခံစာနှင့်ဘဏ္ဍာရေးရှင်းတမ်းကိုလည်းကောင်း၊ ဦးဝင်းဗလမင်းက ပြင်ပစာရင်းစစ်ဖြစ်သည့် ဝင်းသင်နှင့်အဖွဲ့စာရင်းစစ်များ၏ စာရင်းစစ် အစီရင်ခံစာကိုလည်းကောင်း ဖတ်ကြားတင်ပြကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း (၂၉)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးတွင် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

### ဆက်လက်ကျင်းပ

ထို့နောက် ကြိုတင်ပေးပို့ထားသည့် မေးခွန်းနှင့်အကြံပြုချက်များကို ဖြေကြားခြင်း၊ UMFCCI အလုပ်အမှုဆောင်များက နှစ်ပတ်လည်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို အတည်ပြုခြင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် ပြင်ပစာရင်းစစ်ခန့်အပ်ခြင်းတို့ကို အစီအစဉ်အတိုင်းဆက်လက်ကျင်းပသည်။

ယင်းနောက် သဘာပတိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများနှင့် စီးပွားရေးသံမှူးများ၊ ပြည်တွင်း ပြည်ပရှိ စီးပွားရေးအသင်းအဖွဲ့များနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းချုပ် နာယကများ၊ အကြံပေးပုဂ္ဂိုလ်များနှင့် အမှုဆောင်များ၊ ညီနောင်အသင်းအဖွဲ့များမှ ဥက္ကဋ္ဌနှင့်တာဝန်ရှိပုဂ္ဂိုလ်များ၊ အသင်းသူအသင်းသားများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ အမှုဆောင်အဖွဲ့သစ်သည် ၂၀၁၉-၂၀၂၀ ပြည့်နှစ် ပထမနှစ်သက်တမ်းကာလ၊ COVID-19 ကပ်ရောဂါ အခက်အခဲကာလများတွင် လုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီး အသင်းချုပ်အနေဖြင့် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် စီးပွားရေးလုပ်ငန်းရှင်များအတွက် Strategic Action Plan နှင့် Business Agenda (၁၂) ရပ်ကို ချမှတ်နိုင်ခဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



### အွန်လိုင်းမှ တက်ရောက်

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင် များအသင်းချုပ်၏ (၂၉)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို Virtual စနစ်ဖြင့် ကျင်းပရာ အွန်လိုင်းမှ တက်ရောက်လာကြသူများကို တွေ့ရစဉ်။

# အကာက အလှ – အနှစ်က ပညာ

## ဒေါက်တာထွန်းအောင်ကျော် (မြန်မာစာ)

တက္ကသိုလ်ဆိုသည်မှာ အလွန်ပျော်စရာကောင်းသော နေရာတစ်ခုဖြစ်ကြောင်း တက်ရောက်ဖူးသူတိုင်း သိရှိကြသည်သာ ဖြစ်ပါသည်။ ကျောင်းသား ကျောင်းသူများအနေဖြင့် ပျော်စရာကောင်းသည်မှာ တက္ကသိုလ်၌ ပွဲအမျိုးမျိုး စဉ်ဆက်မပြတ် ကျင်းပနေတတ်သောကြောင့် ဖြစ်ပါသည်။ ထိုပွဲအမျိုးမျိုးသည် ပျော်ပွဲရွှင်ပွဲသက်သက်အနေဖြင့် ကျင်းပနေခြင်းတော့ မဟုတ်ပါချေ။ ကျောင်းသား ကျောင်းသူတစ်ယောက်သည် တက္ကသိုလ်၌ မိမိဖြစ်ချင်သည့်ဘဝကို အစမ်းသဘောဖြင့် ပါဝင်ဆင်နွှဲနိုင်သော အစမ်းလေ့ကျင့်နိုင်သည့်ပွဲများသာ ဖြစ်ပါသည်။ ထို့ကြောင့် တက္ကသိုလ်တွင် မိမိဖြစ်ချင်သမျှ အကုန်ဖြစ်သည်ဟု ပြောစမှတ်ပြုကြရခြင်း ဖြစ်ပါသည်။ ဥပမာအားဖြင့် ဆိုရလျှင် အဆိုတော်ဖြစ်လိုသူသည် တက္ကသိုလ်၌ ကျင်းပလေ့ရှိသော အနုပညာအသင်းဖျော်ဖြေပွဲများ၊ အဆောင်ညစာစားပွဲများ၊ မောင်မယ်သစ်လွင်ကြိုဆိုပွဲများတွင် မိမိနှစ်သက်ရာသီချင်းကို ပါဝင်သီဆိုနိုင်ပုံမျိုး ဖြစ်ပါသည်။ ထိုသို့သီဆိုခဲ့ကြရာမှ နောက်ပိုင်းတွင် နိုင်ငံကျော် အဆိုတော်ဖြစ်သွားသူများလည်း ရှိကြပါသည်။

### ကိုယ်တိုင်ဝင်ရောက် ဆင်နွှဲတတ်ခြင်း

ကျွန်တော့်ဝါသနာက တစ်မျိုးဖြစ်ပါသည်။ သူများနှင့်မတူသော ကျွန်တော့်ဝါသနာမှာ စာတမ်းဖတ်ပွဲများ၊ ဟောပြောပွဲများ၊ စကားရည်လုပွဲများ တက်ရောက်ခြင်းနှင့် အခွင့်ရပါက ကိုယ်တိုင်ဝင်ရောက် ဆင်နွှဲတတ်ခြင်းပင် ဖြစ်ပါသည်။

တက္ကသိုလ်တွင် ကျင်းပလေ့ရှိသော စာတမ်းဖတ်ပွဲများမှာ အမျိုးအစား အမျိုးမျိုးရှိပါသည်။ ယင်းတို့မှာ–

(၁) စာတမ်းဖတ်ပွဲ (seminar or symposium)၊

(၂) အလုပ်ရုံဆွေးနွေးပွဲ (workshop)နှင့်

(၃) နှီးနှောဖလှယ်ပွဲ (conference) တို့ ဖြစ်ပါသည်။

(၁) စာတမ်းဖတ်ပွဲ (seminar or symposium) ဆိုသည်မှာ သတ်မှတ်ထားသော ခေါင်းစဉ်တစ်ခုအပေါ်တွင် သတ်မှတ်ထားသော အုပ်စုတစ်စုက ဝိုင်းဝန်းဆွေးနွေးကြသည့် ပွဲမျိုးဖြစ်ပါသည်။ စာတမ်းဖတ်ပွဲသည် လက်ငင်းဆောင်ရွက်နေသည့် သုတေသနကို အများရှေ့တွင် လက်တွေ့ချပြသည့်သဘောကို ဦးစားပေးဆောင်ရွက်ခြင်း ဖြစ်သည်။

(၂) အလုပ်ရုံဆွေးနွေးပွဲ (workshop) ဆိုသည်မှာ စာတမ်းဖတ်ပွဲနှင့် ဆင်တူသည်။ မတူညီသည့်အချက်မှာ အလုပ်ရုံဆွေးနွေးပွဲသည် စာတမ်းဖတ်ပွဲထက် ပို၍ လက်တွေ့ဆန်ပြီး သီအိုရီကို လက်တွေ့နှင့် ပေါင်းစပ်ပေးသည့်သဘောဖြစ်သည်။ အများအားဖြင့် အလုပ်ရုံဆွေးနွေးပွဲသည် တစ်နာရီခန့်သာ ကြာမြင့်လေ့ရှိသည်။

(၃) နှီးနှောဖလှယ်ပွဲ (conference) ဆိုသည်မှာ ပုံစံတကျကျင်းပသည့် ဆွေးနွေးပွဲတစ်မျိုး ဖြစ်သည်။ နှီးနှောဖလှယ်ပွဲများတွင် တစ်ပြိုင်နက်တည်း ကျင်းပနေသည့် အစည်းအဝေးခန်းများလည်း အပြိုင်ပါဝင်လေ့ရှိသည်။ နှီးနှောဖလှယ်ပွဲများတွင် သက်ဆိုင်ရာပညာရပ်နယ်ပယ်၌ တတ်သိကျွမ်းကျင်သောပညာရှင်များ တက်ရောက်လေ့ရှိကြပြီး တက်သစ်စ သုတေသနပညာရှင်များ၏ တွေ့ရှိချက်များကို မိမိထက်ဝါရင့်သော အရည်အချင်းတူ ပညာရှင်များထံ တင်ပြနိုင်သည့် အခွင့်အလမ်းရရှိစေနိုင်ပါသည်။



ရန်ကုန်တက္ကသိုလ် မာလာဆောင် အခန်း (၆) ၌ (၂၄) ကြိမ်မြောက် အရှေ့တောင်အာရှ ဘာသာဗေဒ နှီးနှောဖလှယ်ပွဲ ကျင်းပနေစဉ်။

### ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ

ရန်ကုန်တက္ကသိုလ်တွင် ကျွန်တော့်တစ်သက်တာ မမေ့နိုင်သော ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲတစ်ခု ရှိခဲ့ဖူးပါသည်။ နှီးနှောဖလှယ်ပွဲ၏အမည်မှာ (၂၄) ကြိမ်မြောက် အရှေ့တောင်အာရှ ဘာသာဗေဒနှီးနှောဖလှယ်ပွဲ (24th Meeting of the Southeast Asian Linguistics Society – SEALS24 Conference) ဖြစ်ပါသည်။ ထိုနှီးနှောဖလှယ်ပွဲကြီးများကို ၁၉၉၁ ခုနှစ်မှစ၍ တစ်နှစ်လျှင် တစ်ကြိမ် ကမ္ဘာတစ်ဝန်းလုံးရှိ တက္ကသိုလ်ကြီးများ၌ တစ်နှစ်မပြတ် လှည့်လည်ကျင်းပခဲ့ခြင်း ဖြစ်ပါသည်။ ကျင်းပခဲ့ဖူးသော နိုင်ငံတကာတက္ကသိုလ်များစွာအနက် ထင်ရှားသော တက္ကသိုလ်ကြီးအချို့ကို ဖော်ပြရလျှင်–

- ၁၉၉၁ ခုနှစ်၌ အမေရိကန်ပြည်ထောင်စု အရီဇိုးနားပြည်နယ်တက္ကသိုလ်၊
- ၁၉၉၃ ခုနှစ်၌ အမေရိကန်ပြည်ထောင်စု ဟာဝိုင်ရီတက္ကသိုလ်၊
- ၁၉၉၈ ခုနှစ်၌ မလေးရှားအမျိုးသားတက္ကသိုလ်၊
- ၂၀၀၁ ခုနှစ်၌ ထိုင်းနိုင်ငံ မဟီဒေါတက္ကသိုလ်၊
- ၂၀၀၂ ခုနှစ်၌ အမေရိကန်ပြည်ထောင်စု နော့သင်းအီလီနွိုက်တက္ကသိုလ်၊
- ၂၀၀၅ ခုနှစ်၌ ဩစတြေးလျနိုင်ငံ အမျိုးသားတက္ကသိုလ်၊
- ၂၀၀၆ ခုနှစ်၌ အင်ဒိုနီးရှားနိုင်ငံ အတ်မာဂျာယာတက္ကသိုလ်၊
- ၂၀၀၉ ခုနှစ်၌ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့ရှိ လူမှုသိပ္ပံနှင့် လူမှုဘာသာရပ်တက္ကသိုလ်၊
- ၂၀၁၀ ပြည့်နှစ်၌ ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်တက္ကသိုလ်စသည်တို့ ဖြစ်ပါသည်။

မြန်မာနိုင်ငံ ရန်ကုန်တက္ကသိုလ်တွင် ထိုနှီးနှောဖလှယ်ပွဲကျင်းပခဲ့သည့်နေ့ရက်မှာ ၂၀၁၄ ခုနှစ် မေလ ၂၇ ရက်မှ ၃၁ ရက်နေ့အထိဖြစ်ပြီး ကျင်းပခဲ့သည့်နေရာမှာ မာလာဆောင် (ထိုအချိန်က National Centre for English Language) တွင် ဖြစ်ပါသည်။ ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်းများစွာမှ ပညာရှင် ၉၀ ခန့်၏ စာတမ်းပေါင်း အစောင် ၉၀ ခန့်ကို ဖတ်ကြားတင်သွင်းခဲ့ကြပါသည်။ အထူးဖိတ်ကြားထားသော ဧည့်သည်တော်ပညာရှင်များ၏ မျက်နှာစုံညီလက်ချာ (Plenary Lecture)နှင့် ဘာသာစကားပေါ်လစီနှင့် ပတ်သက်သော လက်ရွေးစင်အဖွဲ့လိုက် ဦးဆောင်ဆွေးနွေးပွဲဖြစ်သည့် Special Panel on Language Policy လည်း ပါဝင်ပါသည်။ ထို့မျှမကသေးပါ။ နှီးနှောဖလှယ်ပွဲအမျိုးအစားဖြစ်သဖြင့် အလုပ်ရုံဆွေးနွေးပွဲသင်တန်းအနေဖြင့် ဘာသာစကားသုတေသနဆိုင်ရာ ဆော့ဖ်ဝဲလ်များဖြစ်သော ဖလက်ဆော့ဖ်ဝဲလ် (FLeX software training) သင်တန်းနှင့် ပရတ်ဆော့ဖ်ဝဲလ် (Praat software training) သင်တန်းတို့လည်း ပူးတွဲပါဝင်လိုက်ပါသေးသည်။

### တစ်သက်တာတွင် အပျော်ဆုံးအချိန်

စာတမ်းဖတ်ပွဲဝါသနာပါသော ကျွန်တော့်အနေဖြင့် တစ်သက်တာတွင် အပျော်ဆုံးအချိန်ဟုပင် ဆိုရပါလိမ့်မည်။ ကျွန်တော်နှင့်ဆိုင်သော ပညာရပ်နယ်ပယ်ဖြစ်သည့် ဘာသာဗေဒ (Linguistics) ပညာရပ်ကို တစ်ကမ္ဘာလုံးမှ တက္ကသိုလ်အသီးသီးရှိ အကျော်အမော်ပညာရှင် ပါမောက္ခကြီးများက ကျွန်တော်တို့၏နိုင်ငံသို့ ကိုယ်တိုင်လာရောက်၍ ကျွန်တော်တို့၏ အမိရန်ကုန်တက္ကသိုလ်တွင် ဆွေးနွေးပို့ချနေကြခြင်းဖြစ်သည်။ ထို့အပြင် နှီးနှောဖလှယ်ပွဲခေါင်းစဉ်ဆိုင်ရာအကြောင်းရပ်ကလည်း အရှေ့တောင်အာရှဘာသာစကားများဆိုင်ရာ နှီးနှောဖလှယ်ပွဲဖြစ်နေရာ မိမိပညာရပ်နယ်ပယ်နှင့် တိုက်ရိုက်သက်ဆိုင်နေသဖြင့် ကျွန်တော့်အနေဖြင့် မည်သည့်နိုင်ငံသို့မျှ နိုင်ငံခြားပညာတော်သင်အဖြစ် မသွားမရောက်ရပါဘဲနှင့် မိမိနိုင်ငံတွင် မိမိပညာရတနာပုံ ဆိုက်နေသည့်ကိန်းနှင့် ကြုံတွေ့နေရပါတော့သည်။

ကမ္ဘာတစ်ဝန်းလုံးမှ ဘာသာဗေဒပညာရှင်များက အရှေ့တောင်အာရှဒေသသုံး ဘာသာစကားများကို သိပ္ပံနည်းကျ သုတေသနပြုလုပ်၍ စာတမ်းများစွာကို တင်သွင်းဖတ်ကြားခဲ့ကြပါသည်။ ကျွန်တော်တို့မြန်မာနိုင်ငံအတွင်းတွင် အသုံးပြုနေသည့် မြန်မာဘာသာစကားအပါအဝင် တိုင်းရင်းသားဘာသာစကားများဖြစ်ကြသော ကချင် (ဂျိန်းဖော့) ဘာသာစကား၊ ချင်း ဘာသာစကား၊ သက် ဘာသာစကား၊ ရဝမ် ဘာသာစကား၊ ကရင် ဘာသာစကား၊ လော်ဝေါ် (မရူ) ဘာသာစကား၊ ဒနော့ (ထနော့) ဘာသာစကားတို့နှင့်သက်ဆိုင်သော စာတမ်းများစွာကိုလည်း တင်သွင်းဖတ်ကြားခဲ့ကြပါသည်။

ထိုနှီးနှောဖလှယ်ပွဲကြီးသို့ ကျွန်တော့်ဆရာများဖြစ်ကြသော မြန်မာစာဌာနမှ ဆရာကြီး ဆရာမကြီးများ၊ အင်္ဂလိပ်စာဌာနမှ ဆရာကြီး ဆရာမကြီးများ၊ လုပ်ဖော်ကိုင်ဖက် ဆရာ ဆရာမ အများအပြားလည်း စိတ်ဝင်တစားလာရောက်တက်ရောက်ကြ၊ ကိုယ်တိုင် ဝင်ရောက်ဆွေးနွေးကြသည်ကိုလည်း အားရဖွယ်တွေ့ရပါသည်။ ကျွန်တော်ကိုယ်တိုင်လည်း "Grammaticalization Process for Dealing With the Elements of Myanmar Verb Phrases" စာတမ်းကို ဖတ်ကြားတင်သွင်းပြီး နိုင်ငံတကာပညာရှင်များထံမှ အကြံပြုချက်များစွာကို လက်ခံရယူနိုင်ခဲ့ပါသည်။ စာတမ်းဖတ်ကြားရာ အခန်းအသီးသီးသို့ အပြေးအလွှား တက်ရောက်၍လည်း ရသမျှပညာကို အရယူနိုင်ခဲ့ပါသည်။

### အကာက အလှ – အနှစ်က ပညာ

တက္ကသိုလ်ဆိုသည်မှာ "တက္က+သီလ" ကြံစည်သော အလေ့အကျင့်တည်ရှိသောနေရာဟု အဓိပ္ပာယ်ဖွင့်ဆိုကြသည်နှင့်အညီ တက္ကသိုလ်ရှိ ပွဲပေါင်းများစွာအနက် ကြံစည်ခြင်းအလေ့အထကို မြေတောင်မြှောက်ပေးသော စာတမ်းဖတ်ပွဲ/ အလုပ်ရုံဆွေးနွေးပွဲ/ နှီးနှောဖလှယ်ပွဲများသည် များစွာအရေးပါလှကြောင်း တင်ပြရင်း ထိုထိုသောပွဲပေါင်းများစွာကို စီစဉ်ကျင်းပပေးနိုင်ခဲ့သော ရန်ကုန်တက္ကသိုလ်ကြီးကို အားပါးတရ ဂုဏ်ပြုလိုက်ရပါသည်။ ပွဲပေါင်းများစွာဖြင့် စည်ကားနေသော ကျွန်တော်တို့၏ အမိရန်ကုန်တက္ကသိုလ်ကြီးသည် **အကာက အလှ – အနှစ်က ပညာ** ဟု မော်ကွန်းတင်လိုက်ရပါတော့သည်။ ။

(ထိုနှီးနှောဖလှယ်ပွဲကြီးဖြစ်မြောက်အောင်စီစဉ်ခဲ့ကြသော လန်ဒန်တက္ကသိုလ်မှ ပါမောက္ခ Professor Dr. Justin Watkins၊ SIL မှ International Language Assessment Coordinator Mr. John W. Eppele၊ ဦးဆောင်ဆွေးနွေးခဲ့သော ဩစတြေးလျနိုင်ငံ La Trobe University မှ ပါမောက္ခ Professor David Bradley နှင့် စာတမ်းတက်ရောက်ဖတ်ကြားခဲ့ကြသူ ဂျပန်နိုင်ငံမှ မိတ်ဆွေပါမောက္ခများဖြစ်ကြသည့် Professor Hideo Sawada နှင့် Professor Atsuhiko Kato တို့အားလည်းကောင်း၊ မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနနှင့် ရန်ကုန်တက္ကသိုလ်တို့မှ တာဝန်ရှိသူတို့အားလည်းကောင်း၊ အဘက်ဘက်မှ အားပေးကူညီဆောင်ရွက်ပေးခဲ့သော ဆရာမကြီး ဒေါ်မာလေးအားလည်းကောင်း အမှတ်တရကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းပြုလိုပါသည်။)

**မြန်မာနိုင်ငံ ရန်ကုန်တက္ကသိုလ်တွင် ထိုနှီးနှောဖလှယ်ပွဲ ကျင်းပခဲ့သည့် နေ့ရက်မှာ ၂၀၁၄ ခုနှစ် မေလ ၂၇ ရက်မှ ၃၁ ရက်နေ့အထိဖြစ်ပြီး ကျင်းပခဲ့သည့်နေရာမှာ မာလာဆောင် (ထိုအချိန်က National Centre for English Language)တွင် ဖြစ်ပါသည်။ ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်းများစွာမှ ပညာရှင် ၉၀ ခန့်၏ စာတမ်းပေါင်းအစောင် ၉၀ ခန့်ကို ဖတ်ကြားတင်သွင်းခဲ့ကြ။**



### စာရေးသူ၏ ကိုယ်ရေးအကျဉ်း

- ❖ အမည်ရင်းမှာ ဒေါက်တာထွန်းအောင်ကျော် ဖြစ်သည်။
- ❖ ဇာတိမှာ ရွှေဘိုမြို့ဖြစ်သည်။
- ❖ အမက(၄)မကွေးမြို့၊ အထက(၁)မကွေးမြို့၊ စက်မှုအထက(ရေနံချောင်းမြို့)တို့တွင် အခြေခံပညာကို ဆည်းပူးခဲ့သည်။
- ❖ ရေနံချောင်းဒေသကောလိပ်၊ မကွေးဒီဂရီကောလိပ်၊ မန္တလေးတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်တို့တွင် အဆင့်မြင့်ပညာကို ဆည်းပူးခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် ပါရဂူဘွဲ့ (မြန်မာစာ)ကို ရန်ကုန်တက္ကသိုလ်မှ ရရှိခဲ့သည်။
- ❖ ၁၉၈၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်(ဗိုလ်တထောင်နယ်မြေ)၌ နည်းပြအဖြစ် စတင်အမှုထမ်းခဲ့ပြီး အဆင့်ဆင့် ရာထူးတိုးတက်ကာ ဂျပန်နိုင်ငံ Tokyo University of Foreign Studies တွင် Visiting Professor (၂၀၀၈ မှ ၂၀၁၁)၊ အမေရိကန်ပြည်ထောင်စု University of Wisconsin–Madison, SEASSI တွင် Burmese Language Instructor (၂၀၁၆)၊ ဂျပန်နိုင်ငံ Tokyo University of Foreign Studies, Research Institute for Languages and Cultures of Asia and Africa တွင် Special Visiting Scholar (၂၀၁၆ မှ ၂၀၁၇) အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး လက်ရှိရန်ကုန်အဝေးသင်တက္ကသိုလ် မြန်မာစာဌာနတွင် ပါမောက္ခ/ ဌာနမှူး တာဝန်ကို ထမ်းဆောင်လျက်ရှိသည်။

# အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) ရေးဆွဲခြင်းအတွက် ဝန်ကြီးရုံးနှင့် ဦးစီးဌာနအသီးသီးမှ ပညာရေးဝန်ထမ်းများ ရှင်းလင်းဆွေးနွေးပွဲကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၀**
အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) [National Education Strategic Plan–NESP (2021–2030)] ရေးဆွဲခြင်းအတွက် ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်းများ၊ စိတ်ပါဝင်စားသူ အမှုထမ်းများနှင့် NESP 2 ရေးဆွဲရေးအဖွဲ့များ (Drafting Teams) နှင့် ရှင်းလင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာနမှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

ရှင်းလင်းဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် ဝန်ကြီးဌာနနှင့် ဦးစီးဌာနအသီးသီးမှ ပညာရေးဝန်ထမ်းများ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင်ဆွေးနွေးကြသည်။

**စုပေါင်းဆောင်ရွက်ရမည်**

ရှင်းလင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၁၆ ခုနှစ်မှ ယနေ့အထိ ဆောင်ရွက်လျက်ရှိသော အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအပေါ် ပညာရေးကဏ္ဍလေ့လာသုံးသပ်မှု (Education Sector Analysis–ESA) မှ လေ့လာတွေ့ရှိချက်များအရ မည်မျှအောင်မြင်သည်၊ မည်မျှအကောင်အထည်ဖော်နိုင်သည်၊ မည်သည့်လုပ်ငန်းများတွင် အခက်အခဲများ၊ စိန်ခေါ်မှုများကို ဖြေရှင်းကာ ဖြည့်ဆည်းပေးရမည်ကို ပြန်လည်သုံးသပ်ပြီး ပညာရေးဝန်ကြီးဌာနအပါအဝင် ဦးစီးဌာနများ၊ တက္ကသိုလ်များ၊ ကျောင်းများနှင့် သိပ္ပံများသည် မိသားစုဝင်များအဖြစ် တစ်ဦးနှင့်တစ်ဦး ကူညီပြီး ပူးပေါင်းဆောင်ရွက်တတ်သည့် စိတ်ဓာတ်သည် အရေးကြီးပါကြောင်း၊ အဆိုပါစိတ်ဓာတ်များကိုအခြေခံပြီး ပူးပေါင်းဆောင်ရွက်မှုနှင့် စုပေါင်းအင်အားဖြင့်သာ ပညာရေးပြုပြင်ပြောင်းလဲမှုကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ပညာရေးသည် နှစ်ပေါင်းများစွာအားနည်းခဲ့သည့်အတွက် အရည်အသွေးရှိသည့်ပညာရေးကို ဦးတည်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေရပါကြောင်း၊ ထို့ကြောင့် မိသားစုစိတ်ဓာတ်ဖြင့် စုပေါင်းပြီး ပူးပေါင်းပါဝင်ဆောင်ရွက်မည်ဆိုပါက အောင်မြင်နေသည့်လုပ်ငန်းများကို ဆက်လက်အရှိန်အဟုန်မြှင့်ကာ ပိုမိုအောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သကဲ့သို့ အခက်အခဲများ၊ စိန်ခေါ်မှုများရှိသည့်၊ ဖြည့်ဆည်းပေးရန်ရှိသည့် လုပ်ငန်းများကို ပြန်လည်စိစစ်ပြီး တစ်ဦးနှင့်တစ်ဦး ကူညီကာ စုပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) အရ ပညာရေးပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ရာတွင် မည်သည့်ခွဲခြားမှုမျှမရှိရေး၊ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရစ်စေရေး၊ ကျောင်းထွက်သူမရှိရေး၊ သင်ယူမှုမဆုံးရှုံးစေရေးဟူသော မူဝါဒများအပေါ် အခြေခံကာ ကျောင်းသားလူငယ်များ ကမ္ဘာ့လူသားကောင်းဖြစ်လာစေရေး၊ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ တာဝန်ယူမှု တာဝန်ခံမှု၊ ဆန်းသစ်တီထွင်မှုနှင့် ဖန်တီးမှု စသည့် Core Values of Objectives များရရှိစေရန် ဦးတည်အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ပညာရေးတွင် ရင်းနှီးမြှုပ်နှံခြင်းကို အားပေးလျက် ဘဏ္ဍာရေးအသုံးစရိတ်များကို နှစ်စဉ် တိုးမြှင့်ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ သူငယ်တန်း+၁၂ တန်း အခြေခံပညာရေးသင်ရိုးသစ် ကျောင်းသုံးဖတ်စာအုပ်များပြုစုပြီး အခမဲ့ဖြန့်ဝေခဲ့ပါကြောင်း၊ ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက်အညွှန်းဘောင် (Teacher Compentency Standard Framework – TCSF) အပေါ်အခြေခံ၍ သင်ကြားသင်ယူမှုနည်းစနစ်သစ်များဖြင့် သင်ကြားသင်ယူကြရမည် ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများခန့်ထားခြင်း၊ ပြောင်းရွှေ့ခြင်း၊ ရာထူးတိုးခြင်း၊ လုပ်ငန်းသစ်အတွက် ကျွမ်းကျင်မှုဖြည့်ဆည်းခြင်း ၊ ကျွမ်းကျင်မှုမြှင့်တင်ခြင်း၊ စဉ်ဆက်မပြတ် အတတ်ပညာ ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းများရရှိရန် သင်တန်းပေးခြင်း၊ စစ်ဆေးအကဲဖြတ်မှုပြောင်းလဲခြင်း၊ ပညာသင်စရိတ်ချီးမြှင့်ခြင်း၊ စီမံခန့်ခွဲမှု လေ့ကျင့်ပျိုးထောင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းသားဒေသများကို ဦးစားပေး၍ လိုအပ်ချက်များ ပံ့ပိုးဖြည့်ဆည်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

မူလတန်း၊ အလယ်တန်း၊ အထက်တန်းပြီးမြောက်သူ ကျောင်းသားဦးရေ တိုးတက်လာပါကြောင်း၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ပထမဆုံးအကြိမ် အထက်တန်းကျောင်းသားဦးရေစုစုပေါင်း တစ်သန်းကျော်ရှိလာပါကြောင်း၊ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသားဦးရေ စုစုပေါင်း ၉ ဒသမ ၇၁၆ သန်းအထိ ရှိလာပါကြောင်း၊ စစ်ဆေးအကဲဖြတ်မှုအပိုင်းတွင်လည်း စဉ်းစားတွေးခေါ်မှု၊ ပြဿနာဖြေရှင်းနိုင်မှုတို့ကို အားပေးသော စစ်ဆေးအကဲဖြတ်ခြင်းများကို စတင်အသုံးပြုလာပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် သတ်မှတ်ချက် ခုနစ်ချက်ကိုပြည့်မီသဖြင့် အထက်တန်းသင်ယူပြီးမြောက်သည့် လက်မှတ်ရရှိသူ ဦးရေ ၅၆၆၂၇၄ ဦး ရှိပါကြောင်း။

**သင်္ချာစွမ်းရည်များ အားကောင်း**

အရှေ့တောင်အာရှ မူလတန်းသင်ယူတတ်မြောက်မှု ဆန်းစစ်ချက်၊ မူလတန်းအဆင့် စာဖတ်စွမ်းရည်အကဲဖြတ်မှု၊ မူလတန်းအဆင့် သင်္ချာစွမ်းရည်အကဲဖြတ်မှု အစီရင်ခံစာများအရ မြန်မာနိုင်ငံ မူလတန်းကလေးငယ်များသည် စာဖတ်ခြင်း၊ ရေးသားခြင်းနှင့် သင်္ချာစွမ်းရည်များ အားကောင်းသည်ဟု တွေ့ရှိရပါကြောင်း၊ ၂၀၁၆ မှ ၂၀၂၀ အထိ နိုင်ငံတကာ သင်္ချာအိုလံပီးယဒ်တွင် အထက်တန်းကျောင်းသားများ ဝင်ရောက်ယှဉ်ပြိုင်ရာတွင် Honorary Mention ခြောက်ခုရရှိရန် စွမ်းဆောင်နိုင်ခဲ့ပါကြောင်း၊ ကျောင်းသားလူငယ်များ ကမ္ဘာ့လူသားကောင်းဖြစ်မှု၊ ကောင်းမွန်သော သဘောထားအမြင်နှင့် တန်ဖိုးများ အားကောင်းရန် လိုအပ်ပါကြောင်း၊ မိဘများက ကျောင်းသား ကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အရည်အသွေး ကောင်းမွန်လာစေရေး မိဘ ဆရာအသင်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနသည် လက်ဆောင်ပေးခြင်း၊ ယူခြင်း၊ အုပ်စုဖွဲ့၍ ဆောင်ရွက်ခြင်းနှင့် ဘက်လိုက်ခြင်းများကို ခွင့်မပြုပါကြောင်း။

အမျိုးသားပညာအရည်အချင်း မူဘောင်သတ်မှတ်ချက်အရ အခြေခံပညာသင်ယူပြီးမြောက်ကြောင်း လက်မှတ်ရရှိသူများအနေဖြင့် Level 4 အသက်မွေးဝမ်းကျောင်းသင်တန်းများနှင့် Level 5 အသက်မွေးဝမ်းကျောင်း Diploma နှင့် Advanced Diploma သင်တန်းများအပြင် Open University တို့ကို အဆင့်ဆင့်တက်ရောက်နိုင်မည်ဖြစ်သည့်အတွက် စဉ်ဆက်မပြတ် အတတ်ပညာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေပါကြောင်း။

အရည်အသွေးရှိသောပညာရေးအတွက် ဆရာများ၏ ပညာရပ်ဆိုင်ရာစွမ်းဆောင်မှုနှင့် စိတ်ဓာတ်ရင့်ကျက်တည်ငြိမ်မှု၊ တစ်ပါးသူကို စာနာပေးနိုင်မှုအတွက် အရေးကြီးသကဲ့သို့ စီမံဝန်ထမ်းများ၏ စွမ်းဆောင်ရည်ရှိစေရန်နှင့် အင်္ဂလိပ်စာစွမ်းရည်၊ အိုင်စီတီနည်းပညာစွမ်းရည်နှင့် ရုံးစီမံခန့်ခွဲမှုစွမ်းဆောင်ရည်တို့သည် အရေးကြီးပါကြောင်း၊ တိုင်းရင်းသားဒေသများ၏လိုအပ်ချက်နှင့် စိန်ခေါ်မှုများကို ဦးစားပေး၍ ထောက်ပံ့သွားရန်လည်း လိုအပ်သကဲ့သို့ အခြားဒေသများ၏ လိုအပ်ချက်နှင့် ဦးစားပေးလုပ်ငန်းများကို ထိထိရောက်ရောက် ပွင့်လင်းမြင်သာစွာ ထောက်ပံ့ပေးရန် လိုအပ်ပါကြောင်း၊ တိုင်းရင်းသားများ၊ ဆရာများ၊ ကျောင်းသားများ၏ လိုအပ်ချက်ကို ဦးစားပေးအစီအစဉ်ဖြင့် ဘဏ္ဍာရေးဆိုင်ရာနှင့် စာရင်းစစ်ဆေးခြင်းဆိုင်ရာ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဘဏ္ဍာငွေ သုံးစွဲထောက်ပံ့သွားရန် အရေးကြီးပါကြောင်း၊ အမျိုးသားပညာအရည်အချင်း အညွှန်းဘောင်၊ ခရက်ဒစ်လွှဲပြောင်းမှု၊ အရည်အသွေးအာမခံမှုများကို မူဝါဒလုပ်ငန်းစဉ်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အားပေးဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ တိုင်းရင်းသားဒေသများကို ဦးစားပေး၍ တစ်သက်တာပေါင်းစပ်သင်ယူမှု အခွင့်အလမ်းများ ဖြည့်ဆည်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနတွင် အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုမြှင့်တင်ရေးသင်တန်း ကိုးကြိမ်၊ အိုင်စီတီနည်းပညာဆိုင်ရာသင်တန်း ခုနစ်ကြိမ်နှင့် စီမံခန့်ခွဲမှု၊ ဘဏ္ဍာငွေစီမံခန့်ခွဲမှုသင်တန်းများကို ပို့ချလေ့ကျင့်ခဲ့ပါကြောင်း။

အရည်အချင်းပြည့်ဝသည့် ဆရာ ဆရာမများ ဖြစ်ထွန်းစေရေးအတွက် အရည်အသွေး မြှင့်တင်ပေးရမည်ဖြစ်သကဲ့သို့ စီမံခန့်ခွဲရေးဝန်ထမ်းများကိုလည်း အရည်အသွေးမြှင့်တင်ပေးရမည် ဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ခေတ်နှင့်အညီ သင်ကြားသင်ယူမှုစနစ် မြှင့်တင်ရန်နှင့် စီမံခန့်ခွဲမှုစနစ် မြှင့်တင်နိုင်ရန်အတွက် လိုအပ်သော နည်းပညာနှင့် အခြေခံအဆောက်အအုံများကို ပံ့ပိုးဖြည့်ဆည်းပေးရမည်ဖြစ်ပါကြောင်း၊ တက္ကသိုလ်နှင့် ကျောင်းများတွင် မှတ်ပုံတင်ခြင်း၊ ငွေသွင်းခြင်း၊ အောင်လက်မှတ်ထုတ်ခြင်းတို့အတွက် ဒစ်ဂျစ်တယ်/ အွန်လိုင်းစနစ်နှင့် ဒစ်ဂျစ်တယ်ဘဏ်စနစ်တို့ကို အားပေးဖြည့်ဆည်းရန် လိုအပ်ပါကြောင်း။

နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍတွင် ဒေသလိုအပ်ချက်နှင့် ကိုက်ညီသည့် ကာလတိုသင်တန်း၊ ဒီပလိုမာသင်တန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသကဲ့သို့ သင်ရိုးညွှန်းတမ်းများ အဆင့်မြှင့်တင်ခြင်းနှင့် ပေါင်းစပ်သင်ယူမှု အားပေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

တက္ကသိုလ်များတွင် မဟာစီမံကိန်းနှင့် တက္ကသိုလ်ပဋိညာဉ်စာတမ်းနှင့်အညီ တက္ကသိုလ်များ လွတ်လပ်စွာစီမံခန့်ခွဲမှုကို အားပေးရမည်ဖြစ်သကဲ့သို့ တက္ကသိုလ်ကောင်စီ၊ တက္ကသိုလ်ပညာရေးအဖွဲ့၊ တက္ကသိုလ်စီမံခန့်ခွဲမှုအဖွဲ့တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် သုတေသန၊ သင်ရိုးညွှန်းတမ်း၊ သင်ကြားသင်ယူမှု၊ သီအိုရီ၊ လက်တွေ့တို့ကို အားပေးဆောင်ရွက်ကာ အလုပ်အကိုင်ရရှိရေးကို ဦးတည်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ မူဝါဒလမ်းညွှန်စံသတ်မှတ်ချက်များနှင့်အညီ ဒေသလိုအပ်ချက်နှင့် ကိုက်ညီသည့် ဒီပလိုမာသင်တန်းများ၊ ရိုးရိုးဘွဲ့သင်တန်းများ၊ မဟာဘွဲ့သင်တန်းများ၊ ပါရဂူဘွဲ့သင်တန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ပံ့ပိုးဖြည့်ဆည်းခြင်း၊ သင်ရိုးညွှန်းတမ်းများ အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆင့်မြင့်နည်းပညာဖြင့် သင်ယူမှုနှင့် ထိတွေ့သင်ယူမှုတို့ကို ပေါင်းစပ်ထားသည့် ပေါင်းစပ်သင်ယူမှုကို ကျင့်သုံးဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ Credit Transfer System ဆောင်ရွက်မှုကို အားပေးရမည်ဖြစ်သကဲ့သို့ သုတေသနဆောင်ရွက်မှုကိုလည်း အားပေးရမည်ဖြစ်ပါကြောင်း၊ အရည်အသွေးအာမခံမှုနှင့် အရည်အသွေး အသိအမှတ်ပြုမှုစနစ်တို့ကို ထူထောင်ရမည်ဖြစ်သကဲ့သို့ ပညာသင်ထောက်ပံ့မှုကိုလည်း အားပေးရမည်ဖြစ်ပါကြောင်း၊ စွမ်းဆောင်ရည်နှင့် ပူးပေါင်းဆောင်ရွက်မှု အရည်အချင်းတို့ကို အခြေခံ၍ ဆရာ၊ ဝန်ထမ်း ခန့်/ပြောင်း/တိုး အားပေးခြင်း၊ ဆရာ၊ ဝန်ထမ်း၊ ကျောင်းသားများနှင့် ပူးပေါင်း၍ တက္ကသိုလ်အရည်အသွေး မြင့်မားရေး အားပေးဆောင်ရွက်ခြင်း၊ ကျောင်းသားဟောင်းများ၊ ကုန်သည်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ ပြည်တွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ စီမံခန့်ခွဲရေး၊ ဘဏ္ဍာရေးဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်မှု အားပေးခြင်း၊ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပညာဗဟုသုတ၊ ကျွမ်းကျင်မှု၊ သဘောထားအမြင်၊ တန်ဖိုးထားမှုကဲ့သို့သော ၂၁ ရာစု ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်များ မြှင့်တင်သွားရန်နှင့် ကျိုးကြောင်းဆင်ခြင်မှုနှင့် ပြဿနာကိုဖြေရှင်းမှုကဲ့သို့သော Higher–order Thinking Skills များရရှိရန် သဘောပေါက်နားလည်ခြင်း၊ မှတ်မိခြင်း၊ အသုံးချခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း၊ ပြန်လည်သုံးသပ်ခြင်း ၊ ဖန်တီးခြင်း၊ ဆန်းသစ်တီထွင်ခြင်း အလေ့အထများကို အားပေးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

အရည်အသွေးရှိသည့် အခြေခံပညာအထက်တန်းအဆင့်ကို လူတိုင်းပြီးမြောက်ရေးဆီသို့ ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အကျိုးရှိသည့် ဘာသာရပ်များကို တစ်သက်တာ ပေါင်းစပ်သင်ယူမှု အခွင့်အလမ်းရှိရေးအတွက် စုပေါင်းအင်အားဖြင့် ညီညီညွတ်ညွတ် အကောင်အထည်ဖော်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါကြောင်း စသည်ဖြင့် အဖွင့်အမှာစကားပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာဇော်မြင့်က အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) ရေးဆွဲခြင်းလုပ်ငန်းကို မိတ်ဆက်ရှင်းလင်းကာ UNESCO IIEP က ဆောင်ရွက်ထားသော ပညာရေးကဏ္ဍလေ့လာသုံးသပ်ချက် (Education Sector Analysis – ESA) အစီရင်ခံစာကို ဆက်လက်ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက အခြေခံပညာကဏ္ဍ၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုင်းကျော်နိုင်ဦးက နည်းပညာနှင့် သက်မွေးပညာကဏ္ဍ၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းက အဆင့်မြင့်ပညာကဏ္ဍ၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်းက စီမံခန့်ခွဲမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ အရည်အသွေးမြှင့်တင်မှုနှင့် အရည်အသွေးအာမခံမှုကဏ္ဍတို့ကို ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာသူများက အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) ရေးဆွဲရေးနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ မေးမြန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ကျောက်ဆည်မြို့နယ် ရွှေဆည်မြေ မျိုးစေ့ထုတ်လုပ်ရေးသမဝါယမအသင်းက ရောပဒေသာမျိုးစပါးများ စိုက်ပျိုးထုတ်လုပ်

**ကျောက်ဆည် ဒီဇင်ဘာ ၂၀**
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ကုလကျေးရွာ ရွှေဆည်မြေမျိုးစေ့ထုတ်လုပ်ရေးသမဝါယမအသင်းက အသင်းသားများ၏ မိုးစပါးစိုက်ဧက ၈၄ ဧကရှိ ရောပဒေသာမျိုးစပါးများကို ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ တစ်ဧကလျှင် မျိုးစပါး ၈၅ တင်း ထွက်ရှိကြောင်းနှင့် ယင်းမျိုးကောင်းမျိုးသန့်စပါးများကို စိုက်ပျိုးရေးဦးစီးဌာနနှင့်ပူးပေါင်း၍ တောင်သူဦးကြီးများထံသို့ ဆက်လက်ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တက္ကသိုလ်ကျောင်းသား မဟုတ်ခဲ့တဲ့ ကျောင်းသားတစ်ဦး

## တစ်ချိန်က အင်းဝဆောင်သား

ကျွန်တော် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှာ သုံးနှစ် ပညာသင်ကြားခွင့်ရခဲ့ပါတယ်။ ရန်ကုန်တက္ကသိုလ်ကျောင်းသား မဖြစ်ခဲ့ဖူးပါဘူး။

ဒါပေမယ့် အကြောင်းကြောင်းကြောင့် ရန်ကုန်တက္ကသိုလ်ထဲမှာ သုံးနှစ်ကျော် လေးနှစ်နီးပါး နေထိုင်ခွင့်ရခဲ့ပါတယ်။ ၂၀၀၇ ခုနှစ်ကနေ ၂၀၁၁ ခုနှစ် နှစ်ကုန်ပိုင်းလောက်အထိ ဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်ထဲကနေ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ကို နေ့တိုင်း ပုဂံလမ်း (ပုဂံလမ်းကစောင့်နေမယ်သီချင်းထဲကလမ်း) က ခြံစည်းရိုးကျော်တက်ပြီး ကျောင်းတက်ခဲ့ရပါတယ်။ အခုတော့ ပုဂံလမ်းတံခါးပေါက်လည်း ဖွင့်ပြီထင်ပါတယ်။

တက္ကသိုလ်များ ခြေလျင်တောင်တက်အသင်းဥက္ကဋ္ဌ ဆရာမျိုး (ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနက ဆရာဦးမျိုးသန့်) ရဲ့ကောင်းမှုနဲ့ ကျွန်တော် အင်းဝဆောင်မှာ သုံးနှစ်ကျော်လေးနှစ်နီးပါး အခမဲ့နေထိုင်ခွင့်ရခဲ့ပါတယ်။ ကျွန်တော့်အခန်းနံပါတ်က မှတ်ရလွယ်တယ်။ အခုထိ မမေ့သေး၊ တတိယအထပ် အခန်း ၁၂၃ ပါ။

အလကားသာကပ်နေရတာ ကုသိုလ်ကံကတော့ ကောင်းရှာတယ်ဗျာ့။ သူများတွေ တစ်ခန်းတည်းနေရတဲ့အချိန် ကျွန်တော်က နှစ်ခန်းရပါတယ်။ ဘေးကပ်လျက်အခန်းက ထမင်းချက်ခန်းပေါ့။ ရန်ကုန်မှာ ပညာသင်ကြားဖို့အတွက် အခမဲ့နှစ်ရှည် နေထိုင်ခွင့်ပြုခဲ့တဲ့ ဆရာမျိုးရဲ့ ကျေးဇူးတရားကို ဘယ်တော့မှမမေ့ပါဘူး။ သီတင်းကျွတ် ရန်ကုန်လာမကန်တော့နိုင်လို့ ဤနေရာက ကန်တော့လိုက်ပါတယ် ဆရာခင်ဗျာ့။

ခြေလျင်တောင်တက်အသင်းဥက္ကဋ္ဌဖြစ်တဲ့အတွက် ပိတ်ရက်တွေဆို အဆောင်မှာ ခြေလျင်တောင်တက်သမားနဲ့ စည်ကားနေခဲ့ပါတယ်။ ကမ္ဘာ့အမြင့်ဆုံးတောင် ဧဝရက်တောင်ကို အောင်နိုင်ခဲ့တဲ့ မြန်မာ့ဂုဏ်ဆောင် တောင်တက်အဖွဲ့ထဲက ကိုညီညီအောင်နဲ့ ကိုပြည့်ဖြိုးအောင်တို့ဆိုတာ အင်းဝဆောင်ထွက်တွေပါ။

### ပါရဂူတန်း (Ph.D) ကျောင်းသားတွေ

အင်းဝဆောင်ဟာ မြန်မာစာကျောင်းသားဆောင်လို့ပြောရင်လည်း မှားမယ်မထင်ပါဘူး။ ရန်ကုန်တက္ကသိုလ် မြန်မာစာအထူးပြုကျောင်းသားတွေ အထူးသဖြင့် ပါရဂူတန်း (Ph.D) ကျောင်းသားတွေများပါတယ်။

သူတို့ကျေးဇူးတွေနဲ့ပဲ ရန်ကုန်တက္ကသိုလ်ရဲ့ ခမ်းနားထည်ဝါခဲ့တဲ့ သမိုင်းကြောင်းကို စာတွေ့ရော လက်တွေ့ပါ ခံစားခဲ့ရပါတယ်။ သူတို့ရဲ့ အဟောင်းတန်းကစုထားတဲ့ စာအုပ်တွေ၊ လေး၊ ငါးကျပ်တန်ခေတ်က စာအုပ်အဟောင်းတွေကို တယုတယနဲ့ ဖတ်ခဲ့ရပါတယ်။ စာအုပ်အသစ်တွေ သုံး၊ လေး၊ ငါးထောင် ဝယ်မဖတ်နိုင်ပါဘူး။ အဲဒီထဲမှာ ကျွန်တော်အစွဲလမ်းဆုံးက တက္ကသိုလ်ဘုန်းနိုင် စာအုပ်တွေပါ။ စာအုပ်ထဲမှာပါတဲ့ အကြောင်းအရာအများစုဟာ အခုလက်ရှိနေထိုင်နေရတဲ့နေရာကို အခြေခံတာက တစ်ကြောင်း၊ ဆရာ့ရဲ့ ခွဲထွက်နေတဲ့ ရေးသားဟန်ကြောင့်တစ်ဖုံတို့ကြောင့် ဖြစ်ပါတယ်။

စာရေးသူတချို့က တက္ကသိုလ်ဘုန်းနိုင်ရဲ့ စာအုပ်တွေကြောင့် ရန်ကုန်တက္ကသိုလ်တက်ဖြစ်တာလို့ သူတို့ရဲ့ ရန်ကုန်တက္ကသိုလ် အမှတ်တရဆောင်းပါးတွေမှာ ရေးထားတာ ဖတ်လိုက်ရပါတယ်။ ကျွန်တော်ကတော့ တက္ကသိုလ်ဘုန်းနိုင်ကျေးဇူးကြောင့် ရန်ကုန်တက္ကသိုလ်ရဲ့ အလှတရားနဲ့ သမိုင်းကြောင်းကို ခံစားမိတာပါလို့ ပြောပါရစေ။

အခုတော့ အဲဒီမြန်မာစာမိတ်ဆွေတွေလည်း (အသက်ကြီး၊ ဝါကြီးသူတွေမို့လို့ သူငယ်ချင်းထက် မိတ်ဆွေလို့ပဲ သုံးနှုန်းပါရစေခင်ဗျာ) ဒေါက်တာဘွဲ့တွေ့ရပြီး သက်ဆိုင်ရာတက္ကသိုလ်တွေမှာ မြန်မာစာကထိကတွေ၊ ပါမောက္ခတွေ ဖြစ်နေကြပါပြီ။



စာရေးသူနှင့် အင်းဝအဆောင်မှူး မြန်မာစာဌာန တွဲဖက်ပါမောက္ခ ဆရာဦးမျိုးသန့်(ဆရာမျိုး)။

ဆရာတက္ကသိုလ်ဘုန်းနိုင်ရဲ့ စာအုပ်မှာပါတဲ့နေရာတွေ အထူးသဖြင့် သစ်ပုပ်ပင်၊ ဘွဲ့နှင်းသဘင်၊ စာကြည့်တိုက်၊ ဦးချစ် ကင်န်တင်း၊ ဝိဇ္ဇာဆောင်၊ သိပ္ပံဆောင်၊ တောင်ငူဆောင်၊ အမရာဆောင်၊ RC စတဲ့နေရာတွေကိုသွားပြီး ဆရာ့စာအုပ်တွေကို ဖတ်ခဲ့ရတာ တကယ့်အရသာပါပဲ။

ကျွန်တော်နေထိုင်ခဲ့ရတဲ့ ကာလတုန်းက ရန်ကုန်တက္ကသိုလ်ဟာ ချုံနွယ်ပိတ်ပေါင်းနဲ့ ထူထပ်နေတဲ့ တောကြီးလိုပါပဲ။ ဝိဇ္ဇာခန်းမမှာ စပါးကြီးမြွေတွေ့လို့ ပြေးကြည့်ရတာလည်း အမောပါ။

### သမိုင်းအစဉ်အလာကြီးမားခဲ့တဲ့နေရာ

စာအုပ်တွေထဲမှာ ရေးသားထားတဲ့ ရန်ကုန်တက္ကသိုလ်ရဲ့ ကြီးကျယ်ခမ်းနားမှုနဲ့ လက်ရှိအပြင်မှာ နေထိုင်နေရတဲ့ ရန်ကုန်တက္ကသိုလ်ရဲ့ ဖြစ်တည်နေမှုကို ကိုယ်တိုင်ခံစားကြည့်ခဲ့ဖူးပါတယ်။ မျက်ရည်ကျရလောက်အောင် ဝမ်းနည်းစိတ်မကောင်းဖြစ်ခဲ့ဖူးသလို သမိုင်းအစဉ်အလာကြီးမားခဲ့တဲ့နေရာမှာ နေထိုင်ခွင့်ရခဲ့တဲ့အတွက် ဂုဏ်လည်းယူခဲ့ပါတယ်။ အခုအထိလည်း ဂုဏ်ယူနေဦးမှာပါ။

တစ်ချိန်က ရန်ကုန်တက္ကသိုလ် ကျောင်းသားတွေ အဆင့်အတန်း ဘယ်လောက်အထိ မြင့်မားခဲ့သလဲ၊ ဘယ်လိုခမ်းနားခဲ့သလဲဆိုတာ ကိုယ်တိုင်နေခဲ့ဖူးတဲ့ သူတွေပဲ သိမှာပါ။

နွေ၊ မိုး၊ ဆောင်း သုံးရာသီ ရန်ကုန်တက္ကသိုလ်ထဲမှာ ထီးမလိုပါဘူး။ အဆောင်ကူး စင်္ကြံတွေကတစ်ဆင့် အိပ်ဆောင်တွေ၊ စာသင်ခန်းတွေကို အကုန်ကွန်ရက်သဖွယ် ချိတ်ဆက်ထားတာပါ။ ဘယ်လောက်တောင် ကောင်းလိုက်တဲ့စနစ်လဲဗျာ။ ကျွန်တော် နေထိုင်ခဲ့ရတဲ့ကာလမှာတော့ အဲဒီစနစ်မရှိတော့ပါဘူး။ ထိန်းသိမ်းမှုမရှိတော့ အချို့နေရာတွေ ပျက်ကုန်ပါပြီ။

နောက်တစ်ခုက အိမ်သာတွေပါ။ ဘိုထိုင်တွေ၊ ကြွေခွက်ရှုးရှုးပေါက်တဲ့နေရာတွေ (အခုခေတ်လို ခါးအောက်ပိုင်း သေးသေးလေးတွေမဟုတ်ပါဘူး လူတစ်ကိုယ်စာအပြည့် ကြွေခွက်အကြီးကြီးတွေပါ) အဲဒီကတည်းကရှိပါတယ်။ ကိုယ့်အိမ်မှာ ဘိုထိုင်ကို ဘယ်အချိန်က စသုံးခဲ့သလဲ၊ ရန်ကုန်တက္ကသိုလ်မှာ ၁၉၂၀-၁၉၃၀ ပြည့်နှစ်ကတည်းက စသုံးနေပါပြီ။ ဘယ်လောက်အထိ ခေတ်ရှေ့ပြေးပြီး ခမ်းနားခဲ့သလဲဆိုတာ ကိုယ့်ဟာကိုယ် သုံးသပ်နိုင်ပါတယ်။

ရေဆင်းပေါက်တွေမှာ သုံးထားတဲ့သံပေါင်တွေဆိုလည်း ကောင်းမှကောင်း၊ အထူကြီးတွေ၊ Made in England တွေ၊ အခုထိ ရှိ၊ မရှိတော့မသိတော့ဘူး။

ရန်ကုန်တက္ကသိုလ်မှာနေတုန်းက ကျွန်တော့်ကို သီဟဟိန်းဆိုရင် လူသိနည်းပါတယ်။ ဂျပန်ကြီးလို့ပဲ သိကြပါတယ်။ UFL က ဂျပန်ကျောင်းသားမို့လို့ ဂျပန်ကြီးလို့ ခေါ်ကြတာပါ။

အင်းဝဆောင်အရှေ့က စစ်ကိုင်းလမ်းကျော်လိုက်ရင် သိပ္ပံကင်န်တင်းရှိပါတယ်။ အဲဒီကင်န်တင်းမှာ ဂျပန်ကြီး အကြွေးမစားဖူးတဲ့ဆိုင်မရှိ၊ ဆိုင်အကုန်လုံး ဂျပန်ကြီးနဲ့ ပတ်သက်ရာ ပတ်သက်ကြောင်းကြီးပဲ။

### တီထွင်ကြံဆမှု

လှည်းတန်းမှာ မနက်စာ ၃၀၀ - ၄၀၀ ပေးမှ ဗိုက်ဝတဲ့ခေတ်မှာ ဂျပန်ကြီးက မိန်းထဲမှာ မနက်စာကို ၁၀၀ နဲ့ ဗိုက်ဝအောင် စားလို့ရပါတယ်။ ဒါပေမယ့် တီထွင်ကြံဆမှုတော့ရှိရတာပေါ့။ တစ်ဆိုင်က ထမင်းလိုက်ပွဲတစ်ပွဲ ၅၀ နဲ့ဝယ်၊ တစ်ဆိုင်က မုန့်ဟင်းခါးဟင်းရည် ၃၀ ဖိုးမှာ၊ တစ်ဆိုင်က စမူဆာ ၂၀ ဖိုးဝယ်၊ သုံးခုပေါင်းလိုက်ရင် ဂျပန်ကြီး မနက်စာဖူလုံပါပြီ။ ဒါတောင် တစ်ခါတလေ လကုန်မှပေးမယ်နော်လို့ မှာစားရတဲ့ နေ့တွေလည်းရှိခဲ့ပါတယ်။

မိဘတွေက နယ်ကနေ ပိုက်ဆံလောက်အောင် ပို့ပေးပါတယ်။ ပို့ပေးတဲ့ပမာဏကလည်း အဲဒီခေတ်ကဆို ပုံမှန်ကျောင်းသားတစ်ယောက် တစ်လစာထက်တောင် ပိုသေးတယ် ပြောလို့ရပါတယ်။ ဒါပေမယ့် ကျောင်းသားပီပီ ရှိရင် ရှိသလိုသုံး၊ မရှိရင် မရှိသလိုနေခဲ့တာပါ။ တချို့နေ့တွေဆို သူငယ်ချင်းတွေ တည်းခိုနေထိုင်တဲ့ ဘုန်းကြီးကျောင်းကိုတောင် လိုက်စားရသေး၊ အဲဒီနေ့ရက်တွေကို သတိရပ့ါ။

ဒီလိုနဲ့ ဂျပန်ကြီး ရန်ကုန်တက္ကသိုလ်ထဲမှာ သုံးနှစ်ကျော် လေးနှစ်နီးပါး ပျော်ပျော်ကြီး နေထိုင်ခဲ့ပါတယ်။ အခုအထိလည်း ရန်ကုန်ရောက်တိုင်း အချိန်ရရင်ရသလို မိန်းထဲသွားဖြစ်ပါတယ်။ အတူနေခဲ့တဲ့ မိတ်ဆွေတွေ မရှိတော့ပေမယ့် အမှတ်ရစရာ လွမ်းမောစရာတွေ အများကြီးမို့လား။

၂၀၁၁ ခုနှစ် နှစ်ကုန်ပိုင်းလောက်မှ ကျောင်းပြီးအလုပ်ရတော့ အလုပ်ရှိရာ တာဝန်ထမ်းဆောင်ဖို့အတွက် ဂျပန်ကြီး မိန်းထဲက ထွက်လာခဲ့ပါတယ်။

မိဘအိမ်ပြီးရင် နှစ်အကြာဆုံးနေခဲ့တဲ့နေရာ၊ ကျောင်းသားဘဝကို ပျော်ပျော်ကြီး ဖြတ်သန်းခဲ့တဲ့နေရာ၊ လွမ်းမောတမ်းတစရာတွေပြည့်နေတဲ့နေရာ။

ဂျပန်ကြီးအဆောင်ကနေ အထုပ်အပိုးတွေနဲ့ ထွက်လာတဲ့အချိန်မှာတော့ မိန်းထဲမှာ ကျောင်းပြန်ဖွင့်ဖို့နဲ့ ကျောင်းသားတွေအဆောင်ပြန်လက်ခံဖို့ပြန်လည်ပြင်ဆင်မွမ်းမံနေပါပြီ။

နှံ့နှစ်နေတဲ့ ပတ္တမြားကြီး ပြန်လည်တောက်ပလာတော့မယ်။

ရန်ကုန်တက္ကသိုလ် နှစ် ၁၀၀ ပြည့်ကို အဝေးတစ်နေရာကနေ ဂုဏ်ပြုလိုက်ပါတယ်။ ။



### စာရေးသူ၏ ကိုယ်ရေးအကျဉ်း

- အမည်ရင်းမှာ သီဟဟိန်း ဖြစ်သည်။
- ၁၉၈၉ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ အဖ ဒေါက်တာကျော်ကျော်ဌေး၊ အမိ ဒေါ်မေမေသက်တို့က မွေးဖွားသည်။ မွေးချင်း နှစ်ဦးအနက် သားထွေးဖြစ်သည်။
- အထက(၃) ထားဝယ်မြို့တွင် အခြေခံပညာသင်ကြားခဲ့ပြီး တက္ကသိုလ်ဝင်တန်းကို သင်္ချာ၊ ရူပ၊ ဓာတု သုံးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သည်။
- ၂၀၁၀ ပြည့်နှစ်တွင် ဝိဇ္ဇာဘွဲ့(ဂျပန်ဘာသာ)ကို ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ ရရှိသည်။ ၂၀၁၁ ခုနှစ်တွင် အချိန်ပြည့် အင်္ဂလိပ်စာ(ဒီပလိုမာ)ကို ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ ထပ်မံရရှိသည်။
- ၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင် နိုင်ငံခြားရေးဝန်ကြီးဌာနတွင် စတင်တာဝန်ထမ်းဆောင်သည်။ စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန၊ အာဆီယံရေးရာဦးစီးဌာန၊ မြန်မာသံရုံး၊ ကွာလာလမ်ပူမြို့နှင့် အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ ဂျကာတာမြို့တို့တွင် အငယ်တန်းစာရေး၊ ဌာနစုမှူး-၂၊ ဒုတိယအတွင်းဝန်၊ ပထမအတွင်းဝန်တာဝန်အသီးသီးကို ထမ်းဆောင်ခဲ့သည်။
- လက်ရှိ အာဆီယံရေးရာဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာနတွင် လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် ထမ်းဆောင်လျက်ရှိသည်။

**စာအုပ်တွေထဲမှာ ရေးသားထားတဲ့ ရန်ကုန်တက္ကသိုလ်ရဲ့ ကြီးကျယ်ခမ်းနားမှုနဲ့ လက်ရှိအပြင်မှာ နေထိုင်နေရတဲ့ ရန်ကုန်တက္ကသိုလ်ရဲ့ ဖြစ်တည်နေမှုကို ကိုယ်တိုင်ခံစား ကြည့်ခဲ့ဖူးပါတယ်။ မျက်ရည်ကျရလောက်အောင် ဝမ်းနည်း စိတ်မကောင်းဖြစ်ခဲ့ဖူးသလို သမိုင်းအစဉ်အလာကြီးမားခဲ့တဲ့နေရာမှာ နေထိုင်ခွင့်ရခဲ့တဲ့အတွက် ဂုဏ်လည်းယူခဲ့ပါတယ်၊ အခုအထိလည်း ဂုဏ်ယူနေဦးမှာပါ။**

❖ ကျောဖုံးမှ

ယင်းနောက်ပြည်ထောင်စုတရားသူကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ အဆောက်အဦဆောက်လုပ်မည့် ပရိဝုဏ်အတွင်း လှည့်လည်ကြည့်ရှုသည်။

အဆိုပါအဆောက်အဦကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ၂၀၁၈-၂၀၂၂ (၅)နှစ်တာ တရားစီရင်ရေး မဟာဗျူဟာစီမံကိန်း၊ တတိယနှစ်လုပ်ငန်းအစီအစဉ် (၂၀၂၀) ၏ မဟာဗျူဟာ လုပ်ငန်းနယ်ပယ်(၁)၊ မဟာဗျူဟာရည်မှန်းချက် ၁.၄၊ မဟာဗျူဟာ အစီအစဉ် ၁,၄,၁ နှင့်အညီ စီမံကိန်းချမှတ်၍ ဦးစားပေးအဆင့်(၁)အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အဆောက်အဦမှာ အလျားပေ ၂၀၀၊ အနံ ပေ ၁၄၀ ရှိ သံကူကွန်ကရစ် နှစ်ထပ်အဆောက်အဦဖြစ်ပြီး ဖွဲ့မာန်ဟုန် ကုမ္ပဏီက တာဝန်ယူတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ညောင်လေးပင်နှင့် မဒေါက်ဆေးရုံတို့အား ကြည့်ရှု

**ပဲခူး ဒီဇင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် ဒီဇင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီခွဲက လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ရန်နိုင်မောင်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်များနှင့် အတူ ညောင်လေးပင်မြို့နယ် ပြည်သူ့ဆေးရုံနှင့် မဒေါက်မြို့ တိုက်နယ်ဆေးရုံသို့ သွားရောက်ကြည့်ရှုပြီး အလှူငွေနှင့် ကျန်းမာရေးအထောက်အကူပစ္စည်းများ ထောက်ပံ့ပေးအပ် ခဲ့သည်။



**ကြည့်ရှုအားပေး**

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ညောင်လေးပင်မြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက် ကြည့်ရှုရာ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန မှူး ဒေါက်တာရန်နိုင်မောင်နှင့် ဆေးရုံအုပ်ကြီး ဒေါက်တာ သောင်းဒန်တို့က ဆေးကုသပေးမှုအခြေအနေများ၊ ဆေးရုံ တက်နေသည့် လူနာအခြေအနေများကို ရှင်းလင်းတင်ပြ ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တက်ရောက်ကုသနေ သော လူနာများအား ကြည့်ရှုအားပေးကာ ညောင်လေးပင် ပြည်သူ့ဆေးရုံကြီးတွင် လိုအပ်သည့်နေရာ၌ အသုံးပြုရန် အတွက် ထောက်ပံ့ငွေကျပ် ငါးသိန်းနှင့် ကျန်းမာရေး အထောက်အကူပစ္စည်းများကို ဆေးရုံအုပ်ကြီးထံ ထောက်ပံ့ပေးအပ်ခဲ့သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ရန်နိုင်မောင်နှင့်အတူ မဒေါက်မြို့တိုက်နယ်ဆေးရုံသို့ သွားရောက်ပြီး ဆေးရုံအုပ်ကြီးထံ ကျန်းမာရေးအထောက် အကူပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**စာအုပ်များ ထောက်ပံ့ပေးအပ်**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ သွားရောက်ပြီး အစည်းအဝေးခန်းမတွင် လွှတ်တော် ကိုယ်စားလှယ်များ၊ ပဲခူးခရိုင်အုပ်ချုပ်ရေးမှူး၊ အစိုးရအဖွဲ့ ရုံးဒုတိယညွှန်ကြားရေးမှူး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် အတူ ညောင်လေးပင်မြို့နယ်အတွင်းမှ မြေယာတိုင်ကြား စာများအား ကွင်းဆင်းစစ်ဆေးညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီထံ အလှူငွေကျပ် ငါးသိန်းနှင့် ကျန်းမာရေး အထောက်အကူပစ္စည်းများ၊ ပဲခူးခရိုင်အတွင်းရှိ ခရိုင်၊ မြို့ နယ်အုပ်ချုပ်ရေးမှူးရုံးများ၊ ပါတီရုံးများအတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လျှောက်လှမ်းခဲ့သော ပြည်ထောင်စုခရီးလမ်းစာအုပ်များကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**




# ၂၈ ခုမြောက်ဖြစ်သည့် ဖျားနာကုအခမဲ့ဆေးခန်းကို ဒဂုံဆိပ်ကမ်းမြို့နယ်၌ တိုးချဲ့ဖွင့်လှစ်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ကိုဗစ်-၁၉ ရောဂါ ထိရောက်စွာ ကာကွယ်ထိန်းချုပ်ကုသ နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် များ၌ လူထုအခြေပြု ဖျားနာကုအခမဲ့ဆေးခန်းများ ဖွင့်လှစ်၍ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို အခမဲ့ဝန်ဆောင်မှုပေးလျက်ရှိရာ ၂၈ ခုမြောက်ဖြစ်သည့် ဖျားနာကုအခမဲ့ဆေးခန်းကို ယနေ့ နံနက်ပိုင်းတွင် ဒဂုံ မြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

**အခမဲ့လာရောက်ပြသနိုင်**

အဆိုပါဆေးခန်းကို အပတ်စဉ် အင်္ဂါ၊ ကြာသပတေး၊ တနင်္ဂနွေနေ့များတွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီထိ ဒဂုံဆိပ်ကမ်းမြို့နယ် ရတနာလမ်းမကြီးနှင့် ရောဝဏ် လမ်းမကြီးကြား စစ်တောင်းလမ်းသွယ်ရှိ အခြေခံပညာ မူလတန်းကျောင်း(ရောဝဏ်)၌ ဖွင့်လှစ်ကုသပေးမည်ဖြစ်ရာ ဖျားနာ၊ ချောင်းဆိုး၊ မောပန်း၊ အသက်ရှူကျပ် စသည့် ကိုဗစ်သံသယလက္ခဏာ တစ်စုံတစ်ရာခံစားရပါက မည်သူ မဆို အခမဲ့လာရောက်ပြသနိုင်မည်ဖြစ်သည်။

ဆေးခန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့်ပတ်သက်၍ ဖျားနာကုဆေးခန်းများကွန်ရက်(ရန်ကုန်) တာဝန်ခံ ဒေါက်တာကျော်မင်းထွန်းက "ဆေးခန်းဖွင့်ဖို့ စီစဉ်ဖြစ်တာ က အဲဒီမြို့နယ်မှာရှိတဲ့ ပြည်သူတွေက ဖုန်းဆက်သွယ်လာ တာတွေ၊ ဖေ့စ်ဘွတ်က မေးကြတာတွေရှိတယ်။ ဒဂုံဆိပ်ကမ်း ဘက်မှာ ဖွင့်ဖို့အစီအစဉ်ရှိလား။ ဆေးခန်းပြဖို့ အခက် အခဲလေးတွေရှိတယ်။ ဆေးခန်းပြချင်ရင် တောင်ဒဂုံ၊ သာကေတတို့ကို သွားပြရတယ်။ အဲဒီနေရာက တကယ် လိုအပ်တဲ့နေရာ ဖြစ်နေတယ်။ လူဦးရေအရပြောရရင်လည်း ဒဂုံဆိပ်ကမ်းက များတဲ့အထဲမှာပါတယ်။ စက်ရုံအလုပ်ရုံ တွေရှိတော့ အခြားမြို့နယ်တွေနဲ့စာရင် ကူးစက်မှုက ရှိတယ်။ အဲဒီအတွက်ကြောင့် ဖွင့်ဖို့လုပ်ဖြစ်တာပါ" ဟု ပြောသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ကဲ့သို့ အခြားမြို့နယ် များ၌လည်း ဖျားနာကုဆေးခန်းများ ဖွင့်လှစ်ပေးရန် ပြည်သူလူထု၏ တောင်းဆိုမှုများရှိပြီး ဒလမြို့နယ်၌ မကြာမီ ဖွင့်လှစ်နိုင်ရန် စီစဉ်နေကြောင်း၊ စေတနာ့ဝန်ထမ်း ဆရာဝန် အင်အား များများရရှိပါက အခြားမြို့နယ်များ၌ တိုးချဲ့ဖွင့် နိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖျားနာကုအခမဲ့ ဆေးခန်းများကို ဗဟန်း၊ တာမွေ၊ သဃ်န်းကျွန်း၊ မင်္ဂလာ တောင်ညွန့်၊ ဗိုလ်တထောင်၊ လှိုင်သာယာ၊ အင်းစိန်၊ အရှေ့ ဒဂုံ၊ ရွှေပြည်သာ၊ တောင်ဒဂုံ၊ မြောက်ဒဂုံ၊ တောင်ဥက္ကလာပ၊ ကြည့်မြင်တိုင်၊ မှော်ဘီ၊ အလုံ၊ ရန်ကင်း၊ လှိုင်၊ သာကေတ၊ မြောက်ဥက္ကလာပ၊ မရမ်းကုန်း၊ မင်္ဂလာဒုံ၊ တွံတေး၊ ဒေါပုံ၊ သန်လျင်၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ကြည့်မြင်တိုင် တစ်ဖက်ကမ်း အလတ်ချောင်းကျေးရွာ၊ ဒဂုံဆိပ်ကမ်း စသည့် မြို့နယ် ၂၈ မြို့နယ်၌ ဖွင့်လှစ်ထားပြီးဖြစ်သည်။

ယနေ့ဖွင့်လှစ်သည့် ဆေးခန်းဖွင့်ပွဲသို့ လွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ် လူမှုကူညီရေးပရဟိတအသင်းအဖွဲ့အစည်းများ၊ ဖျားနာကု ဆေးခန်းများကွန်ရက်(ရန်ကုန်)မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အေးမင်းသူ**

# ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ကျောက်ဆည်မြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးသို့ အလှူငွေများ လှူဒါန်း

**ကျောက်ဆည် ဒီဇင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၌ အသုံးပြု နိုင်ရန်အတွက် ယနေ့နံနက် ၁၀ နာရီက အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးသို့ အလှူရှင်များက အလှူငွေများ လှူဒါန်းခဲ့ကြောင်း သိရသည်။

လှူဒါန်းရာတွင် ကျောက်ဆည်မြို့မှ ဒေါ်ဝင်းမာ(မြို့နယ် စာရင်းစစ်ရုံး)က ငွေကျပ် တစ်သိန်း၊ ဘောဂဝတီအုပ်စု ဆည်ထိပ်ထန်းတောရပ်ကွက်နေ ဦးမြင့်သန်း-ဒေါ်မြသန်း မိသားစုက ငွေကျပ် တစ်သိန်း၊ ကံဦးရပ်ကွက်၊ ဘူတာ တိုက်တန်း ဒေါ်လီလီချို၊ ဒေါ်မော်မော်ချို(မီချီကိုစတိုး)က ငွေကျပ် နှစ်သိန်း၊ ဆူးကုန်းရပ်ကွက် ဒီနေလင်းမိသားစုက ငွေကျပ် နှစ်သိန်း၊ ခေတ်ကြို Construction Group နှင့် မဟာနံစုယဉ်တို့က ငွေကျပ် သုံးသိန်း၊ ကြက်မင်းတွန်ရပ်ကွက် ဦးမြင့်ဦး-ဒေါ်စန်းစန်းဝင်း ကားကြီးဝပ်ရှော့မိသားစုက ငွေကျပ် တစ်သိန်းတို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

လှူဒါန်းမှုများကို ဆေးရုံအုပ်ကြီးဒေါက်တာဝင်းမော်က လက်ခံရယူခဲ့ပြီး အလှူရှင်များအား ဂုဏ်ပြုလွှာများပြန်လည် ပေးအပ်ခဲ့ကြောင်းနှင့် လက်ခံရရှိသည့် အလှူငွေများကို ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် စနစ်တကျ သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**



# မိုးညိုမြို့နယ်အတွင်းရှိ ကျေးရွာ ၁၂ ရွာကို သောက်သုံးရေဖူလုံစွာရရှိရေး ဆောင်ရွက်သွားမည်

**မိုးညို ဒီဇင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် အတွင်းရှိ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာ ရရှိရေးအတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာ ရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေကျပ် ၂၁၆ သန်း အသုံးပြုကာ ကျေးရွာ ၁၂ ရွာ၌ သောက်သုံးရေရရှိရေးလုပ်ငန်း များ ဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်း မိုးညိုမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူ များ သန့်ရှင်းသော သောက်သုံးရေများ ဖူလုံစွာရရှိရေးအတွက် ဦးစားပေး ဆောင်ရွက်လျက်ရှိရာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် မိုးညိုမြို့နယ် အတွင်း ကျေးရွာ ၁၂ ရွာတွင် ပြည်ထောင်စုရန်ပုံ ငွေကျပ် ၁၄၄ သန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေ ကျပ် ၇၂ သန်း စုစုပေါင်း ခွင့်ပြုရန်ပုံ ငွေကျပ် ၂၁၆ သန်းဖြင့် စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်း ၁၂ ခု၊ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင် တည်ဆောက်ခြင်းလုပ်ငန်း ၁၂ ခုနှင့် ရေစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်း ၁၂ ခုကို အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် အဆိုပါလုပ်ငန်းများ အပ်နှံဆောင်ရွက်နိုင်ရေး တင်ဒါခေါ်ယူ ဆောင်ရွက်လျက်ရှိကြောင်း မိုးညို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီး မှူး ဒေါ်ဇာဇာယမင်းထိုက်ထံမှ သိရ သည်။

အဆိုပါ ကျေးလက်ရေပေးရေး လုပ်ငန်းများအားလုံး ဆောင်ရွက် ပြီးစီးပါက ကျေးရွာ ၁၂ ရွာရှိ အိမ်ခြေ ၁၃၇၈ အိမ်၊ လူဦးရေ ၅၂၈၁ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်တို့အတွက် ရာသီ မရွေး သောက်သုံးရေများ ဖူလုံစွာရရှိ နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဂျိုင်းလော(သတင်းစဉ်)**

# ကျန်းမာရေး ပိုမိုကောင်းမွန်စေရန် ပြုပြင်လိုက်နာသင့်သည့် အချက်(၁၂)ချက်

ကျန်းမာရေးသတင်းဒိုင်ဂျက်စ်၌ အစားအစာနှင့် အာဟာရအကြောင်း ရေးသားလေ့ရှိသည့် ဂျိုအန်း ဟက်စ်လင်က ကျန်းမာရေး ပိုမိုကောင်းမွန်စေရေးအတွက် အထိုက်အလျောက် ပြုပြင်လိုက်နာသင့်သည့် အချက်(၁၂)ချက်ကို ဖော်ပြခဲ့ပါသည်။ အချို့သောအချက်များမှာ အများက လက်ခံထားသည့် အလေ့အထများနှင့် ဆန့်ကျင်နေသည့် သဘောကို တွေ့ရသည်။ အရာရာတွင် အကောင်းနှင့် အဆိုး၊ အကျိုးနှင့်အပြစ် ဒွန်တွဲနေတတ်ရာ ယင်းအချက်များကို အသေအချာ ဖတ်ရှုလေ့လာပြီးမှ လက်ခံကျင့်သုံးရေးကို ကိုယ်ပိုင်ဉာဏ်ဖြင့် ဆုံးဖြတ်ရန် အကြံပြုလိုပါသည်။

ဂျိုအန်းဟက်စ်လင် အကြံပြုထားသည့် အချက်(၁၂)ချက်ကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည် -

**(၁) ရုပ်မြင်သံကြားကြည့်ချိန်ကို လျှော့ပါ။**

ရုပ်မြင်သံကြားကြည့်ချိန်ကို လျှော့ချရေးနှင့် ပတ်သက်၍ စာရေးသူအနေဖြင့် သီးခြားဆောင်းပါးတစ်ပုဒ် ရေးသားဖူးပါသည်။ လိုရင်းမှာ ရုပ်မြင်သံကြားကြည့်ချိန်ကိုလျှော့ပြီး ပိုမိုတက်ကြွသည့် လူနေမှုပုံစံကို ကျင့်သုံးရန်၊ လမ်းလျှောက်ခြင်း၊ ဘိုးလင်းကစားခြင်း၊ ကြက်တောင်ရိုက်ခြင်း စသည်ဖြင့် လေ့ကျင့်ခန်းတစ်မျိုးမျိုး လုပ်ဆောင်သင့်ကြောင်း အကြံပြုလိုခြင်းဖြစ်သည်။ ရက်သတ္တ တစ်ပတ်အတွင်း ညပိုင်းတစ်ရက်လျှင် ရုပ်မြင်သံကြား လုံးဝမကြည့်ဘဲနေနိုင်အောင် ကြိုးပမ်းသင့်ပါသည်။ သို့စေကာမူ ယခုအချိန်တွင် ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ် ပျံ့နှံ့ကူးစက်မှုများကြောင့် ကမ္ဘာ့နိုင်ငံအများအပြား၌ အများပြည်သူတို့၏ နေအိမ်ပြင်ပ သွားလာလှုပ်ရှားမှုအပေါ် ကန့်သတ်မှုများ ပြုလုပ်ထားပြီး ဝန်ထမ်းများအနေဖြင့်လည်း အစိုးရ၏ အကြံပြုချက်များ၊ စည်းမျဉ်းများအတိုင်း တတ်နိုင်သမျှ နေအိမ်မှ အလုပ်လုပ်ကြခြင်း၊ အွန်လိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်လာကြသည့်အလျောက် အများစုမှာ နေအိမ်၌ ပိုမိုအချိန်ကုန်လာကြကြောင်း တွေ့ရှိနိုင်သည်။ တစ်ဖက်ကလည်း စီအင်န်အင်န်၊ ဘီဘီစီ၊ ပြင်သစ်-၂၄ စသည့် ရုပ်သံလွှင့်ဌာနများအနေဖြင့် ကိုဗစ်-၁၉ သတင်းများကို အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်နေကြသည့်နည်းတူ နက်ဖလစ်ကဲ့သို့ ရုပ်သံအစီအစဉ်ကလည်း ဗဟုသုတအစီအစဉ်များ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ ဟောလီးဝုဒ်သာမက အခြားသော နာမည်ကျော်ရုပ်ရှင်များကို တင်ဆက်နေခြင်းကြောင့် ရုပ်မြင်သံကြားရှေ့ အချိန်မကုန်စေရန် သို့မဟုတ် လုံးလုံးလျားလျား ရုပ်မြင်သံကြားမကြည့်ဘဲ မဖြစ်နိုင်ပါက ရုပ်မြင်သံကြားကြည့်ချိန်ကို အတတ်နိုင်ဆုံးလျှော့ချရန် ကြိုးပမ်းသင့်ပါသည်။

**(၂) စားသောက်နေစဉ် စားပွဲပေါ်ရှိ စွန့်ပစ်ရမည့် အကြွင်းအကျန်များကို ရှင်းလင်းခြင်းမပြုပါနှင့်။**

သုတေသနတစ်ခုအရ ရုပ်မြင်သံကြားရှေ့၌ ဘောလုံးပွဲကြည့်နေသည့် ပရိသတ်များအနက် ၎င်းတို့၏ ရှေ့မှောက်စားပွဲပေါ်၌ စွန့်ပစ်ရမည့် ကြက်တောင်ပံရိုးများ၊ စားကြွင်းစားကျန်များကို အလွယ်တကူ တွေ့မြင်နေရပါက စားကြွင်းစားကျန်များ ပြောင်ရှင်းနေခြင်းထက် ၂၇ ရာခိုင်နှုန်းလျော့နည်း၍ စားသောက်တတ်ကြောင်း တွေ့ရှိရသည်။ တစ်နည်းအားဖြင့် မိမိတို့၏စားပွဲပေါ်၌ စားကြွင်း စားကျန်များကို မြင်တွေ့နေရပါက ထပ်မံစားသောက်လိုစိတ် လျော့နည်းသွားတတ်သည့် သဘောဖြစ်နိုင်သည်။ (သို့စေကာမူ သပ်သပ်ရပ်ရပ် နေတတ်သူများ၊ သန့်သန့်ရှင်းရှင်းဖြစ်အောင် ရှင်းလင်းနေသူများအနေဖြင့် ဤအချက်ကို သဘောကျ လက်ခံနိုင်ဖွယ်ရှိမည်မဟုတ်ပါ။)

**(၃) နေ့စဉ် သစ်ကြားသီး စားသုံးပါ။**

သစ်ကြားသီး ၁၄ ခြမ်း သို့မဟုတ် သစ်ကြားသီးတစ်အောင်စ၌ ကိုယ်ခန္ဓာအား သန့်စင်စေပြီး ကင်ဆာရောဂါမှ အကာအကွယ်ပေးသည့် ဒြပ်ပစ္စည်းများ ပါဝင်သည့်အပြင် နှလုံးကို ကျန်းမာသန်စွမ်းစေသည့် အာဟာရဓာတ် ၁၈၅ ကယ်လိုရီ ပါဝင်သည့်အလျောက် ဖြစ်နိုင်ပါက နေ့စဉ် သစ်ကြားသီး စားသုံးသင့်သည်။

**(၄) ကော်ဖီသောက်ပါ။**

နေ့စဉ် ကော်ဖီ လေးခွက် သို့မဟုတ် ယင်းထက် ပိုမိုသောက်သုံးသူများသည် ဆီးချိုရောဂါဖြစ်မည့်အန္တရာယ် ပိုမိုနည်းပါးကြောင်း ဖော်ပြထားသည်။ ကော်ဖီကလည်း အမျိုးမျိုး အစားစားရှိသလို တန်ဆေး လွန်ဘေးဆိုသည်မှာလည်း မေ့မထားသင့်သည့် ဆိုရိုးစကားတစ်ခု ဖြစ်သည်။

**(၅) အပြည့်အဝ အိပ်စက်အနားယူပါ။**

အအိပ်အနေ နည်းသူတို့သည် ပိုမိုဆာလောင်မွတ်သိပ်တတ်သဖြင့် တတ်နိုင်သမျှ ပြည့်ပြည့်ဝဝ အိပ်စက်အနားယူသင့်သည်။ အိပ်ချိန်နည်းပါးသည်နှင့်အမျှ ဦးနှောက်၌ အစားစားလိုစိတ်အပေါ် ထိန်းချုပ်မှုအား ပျက်ပြားစေတတ်သည်။

**(၆) နို့မှန်မှန် သောက်ပါ။**

နို့ကို ပုံမှန်သောက်သုံးသူများသည် ယင်းသို့ သောက်သုံးလေ့ မရှိသူများထက် စာမေးပွဲများ ဖြေကြားရာ၌လည်းကောင်း၊ စမ်းသပ်ချက်များ ပြုလုပ်ရာ၌လည်းကောင်း ပိုမိုကောင်းမွန်စွာ ဖြေကြားနိုင်စွမ်းရှိကြောင်း လေ့လာတွေ့ရှိရသည်။

**(၇) အိမ်သုံးဆား စားသုံးမှုကို ထိန်းချုပ်ပါ။**

အသင့်စားသုံးရန် ပြုပြင်ထားသည့် အစားအစာများ၌ ဆိုဒီယမ် သို့မဟုတ် အိမ်သုံးဆား အများဆုံး ပါဝင်တတ်ရာ အိမ်သုံးဆား စားသုံးမှုကို ထိန်းချုပ်နိုင်ရန် အစားအစာများကို ထုပ်ပိုးထားသည့် ဘူးများ၊ ပုလင်းများပေါ်၌ ဖော်ပြထားသည့် တံဆိပ်အညွှန်းစာကို သေချာစွာ ဖတ်ရှုသင့်သည်။ အဓိကဟင်းပွဲ တစ်ပွဲလျှင် အိမ်သုံးဆား ၆၀၀ မီလီဂရမ်ထက် လျော့နည်းစေရန်နှင့် အဆာပြေစားစရာများ၌ အိမ်သုံးဆား ၄၀၀ မီလီဂရမ်ထက် လျော့နည်းစေရန် ကြိုးပမ်းကန့်သတ်သင့်သည်။

**(၈) ဒိန်ချဉ် စားသုံးပါ။**

ဒိန်ချဉ်သည် လူတို့၏ ကိုယ်တွင်းခုခံနိုင်စွမ်းအားကို ပိုမိုကောင်းမွန်စေသဖြင့် ဒိန်ချဉ်ကို ပုံမှန်စားသုံးသင့်သည်။ ဒိန်ချဉ်၌ပါရှိသော အကျိုးပြုစေတတ်သည့် ဗက်တီးရီးယားများသည် အစာအိမ်လမ်းကြောင်းအတွင်း လူကိုထိခိုက်စေနိုင်သည့် ဗက်တီးရီးယားများ၏ အန္တရာယ်မှ ကာကွယ်စောင့်ရှောက်ပေးတတ်သည်။

**(၉) ရက်သတ္တတစ်ပတ်လျှင် အနည်းဆုံး ငါး တစ်ကြိမ်စားသုံးပါ။**

ငါး၌ နှလုံးကို ကျန်းမာသန်စွမ်းစေသည့် အိုမီဂါ-၃ ဖက်တီးအက်ဆစ် မြင့်မားစွာပါဝင်သည့်အလျောက် ငါးကို ပုံမှန်စားသုံးသူများသည် ကျန်းမာရေး ပိုမိုကောင်းမွန်၍ အသက်ရှည်စွာ နေထိုင်ရလေ့ ရှိတတ်သည်။ ငါးသေတ္တာငါးများအဖြစ် လူသိများသည့် တူနာငါး သို့မဟုတ် ဆာဒင်းငါးဖြင့် ပြုလုပ်ထားသည့် အသားညှပ်ပေါင်မုန့် သို့မဟုတ် အသားညှပ်မုန့်ကြွပ်ချပ်တို့ စားသုံးနိုင်လျှင်ပင် အကျိုးရှိသည်။

## ကောင်းမွန်

**(၁၀) ရောင်စဉ်ခုနစ်သွယ်ပါဝင်သည့် အစားအစာများ နေ့စဉ်စားသုံးပါ။**

အစားအစာများ၌ ပါဝင်သည့် အာဟာရဓာတ်တို့ကို တွက်ချက်နေခြင်းထက် အရောင်အသွေး စုံလင်သည့် အသီးအနှံများ၊ ဟင်းသီးဟင်းရွက်များကို ရွေးချယ်သုံးဆောင်သင့်သည်။ အရောင်မျိုးစုံပါဝင်သည့် အစားအစာသည် ကျန်းမာရေးအတွက် များစွာအထောက်အကူဖြစ်စေသည်။

**(၁၁) ပေါင်မုန့်အဖြူအစား ပေါင်မုန့်အညို/အကြမ်းကို သုံးဆောင်ပါ။**

ပေါင်မုန့်အညို၊ ပေါင်မုန့်အကြမ်းမှာ အဆန်တစ်ခုလုံးပါဝင်သည့် ဂျုံဖြင့်ပြုလုပ်ထားခြင်းကြောင့် အမျှင်ဓာတ်၊ ဗီတာမင်နှင့် သတ္တုဓာတ်များ ပိုမိုကြွယ်ဝသည်။ အဆန်တစ်ခုလုံးပါဝင်သည့် ဂျုံဖြင့်ပြုလုပ်ထားသည့် ပေါင်မုန့်အညို၊ ပေါင်မုန့်အကြမ်းတို့ကို နေ့စဉ်နံနက်စာ၊ နေ့လယ်စာ၊ ညစာတို့၌ တတ်နိုင်သမျှ သုံးဆောင်သင့်ပါသည်။

**(၁၂) ပိုတက်စီယမ် ကြွယ်ဝသည့် အစားအစာများကို နေ့စဉ်သုံးဆောင်ပါ။**

ပိုတက်စီယမ်သည် သွေးတိုးလျော့ကျစေရန် အထောက်အကူပြုစေသည့်အလျောက် ပိုတက်စီယမ်ကြွယ်ဝသည့်အစားအစာများကို နေ့စဉ်သုံးဆောင်သင့်သည်။ ပိုတက်စီယမ်ကြွယ်ဝသည့် အစားအစာများဟုဆိုရာတွင် အာလူးနှင့် ကန်စွန်းဥ၊ လိမ္မော်သီးနှင့် လိမ္မော်ရည်၊ ခရမ်းချဉ်သီးနှင့် ခရမ်းချဉ်သီးဖျော်ရည်၊ နို့၊ ဒိန်ချဉ်၊ ပဲ၊ ငှက်ပျောသီး၊ ထောပတ်သီးနှင့် ဟင်းနုနယ်ရွက်တို့ ပါဝင်ကြသည်။ ။

Ref: Jo-Ann Heslin. "12 Changes to better health." The Star. 26 February 2012; p.12

**ဒိန်ချဉ်သည် လူတို့၏ ကိုယ်တွင်းခုခံနိုင်စွမ်းအားကို ပိုမိုကောင်းမွန်စေသဖြင့် ဒိန်ချဉ်ကို ပုံမှန်စားသုံးသင့်သည်။ ဒိန်ချဉ်၌ပါရှိသော အကျိုးပြုစေတတ်သည့် ဗက်တီးရီးယားများသည် အစာအိမ်လမ်းကြောင်းအတွင်း လူကိုထိခိုက်စေနိုင်သည့် ဗက်တီးရီးယားများ၏အန္တရာယ်မှ ကာကွယ်စောင့်ရှောက်ပေးတတ်။**

# မုဒုံမြို့နယ်အတွင်း ကျေးရွာဖွံ့ဖြိုးမှုလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၀**

မွန်ပြည်နယ် မုဒုံမြို့နယ်အတွင်းရှိ ကျေးရွာခြောက်ရွာတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများက ယနေ့တွင် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



စစ်ဆေးရာတွင် မော်လမြိုင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်လွင်နှင့် မုဒုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကော့ခပုံကျေးရွာ(ရွာသစ်) ကျေးရွာနှင့် သာယာကုန်းကျေးရွာတို့တွင် ကျေးရွာကော်မတီဝင်များက ဖြည့်သွင်းထားသော စီမံကိန်းရန်ပုံငွေ စာရင်းဇယားများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂၇ ရက် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းခဲ့သည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ကျေးရွာသူကျေးရွာသားများ သိရှိစေရေးနှင့် ကျေးလက်နေ ပြည်သူများ၏ ရပိုင်ခွင့်များ၊ လိုက်နာရမည့် တာဝန်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များအား လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်လွင်က အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

COVID-19 Economic Relief Plan ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် မုဒုံမြို့နယ် အတွင်းရှိ ကျေးရွာခြောက်ရွာ၌ စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီး စုစုပေါင်း အိမ်ထောင်စု ၃၂၄ စုနှင့် လူဦးရေ ၁၄၅၈ ဦးတို့အတွက် မိသားစုဝင်ငွေများတိုးပွားလာပြီး စားဝတ်နေရေးအခက်အခဲများစွာကို ကုစားပေးနိုင်ခဲ့ကြောင်း သိရသည်။ **ဇော်ရှိန်း(ဓာတု)**



# ရေးမြို့နယ်၌ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

**ရေး ဒီဇင်ဘာ ၂၀**

နယ်စပ်ရေးရာဝန်ကြီးဌာနသည် မွန်ပြည်နယ် ရေးမြို့နယ်တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော ကျောက်ခင်းလမ်းလေးမိုင်၊ ကတ္တရာလမ်းနှစ်မိုင်နှစ်ဖာလုံ၊ RC တံတား ပေ ၁၅၀ တစ်စင်း၊ ပေ ၁၂၀ တစ်စင်း၊ ပေ ၁၀၀ တစ်စင်း၊ Box Culvert လေးစင်း၊ ကွန်ကရစ်ရေပြွန် နှစ်စင်း၊ လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းငါးခု၊ ပေ(၁၂၀x၃၀) RC နှစ်ထပ်ကျောင်းဆောင်တစ်ဆောင်၊ ပညာရေးဝန်ထမ်းနေအိမ်လေးလုံး၊ မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး နှစ်ထပ်အဆောက်အအုံတစ်လုံးတို့ကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၂၂၅၂ ဒသမ ၆၆၁ သန်းဖြင့် ယခုနှစ်အောက်တိုဘာလမှစ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းနှင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးအတွက် မွန်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးဉာဏ်မျိုးနှင့် တာဝန်ရှိသူများက ယနေ့တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**နိုင်လင်းကြည်**

# အမေရိကန်နိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူပြီးသူများအနက် ခြောက်ဦးသာလျှင် ကာကွယ်ဆေးနှင့်ဓာတ်မတည့်သည့်လက္ခဏာများ တွေ့ရှိ

**ဝါရှင်တန် ဒီဇင်ဘာ ၂၀**

အမေရိကန်နိုင်ငံအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု ခံယူပြီးသူများအနက် ခြောက်ဦးသာလျှင် ကာကွယ်ဆေးနှင့် ဓာတ်မတည့်သည့် လက္ခဏာများ တွေ့ရှိရကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့်ကာကွယ်ရေးစင်တာက ယနေ့ပြောကြားခဲ့သည်။

နိုင်ငံတစ်ဝန်း၌ Pfizer နှင့် BioNTech တို့ ပူးပေါင်းထုတ်လုပ်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဒီဇင်ဘာ ၁၄ ရက်မှစပြီး ထိုးနှံလျက်ရှိသည်။ အဆိုပါ ကာကွယ်ဆေး၏ အစွမ်းထက်မှုရှိ၊ မရှိအပါအဝင် ဓာတ်မတည့်မှုများဖြစ်ပေါ်လာခြင်းနှင့်ပတ်သက်ပြီး အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာအဖွဲ့ဝင်များက ယမန်နေ့တွင် ဆွေးနွေးခဲ့ကြသည်။

ကာကွယ်ဆေးစတင်ထိုးနှံသည့်ရက်မှစပြီး ဒီဇင်ဘာ ၁၉ ရက်အတွင်း ပြည်သူ ၂၇၀၀၀၀ ကျော်ကို ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီးဖြစ်သည်။ ၎င်းတို့အနက် ခြောက်ဦးသာလျှင် ကာကွယ်ဆေးနှင့် ဓာတ်မတည့်သည့်လက္ခဏာများ ထွက်ပေါ်လာခဲ့ကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာအဖွဲ့ဝင်များက ပြောကြားခဲ့သည်။

အဆိုပါခြောက်ဦးအနက် တစ်ဦးမှာ ယခင်ကတည်းက ကာကွယ်ဆေးများနှင့် ဓာတ်မတည့်သူဖြစ်ပြီး ကျန်ငါးဦးမှာ ကိုယ်ခန္ဓာယားယံခြင်းများအပါအဝင် ဓာတ်မတည့်သည့်လက္ခဏာများကို ယခင်က ခံစားရဖူးခြင်းမရှိကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာအဖွဲ့က ဆိုသည်။

အမေရိကန်နိုင်ငံ၌ Moderna ဆေးဝါးကုမ္ပဏီမှ ထုတ်လုပ်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေး နောက်ထပ်တစ်မျိုးကို အရေးပေါ်သုံးစွဲခွင့်ပြုထားပြီး အဆိုပါ ကာကွယ်ဆေးကို အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**





## သမ္မတ၏ အတည်ပြုချက်ရရှိခဲ့ပြီးနောက် နီပေါပါလီမန်ဖျက်သိမ်း

**ခတ္တမန္ဒူ ဒီဇင်ဘာ ၂၀**

နီပေါနိုင်ငံ၏ ပါလီမန်သက်တမ်းကုန်ဆုံးရန် နှစ်နှစ်အလိုတွင် ဝန်ကြီးချုပ် ရှာမာအိုလီ၏ ပါလီမန်ဖျက်သိမ်းရေး အကြံပြုထောက်ခံချက်ကို သမ္မတ ဘီဒီယာဒီဗီဘန်ဒါရီက အတည်ပြုပေးခဲ့ပြီးနောက် ပါလီမန်ကို ယနေ့တွင် ဖျက်သိမ်းခဲ့ကြောင်းသိရသည်။

ထို့ပြင် အစိုးရအဖွဲ့၏ အကြံပြုထောက်ခံချက်အရ ရွေးကောက်ပွဲသစ်တစ်ရပ်ကို ၂၀၂၁ ခုနှစ် ဧပြီ ၃၀ ရက်နှင့် မေ ၁၀ ရက်တို့တွင် အဆင့်နှစ်ဆင့်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်းလည်း သမ္မတ ဘန်ဒါရီက ကြေညာခဲ့သည်။

ဝန်ကြီး ခုနစ်ဦးသည်လည်း နီပေါအစိုးရအဖွဲ့၏ ပါလီမန်ဖျက်သိမ်းရေး လှုပ်ရှားဆောင်ရွက်မှုအပေါ် စိတ်ပျက်မိကြောင်း ထုတ်ဖော်ပြောကြားကာ ဝန်ကြီးချုပ် ရှာမာအိုလီ၏ အစိုးရအဖွဲ့မှ ယနေ့တွင် နုတ်ထွက်သွားခဲ့ကြောင်း သိရသည်။

ရှာမာအိုလီ၏ အစိုးရအဖွဲ့မှ နုတ်ထွက်သွားသည့် ဝန်ကြီးများမှာ စွမ်းအင်ဝန်ကြီး ဘာရှာမန်ပွန်၊ သစ်တောနှင့် မြေဆီလွှာထိန်းသိမ်းရေးဝန်ကြီး ရှက်တီဘတ်စနက်၊ ပညာရေးဝန်ကြီး မာနီပိုခါရယ်၊ အလုပ်သမားဝန်ကြီး ရာယာယာဒက်ဗ်၊ သောက်သုံးရေဆိုင်ရာဝန်ကြီး ဘီနာမာဂါ၊ ခရီးသွားလာရေးလုပ်ငန်းနှင့် မြို့ပြလေကြောင်းဆိုင်ရာ ဝန်ကြီး ဘတ်တာရိုင်း၊ စိုက်ပျိုးရေးဝန်ကြီး ဘူဆယ်လ်တို့ ဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**

## ထိုင်းနိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်မှုများ ပိုမိုမြင့်တက်လာ

**ဗန်ကောက် ဒီဇင်ဘာ ၂၀**

ထိုင်းနိုင်ငံ၌ တစ်ရက်အတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၅၀၀ ကျော် ထပ်မံတွေ့ရှိခဲ့သည့်အတွက် ခရီးသွားလာခွင့် ပိတ်ပင်မှုအပါအဝင် ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းများကို တင်းကျပ်စွာပြန်လည်ချမှတ်ထားကြောင်း သိရသည်။

ယနေ့တစ်ရက်တာအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၅၇၆ ဦး စံချိန်တင်တွေ့ရှိခဲ့ကြောင်းနှင့် အဆိုပါဗိုင်းရပ်စ်ကူးစက်ခံရသူများမှာ ဗန်ကောက်မြို့တော်အနီးရှိ ဆာမတ်ဆတ်ခွန်ခရိုင် ပင်လယ်စာရောင်းချသောဈေးမှ လုပ်သားများဖြစ်ကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ဆိုသည်။

အဆိုပါခရိုင်တွင် ဗိုင်းရပ်စ်ကူးစက်မှုများမြင့်တက်လာသည့်အတွက် ပင်လယ်စာရောင်းချသော ဈေးကို ပိတ်ပင်ခဲ့သည့်အပြင် အလုပ်သမားများယာယီနေထိုင်သည့်နေရာများ၌ ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းများ တင်းကျပ်စွာချမှတ်ထားကြောင်း ထိုင်းနိုင်ငံ ကိုဗစ်-၁၉ ရောဂါတုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ တာဝီဆန်ဗီဆာနုယိုသင်က ပြောကြားခဲ့သည်။

ထို့ပြင် အဆိုပါခရိုင်အတွင်း ခရီးသွားလာခွင့်ပိတ်ပင်မှုများချမှတ်သည့်အပြင် စတိုးဆိုင်များကိုလည်း ယာယီပိတ်သိမ်းရန် ညွှန်ကြားထားပြီး ဇန်နဝါရီ ၃ ရက်အထိ ညမထွက်ရအမိန့်ကို ကြေညာခဲ့ကြောင်း ဗီဆာနုယိုသင်က ဆိုသည်။

ထိုင်းနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ကူးစက်ပျံ့နှံ့လာပြီးနောက် ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို ကာကွယ်ထိန်းချုပ်ရန် နယ်စပ်ဒေသဖြတ်သန်းသွားလာခွင့်များကို ပိတ်ပင်ခဲ့သည့်အပြင် စားသောက်ဆိုင်များကိုလည်း ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းများ လိုက်နာရန် ညွှန်ကြားခဲ့သည်။ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၄၃၀၀ သာ ရှိခဲ့ပြီး တစ်ရက်တာဗိုင်းရပ်စ်ကူး စက်ခံရသူအရေအတွက်ကိုလည်း ၁၀၀ အောက်အထိ ခြောက်လတိုင်တိုင် ထိန်းချုပ်ထားနိုင်ခဲ့သည်။

လက်ရှိအချိန်တွင် ဗန်ကောက်မြို့နေ အမျိုးသမီးတစ်ဦး အဆိုပါဈေးသို့ သွားခဲ့ပြီးနောက် ဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိသည့်အတွက် ဗန်ကောက်မြို့၌ ဗိုင်းရပ်စ်ကာကွယ်ရေး စည်းမျဉ်းများ ပိုမိုတင်းကျပ်စွာ ချမှတ်ထားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**





## တူရကီအရှေ့တောင်ပိုင်းရှိ ဆေးရုံတစ်ရုံ၌ မီးလောင် ကိုဗစ်-၁၉ လူနာ ၁၀ ဦး သေဆုံး

**အန်ကာရာ ဒီဇင်ဘာ ၂၀**

တူရကီနိုင်ငံ အရှေ့တောင်ပိုင်းဒေသရှိ ဆေးရုံတစ်ရုံ၏အထူးကြပ်မတ်ကုသခန်းတစ်ခုတွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ လူနာ ၁၀ ဦး သေဆုံးခဲ့သည်။


ဂါဇီဘန်တက်မြို့ရှိ တက္ကသိုလ်ဆေးရုံတွင် ယနေ့နံနက်ပိုင်းက အောက်ဆီဂျင်အသက်ရှူစက်ပေါက်ကွဲမှုဖြစ်ရာမှ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားသည်။

မီးလောင်ကျွမ်းမှုအား အချိန်တိုအတွင်းငြိမ်းသတ်နိုင်သော်လည်း ကိုဗစ်-၁၉ ရောဂါကြောင့် အထူးကြပ်မတ်ကုသခန်း၌ တက်ရောက်ဆေးကုသခံယူနေသည့်လူနာ ၁၉ ဦးအနက် ၁၀ ဦးသေဆုံးခဲ့ရကြောင်း၊ သေဆုံးသူ လူနာအများစုမှာ အသက် ၆၀ နှင့် ၈၀ ကြားရှိသူများဖြစ်ကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူများက ပြောကြားသည်။

တူရကီနိုင်ငံတွင် ယနေ့ ကိုဗစ်-၁၉ ကူးစက်ခံရသူဦးရေ ၂၅၀၀၀ ကျော်ရှိကြောင်းနှင့် ယင်းမှာ ကမ္ဘာပေါ်တွင် ဆဋ္ဌမမြောက်ရောဂါကူးစက်သူဦးရေ အမြင့်မားဆုံးဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စု ဂျွန်ဟော့ပ်ကင်း တက္ကသိုလ်မှ ထုတ်ပြန်သည့် နေ့စဉ်လူနာကူးစက်မှုမှတ်တမ်းတွင် ဖော်ပြထားသည်။

တူရကီနိုင်ငံတွင်း၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှု ထိန်းချုပ်နိုင်ရေးအတွက် ယခုလ အစောပိုင်းကတည်းကပင် နိုင်ငံအတွင်း၌ မရှိမဖြစ်နှင့် အရေးပေါ်မဟုတ်သည့်ကိစ္စများကို လုပ်ဆောင်ခြင်းမပြုကြရန် ပိတ်ပင်ထားခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – ဇော်ဝင်း**



# ရာသီဥတုပြောင်းလဲမှုမှာ ကိုဗစ်-၁၉ ကပ်ရောဂါနှင့် တန်းတူအရေးကြီးသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း ဂျိုးဘိုင်ဒင် ပြောကြား

**ဝါရှင်တန် ဒီဇင်ဘာ ၂၀**

အမေရိကန်ရွေးကောက်ခံသမ္မတ ဂျိုးဘိုင်ဒင်သည် ရာသီဥတုပြောင်းလဲမှုသည်လည်း ကိုဗစ်-၁၉ ကပ်ရောဂါနှင့်တန်းတူ အရေးကြီးသည့်စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း ယမန်နေ့က သတင်းထောက်များအား ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံသည် ကိုဗစ်-၁၉ ကပ်ရောဂါကို တိုက်ဖျက်ရာတွင် စည်းလုံးညီညွတ်ရန် လိုအပ်သကဲ့သို့ ရာသီဥတုပြောင်းလဲမှုနှင့်စပ်လျဉ်း၍လည်း စည်းလုံးညီညွတ်သော အမျိုးသားတုံ့ပြန်မှုတစ်ရပ်လိုအပ်လျက်ရှိကြောင်း ဂျိုးဘိုင်ဒင်က ပြောကြားခဲ့သည်။

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပါရီသဘောတူညီချက်တွင် အမေရိကန်နိုင်ငံ ပြန်လည်ပါဝင်လာမည်ဖြစ်ကြောင်းနှင့် အမေရိကန်နိုင်ငံသည် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးတွင် တစ်ကျော့ပြန်ကမ္ဘာ့ဦးဆောင်နိုင်ငံ ဖြစ်လာလိမ့်မည်ဖြစ်ကြောင်းလည်း ဂျိုးဘိုင်ဒင်က ပြောကြားခဲ့သည်။

### ဦးစားပေးဆောင်ရွက်မည်

ဂျိုးဘိုင်ဒင်ဖွဲ့စည်းခဲ့သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအဖွဲ့သည် ရာသီဥတုပြောင်းလဲမှုနှင့် စပ်လျဉ်း၍ ထားရှိသည့်မူဝါဒများအပေါ် ဦးစားပေးဆောင်ရွက်မည်ဖြစ်ပြီး အဆိုပါအဖွဲ့တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်တိုးတက်ရေးနှင့် ဖန်လုံအိမ်ဓာတ်ငွေ့လျှော့ချရေးတွင် နှစ်ပေါင်းများစွာ အတွေ့အကြုံရှိသူများပါဝင်ကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အလင်းသစ်

# အီတလီနိုင်ငံက ခရစ္စမတ်နှင့် နှစ်သစ်ကူးအားလပ်ရက်များအတွက် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ခရီးသွားလာခွင့်ကန့်သတ်ချက်များ ချမှတ်မည်

**ရောမ ဒီဇင်ဘာ ၂၀**

အီတလီနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် ခရစ္စမတ်နှင့် နှစ်သစ်ကူးအားလပ်ရက်များအတွက် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ခရီးသွားလာခွင့် ကန့်သတ်ချက်များ ချမှတ်မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁၈ ရက်တွင် ရုပ်မြင်သံကြားမှတစ်ဆင့် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ဝန်ကြီးချုပ် ကွန်တီက ကြေညာခဲ့သည်။

အီတလီနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၇၉၉၂ ဦး၊ ပြန်လည်ကျန်းမာလာသူ ၂၂၂၇၂ ဦးနှင့် သေဆုံးသူ ၆၇၄ ဦးရှိကြောင်း သိရသည်။

ထို့ကြောင့် အီတလီတစ်နိုင်ငံလုံးကို ဒီဇင်ဘာ ၂၄ ရက်မှ ဇန်နဝါရီ ၆ ရက်အထိ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များကို ချမှတ်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ကွန်တီက ပြောကြားခဲ့သည်။

လက်ရှိတွင် အီတလီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၉၃၈၀၈၃ ဦးနှင့် ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၁၂၄၉၄၇၀ ရှိခဲ့ကာ သေဆုံးသူ စုစုပေါင်း ၆၈၄၄၇ ဦးရှိကြောင်း သိရသည်။

ကိုးကား - ဂလိုဘယ်တိုင်းမ်

ဘာသာပြန် - အလင်းသစ်



# ရုရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၈၉၄၈ ဦးတွေ့ရှိပြီး ရောဂါကူးစက်ခံရသူပေါင်း ၂၈၄၈၃၇၇ ဦး ရှိလာ

**မော်စကို ဒီဇင်ဘာ ၂၀**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၈၉၄၈ ဦးတွေ့ရှိခဲ့ရာ ဒီဇင်ဘာ ၁၉ ရက်မတိုင်မီရက်က ရောဂါကူးစက်ခံရသူ ၂၈၂၀၉ ဦးထက် အနည်းငယ်မြင့်တက်လာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးစင်တာက ယနေ့ပြောကြားသည်။

လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၈၉၄၈ ဦး ထပ်မံတွေ့ရှိခြင်းနှင့်အတူ လက်ရှိအချိန်အထိ ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၈၄၈၃၇၇ ဦးရှိလာပြီး ၎င်းတို့အနက် ၅၀၈၅၈ ဦးသည် အဆိုပါရောဂါနှင့် ဆက်စပ်သည့်ရောဂါများကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။

သို့သော် ရုရှားနိုင်ငံ၌ ရောဂါကူးစက်ခံရသောလူနာ ၂၂၇၅၆၅၇ ဦးသည် ရောဂါမှ ပြန်လည်ကျန်းမာသွားကြောင်း သိရသည်။

မော်စကိုမြို့သည် ရုရှားနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း အမြင့်ဆုံးဖြစ်ပြီး လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၂၆၃ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းနှင့်အတူ မော်စကိုတစ်မြို့တည်း၌ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၇၃၅၉၀၀ ရှိလာခဲ့သည်။

ရုရှားအစိုးရသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန် ရောဂါစမ်းသပ်စစ်ဆေးမှုကို ဦးစားပေး လုပ်ဆောင်လာခြင်းနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ချိန်မှစ၍ လတ်တလောအချိန်အထိ နိုင်ငံတစ်ဝန်းတွင် လူဦးရေ ၈၆ သန်းတို့၏ နမူနာကို ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စမ်းသပ်စစ်ဆေးနိုင်ခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - ဇျောတိ

# အင်ဒိုနီးရှားနိုင်ငံက ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု မြင့်တက်လာမည့်အရေးကို ကာကွယ်ရန် တင်းကျပ်သော ကိုဗစ်-၁၉ ရောဂါဆိုင်ရာကန့်သတ်ချက်များ ချမှတ်

**ဂျကာတာ ဒီဇင်ဘာ ၂၀**

အင်ဒိုနီးရှားနိုင်ငံအတွင်း ခရစ္စမတ်နှင့် နှစ်သစ်ကူးအားလပ်ရက်များအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုများ မြင့်တက်လာမည့်အရေးကို ကာကွယ်ရန်အတွက် တင်းကျပ်သော ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များကို ဒီဇင်ဘာ ၁၈ ရက်မှ ဇန်နဝါရီ ၈ ရက်အထိ ချမှတ်ထားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။



### ကူးစက်မှုနှင့် သေဆုံးမှုများမြင့်တက်

ဂျကာတာ၊ အနောက်ဂျာဗား၊ ဗဟိုဂျာဗား၊ အရှေ့ဂျာဗား၊ တောင်ဆူလာဝေစီ၊ မြောက်ဆူမတြား၊ ဘာလီနှင့် တောင်ကာလီမန်တန် ဒေသတို့တွင် အထူးသဖြင့် ယခုနှစ် အောက်တိုဘာလကုန်ပိုင်းမှ စတင်ကာ နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် သေဆုံးမှုများ မြင့်တက်ခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံ ရေကြောင်းနှင့် ရင်းနှီးမြှုပ်နှံမှုရေးရာဝန်ကြီး လူဟက်ဘင်ဆာပန်ဂျက်တန်က ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် အရှေ့တောင်အာရှတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု အများဆုံးနိုင်ငံဖြစ်ပြီး လက်ရှိတွင် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၆၅၇၉၄၈ ဦး၊ သေဆုံးသူ စုစုပေါင်း ၁၉၆၅၉ ဦးနှင့် ပြန်လည်ကျန်းမာလာ၍ ဆေးရုံများမှ ဆင်းခွင့်ရရှိသူ စုစုပေါင်း ၅၃၆၃၆၀ ရှိကြောင်း သိရသည်။

မြို့တော်ဂျကာတာတွင် နှစ်သစ်ကူးအခမ်းအနားများ ကျင်းပလိမ့်မည် မဟုတ်ကြောင်း၊ ရုံးများ၊ ဈေးဝယ်စင်တာများ၊ ကော်ဖီဆိုင်များ၊ စားသောက်ဆိုင်များ၊ ခရီးသွားများ လာရောက်လည်ပတ်သည့် နေရာများ၏ ဖွင့်လှစ်ချိန်ကို လျှော့ချသွားမည်ဖြစ်ကြောင်း ဂျကာတာမြို့တော်ဝန်က ပြောကြားခဲ့သည်။

ယခုဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါကို အဆုံးသတ်နိုင်ရန် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အခမဲ့ထောက်ပံ့ပေးမည်ဖြစ်ကြောင်း အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက ပြောကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အလင်းသစ်

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ အမြန်ရထားနှင့် ခရီးသည်တင်ကား တိုက်မိရာ ၁၂ ဦး သေဆုံးပြီး ခြောက်ဦး ဒဏ်ရာရ

**ဒါကာ ဒီဇင်ဘာ ၂၀**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရထားသံလမ်းကူးဂိတ်တစ်ခု၌ ရထားတစ်စင်းက ဘတ်စ်ကားတစ်စီးကို အရှိန်နှင့် ဝင်တိုက်မိရာ လူ ၁၂ ဦးထက်မနည်း သေဆုံးခဲ့ပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း မီဒီယာသတင်းများက ဖော်ပြသည်။

ပါဘာတီပူမှ ရတ်ဂျ်ဟာနီသို့ မောင်းနှင်နေသည့် အမြန်ရထားတစ်စင်းက ဂျိုင်ပူဟတ်ခရိုင်ရှိ ပူရာနာပိုင့် သံလမ်းကူးဂိတ်၌ ခရီးသည်တင် ဘတ်စ်ကားတစ်စီးကို တိုက်မိခဲ့ခြင်းဖြစ်သည်။ ကနဦး စုံစမ်းစစ်ဆေးမှုအရ ရထားသံလမ်းကူးဂိတ်ကို ဖွင့်လှစ်ထားသော်လည်း တာဝန်ကျဝန်ထမ်းမရှိခြင်းကြောင့် မတော်တဆမှု ဖြစ်ပွားခဲ့ ခြင်းဖြစ်ကြောင်း ခရိုင်ရဲတပ်ဖွဲ့မှူး အလမ်ဂါဂျာဟန်က ပြောသည်။

မတော်တဆမှုဖြစ်ရာနေရာ၌ အလောင်း ၁၀ လောင်း တွေ့ရှိခဲ့ပြီး ရှစ်ဦးကို ကယ်ဆယ်ခဲ့ကာ ၎င်းတို့အနက် နှစ်ဦးက ရရှိသောဒဏ်ရာများကြောင့် အစိုးရဆေးရုံတစ်ခု၌ သေဆုံးခဲ့ကြောင်း ခရိုင်အုပ်ချုပ်ရေးမှူး ရှာရီဖူအစ္စလာမ်က ပြောသည်။ သေဆုံးသူ၊ ဒဏ်ရာရရှိသူများအားလုံးက ခရီးသည်တင် ဘတ်စ်ကားမှ ဖြစ်သည်။ ဘင်္ဂလားဒေ့ရှ် မီးရထားလုပ်ငန်းက ဖြစ်ရပ်ကို စုံစမ်းစစ်ဆေးရန် အဖွဲ့ဝင်သုံးဦးပါ ကော်မတီတစ်ရပ် ဖွဲ့စည်းခဲ့သည်။

ဘေးအန္တရာယ်ကင်းရေး စံနှုန်းများညံ့ဖျင်းမှုနှင့် ရထားလမ်းကူးဂိတ်များ၌ တာဝန်ကျဝန်ထမ်းများ၏ ပေါ့ဆမှုကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ယင်းသို့သောဖြစ်ရပ် များ မကြာခဏ ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

ကိုးကား - ပီတီအိုင်

ဘာသာပြန် - ကျော်ထိုက်စိုး

## အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုခံယူ



**တဲလ်အဗစ် ဒီဇင်ဘာ ၂၀**

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုခံယူခဲ့ကြောင်း ယမန်နေ့ ညနေပိုင်းက ရုပ်မြင်သံကြားထုတ်လွှင့်မှုတစ်ရပ်တွင် သတင်းဖော်ပြခဲ့သည်။

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု နှင့် ကျန်းမာရေးဝန်ကြီး ယူလီအီဒယ်စတိန်းတို့သည် တဲလ်အဗစ်မြို့ရှိ ရှီဘာကျန်းမာရေးစင်တာတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုခံယူခဲ့ခြင်းဖြစ်သည်။

**ပထမဆုံးထိုးနှံမှုခံယူ**

ဝန်ကြီးချုပ် နေတန်ယာဟုသည် အစ္စရေးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ပထမဆုံးထိုးနှံမှုခံယူခဲ့သူဖြစ်ပြီး နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အစုလိုက်အပြုံလိုက်ထိုးနှံမှုမစတင်မီ နာရီပိုင်းအလိုတွင် ကာကွယ်ဆေးထိုးနှံမှုခံယူခဲ့ခြင်းဖြစ်သည်။

"ဒီနေ့ဟာ ထူးမြတ်တဲ့နေ့တစ်နေ့ ဖြစ်ပါတယ်။ ဒီကာကွယ်ဆေးကို ယုံကြည်ပါတယ်။ ပြည်သူတွေကို ကာကွယ်ဆေးထိုးနှံမှုခံယူရေး တိုက်တွန်းဖို့အတွက် စံပြပုဂ္ဂိုလ်တစ်ဦးအနေနဲ့ ထိုးနှံခဲ့တာဖြစ်ပါတယ်"ဟု လည်း ဝန်ကြီးချုပ်နေတန်ယာဟုက ရှီဘာကျန်းမာရေး စင်တာတွင် သတင်းထောက်များအား ပြောကြားခဲ့သည်။

အစ္စရေးနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈၆၆ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၇၃၃၆၈ ဦးအထိရှိလာခဲ့ကာ သေဆုံးသူစုစုပေါင်း ၃၀၇၄ ဦးနှင့် ပြန်လည်ကျန်းမာလာ၍ ဆေးရုံများမှ ဆင်းခွင့်ရရှိသူစုစုပေါင်း ၃၄၆၂၁၇ ဦးရှိကြောင်း သိရသည်။

**ကိုးကား-ဂလိုဘယ်တိုင်းမ်၊ ဘာသာပြန်-အလင်းသစ်**



## AstraZeneca ဗိုင်းရပ်စ်ကာကွယ်ဆေးများ မလေးရှားနိုင်ငံ ဝယ်ယူ

**ကွာလာလမ်ပူ ဒီဇင်ဘာ ၂၀**

AstraZeneca PLC ထံမှ ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးများ ဝယ်ယူခဲ့ကြောင်း မလေးရှားနိုင်ငံက ယမန်နေ့တွင် ပြောကြားခဲ့သည်။

ဒီဇင်ဘာ ၂၁ ရက်တွင် လက်မှတ်ရေးထိုးမည့် သဘောတူညီချက်အရ မလေးရှားနိုင်ငံက အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer Inc နှင့် ဂျာမနီမိတ်ဖက် BioNTech SE တို့နှင့် ချုပ်ဆိုခဲ့သည့် သဘောတူညီချက်ကဲ့သို့ ၃၂ သန်းသော နိုင်ငံ့လူဦးရေ၏ ၂၀ ရာခိုင်နှုန်းခန့်ကို ထိုးနှံပေးနိုင်မည့် AstraZeneca ဗိုင်းရပ်စ်ကာကွယ်ဆေးများ ရရှိမည်ဟု ကျန်းမာရေးဝန်ကြီး အဒမ်ဘာဘာက ပြောသည်။ မလေးရှားနိုင်ငံတွင် စက်တင်ဘာလနောက်ပိုင်း ဗိုင်းရပ်စ်ကူးစက်မှု မြင့်တက်လာခဲ့ပြီး ကူးစက်မှု ၉၂၀၀၀ နီးပါးနှင့် သေဆုံးသူ ၄၃၃ ဦးအထိ ရှိလာခဲ့သည်။

နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းအထိ ဗိုင်းရပ်စ်ကာကွယ်ဆေး ထိုးနှံပေးနိုင်မည့် ကာကွယ်ဆေးဝယ်ယူရေး သဘောတူညီချက်များရရှိရန် အစိုးရက ဆောင်ရွက်နေသည်ဟု ၎င်းက ပြောသည်။ လာမည့်ဖေဖော်ဝါရီလအတွင်း Pfizer နှင့် BioNTech တို့ ပူးတွဲထုတ်လုပ်သည့် ဗိုင်းရပ်စ်ကာကွယ်ဆေး ပထမအသုတ် လက်ခံရရှိရန် အစိုးရက မျှော်မှန်းထားသည်။ ဗိုင်းရပ်စ်ကာကွယ်ဆေး အလုံးရေ ၁၂ ဒသမ ၈ သန်း ဝယ်ယူရန် သဘောတူညီမှုရရှိခဲ့သည်ဟု ပြီးခဲ့သည့်လအတွင်း မလေးရှားနိုင်ငံက ကြေညာခဲ့ရာ အမေရိကန်ဆေးဝါးကုမ္ပဏီနှင့် သဘောတူညီချက်တစ်ရပ် ရရှိခဲ့သည့် ပထမဆုံး အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့သည်။

သဘောတူညီချက်အရ Pfizer ကုမ္ပဏီက မလေးရှားနိုင်ငံသို့ ဗိုင်းရပ်စ်ကာကွယ်ဆေး အလုံးရေတစ်သန်း ကနဦးပေးပို့ရမည်ဖြစ်ကာ နောက်ပိုင်းတွင် ၁ ဒသမ ၇ သန်း၊ ၅ ဒသမ ၈ သန်းနှင့် ၄ ဒသမ ၃ သန်း ထပ်မံပေးပို့မည်ဖြစ်သည်။

**ကိုးကား-သည်စထရိတ်တိုင်းမ်**
**ဘာသာပြန်-ကျော်ထိုက်စိုး**

## ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၈၆၀၀၀ ကျော်ရှိလာ

**ရီယိုဒီဂျနေးရိုး ဒီဇင်ဘာ ၂၀**

ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၇၀၆ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၈၆၃၅၆ ဦးရှိလာခဲ့ကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ထို့ပြင် ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၀၁၇၇ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၇၂၁၃၁၅၅ ဦးအထိရှိလာခဲ့ကြောင်းလည်း သိရသည်။

ဘရာဇီးနိုင်ငံ၌ ဆော်ပေါ်လိုပြည်နယ်သည် ကိုဗစ်-၁၉ ရောဂါကူးစက်သေဆုံးမှုအများဆုံးပြည်နယ်ဖြစ်ပြီး ကူးစက်ခံရသူစုစုပေါင်း ၁၃၈၄၁၀၀ ဦးနှင့် သေဆုံးသူစုစုပေါင်း ၄၅၀၂၉ ဦးရှိကာ ယင်းနောက်တွင် ရီယိုဒီဂျနေးရိုး ပြည်နယ်က ကူးစက်ခံရသူစုစုပေါင်း ၄၀၃၆၆၀ နှင့် သေဆုံးသူစုစုပေါင်း ၂၄၄၅၄ ဦးတို့ဖြင့် ကူးစက်သေဆုံးမှုတွင် ဒုတိယအများဆုံးပြည်နယ်ဖြစ်ကြောင်း သိရသည်။

**တတိယအများဆုံးနိုင်ငံအဖြစ် ရပ်တည်**

ဘရာဇီးနိုင်ငံသည် ကမ္ဘာတစ်ဝန်းကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုတွင် အမေရိကန်နိုင်ငံပြီးနောက် ဒုတိယအများဆုံးနိုင်ငံဖြစ်ပြီး ကူးစက်မှုတွင် အမေရိကန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏နောက်တွင် တတိယအများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်းသိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

## အမေရိကန်၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ လေးသိန်းကျော်ဖြင့် ကူးစက်မှုစံချိန်တင်

**ဝါရှင်တန် ဒီဇင်ဘာ ၂၀**

အမေရိကန်နိုင်ငံ၌ ဒီဇင်ဘာ ၁၈ ရက် တစ်ရက်တည်းမှာပင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ လေးသိန်းကျော်ဖြင့် တစ်ရက်အတွင်း ကူးစက်မှုစံချိန်တင်ခဲ့ပြီး ယင်းအရေအတွက်သည် အမေရိကန်နိုင်ငံက ကိုဗစ်-၁၉ ရောဂါကာကွယ် ဆေး ဒုတိယအကြိမ်ပြည်နယ်များသို့ ဖြန့်ဖြူးရန် ပြင်ဆင်နေစဉ် ကူးစက်မှုစံချိန်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန(အက်ဖ်ဒီအေ)က Moderna ဆေးဝါးကုမ္ပဏီမှ ထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်မျိုးကို ဒီဇင်ဘာ ၁၈ ရက်တွင် အမေရိကန်နိုင်ငံ၌ အရေးပေါ်အသုံးပြုခွင့်ပေးခဲ့ပြီး အဆိုပါ ကာကွယ်ဆေးသည် အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer နှင့် ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech တို့ ပူးတွဲထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးပြီးနောက် အက်ဖ်ဒီအေ၏ အရေးပေါ် အသုံးပြုခွင့်ရရှိခဲ့သည့် ဒုတိယမြောက်ကာကွယ်ဆေးလည်း ဖြစ်သည်။

အမေရိကန်နိုင်ငံတစ်ဝန်း၌ ဒီဇင်ဘာ ၁၈ ရက် တစ်ရက်တည်းတွင်ပင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၀၃၃၅၉ ဦးနှင့် သေဆုံးသူ ၂၇၅၆ ဦးရှိခဲ့ကြောင်း အမေရိကန်ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာက ဒီဇင်ဘာ ၁၉ ရက်တွင် ထုတ်ပြန်သည့်အချက်အလက်များအရ သိရသည်။

လက်ရှိတွင် အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၈ သန်းကျော်ရှိကြောင်းနှင့် အဆိုပါရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၃၂၃၄၀၄ ဦးကျော် ရှိသွားပြီဖြစ်ကြောင်းလည်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

## ယူဂန္ဒာနိုင်ငံ ဒုတိယဝန်ကြီးချုပ်-၂ ကိုဗစ်-၁၉ ရောဂါဖြင့် ကွယ်လွန်

**ကမ်ပါလာ ဒီဇင်ဘာ ၂၀**

ယူဂန္ဒာနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ်-၂ အာလီကီရွန်ဒါကီဗယ်ဂျင်ဂျာသည် ကိုဗစ်-၁၉ ရောဂါဖြင့် မြို့တော် ကမ်ပါလာရှိ ဆေးရုံတစ်ရုံ၌ ကွယ်လွန်သွားကြောင်း ယူဂန္ဒာသမ္မတယိုဝေရီမူစီဗယ်နီက ဒီဇင်ဘာ ၁၉ ရက်တွင် ပြောကြားသည်။

မြို့တော်ကမ်ပါလာရှိ မူလာဂိုအမျိုးသားဆေးရုံ အထူးကြပ်မတ်ကုသဌာန၌ ဆေးရုံတင်ခြင်းခံရသော ဒုတိယဝန်ကြီးချုပ်-၂ ကီဗယ်ဂျင်ဂျာသည် ကိုဗစ်-၁၉ ရောဂါဖြင့် ကွယ်လွန်သွားကြောင်း သမ္မတမူစီဗယ်နီက နိုင်ငံ၏ အနောက်ပိုင်း ဟွိုင်မာမြို့၌ ကျင်းပသော ရွေးကောက်ပွဲဆိုင်ရာ မဲဆွယ်စည်းရုံးပွဲတွင် မိန့်ခွန်းတစ်ရပ် ပြောကြားစဉ် ထည့်သွင်းပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးချုပ်-၂ ကီဗယ်ဂျင်ဂျာသေဆုံးမှုနှင့် ပတ်သက်၍ အလွန်ပင်ဝမ်းနည်းမိကြောင်း၊ ကိုဗစ်-၁၉ ရောဂါသည် လူ့အသက်ပေါင်းများစွာကို ဆုံးရှုံးစေခဲ့သည်ဟု မိမိကပြည်သူများအား ပြောကြားခဲ့သော်လည်း ပြည်သူများအနေဖြင့် အလေးအနက်မထားခဲ့ကြကြောင်း မူဆယ်ဗယ်နီက ပြောကြားသည်။

ထို့အပြင် ယူဂန္ဒာနိုင်ငံ၏ ဥပဒေပြု အမျိုးသမီးလွှတ်တော်အမတ်များဖြစ်ကြသည့် ရိုဘီနာအက်စ်ဆင်တိုဂိုနှင့် ဖရက်မူဘန်ဒါကာဆီတို့သည်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် ကွယ်လွန်သွားကြောင်း သမ္မတက ထပ်မံပြောကြားသည်။

တစ်ချိန်တည်းမှာပင် ယူဂန္ဒာဝန်ကြီးချုပ် ရူဟာကာနာရူဂူဒါက ဒုတိယဝန်ကြီးချုပ် -၂ သေဆုံးမှုသည် ယူဂန္ဒာနိုင်ငံအတွက် ကြီးမားသော ဆုံးရှုံးမှုတစ်ခုပင်ဖြစ်ကြောင်း ပြောကြားသည်။

ယူဂန္ဒာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ စတင်တွေ့ရှိခဲ့ချိန် ယခုနှစ်မတ် ၂၁ ရက်မှစ၍ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၀၇၀၂ ဦးရှိပြီး ၎င်းတို့အနက် ၂၃၀ သည် အဆိုပါရောဂါကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။ သို့သော် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် ၁၀၃၆၀ သည် ရောဂါမှ ပြန်လည်ကျန်းမာသွားကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် နောက်ဆုံး အချက်အလက်များအရ သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – ဂျေတီ**

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

**ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ**
**၇၆၇၁၂၀၂၂ ဦး**

**သေဆုံးသူ**
**၁၆၉၃၇၄၉ ဦး**

**ပြန်လည်ကျန်းမာလာသူ**
**၅၃၈၃၃၄၁၉ ဦး**

## သထုံငါးလုပ်ငန်းစခန်း၏ လုပ်ငန်းဆောင်ရွက်နေမှုများ ကွင်းဆင်းစစ်ဆေး

**သထုံ ဒီဇင်ဘာ ၂၀**
မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူး ဦးဌေးဝင်းသည် ယမန်နေ့ နံနက်ပိုင်းက သထုံမြို့ သထုံ-မော်လမြိုင် ကားလမ်းဘေးရှိ သထုံငါးလုပ်ငန်းစခန်းသို့ သွားရောက်ခဲ့ပြီး ငါးစခန်းရှိ ငါးမွေးကန်များအား ပြုပြင်ရေး၊ လမ်းဖောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ကွင်းဆင်းစစ်ဆေးရာတွင် စခန်းတာဝန်ခံ ဦးဝင်းဗိုလ်က စခန်းတွင် ကန်များပြင်ဆင်နိုင်ရေးအတွက် ကန်ရေများ ထုတ်ပြီး အခြောက်ခံထားမှု၊ ကုန်ထုတ်လမ်းများ ဖောက်လုပ်နိုင်ရေးတို့အတွက် ကန်ပေါင်များ ရှင်းလင်းထားရှိမှုများကို လိုက်လံရှင်းလင်းတင်ပြခဲ့သည်။ ပြည်နယ်ဦးစီးမှူးက ငါးသားဖောက်စခန်းပြုပြင်ရာတွင် ကောင်းမွန်သောရေသတ္တဝါမွေးမြူရေးကျင့်စဉ် (GAqP)စနစ်ဖြင့်ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ဆောင်ရွက်နိုင်ရေး၊ ကျန်းမာသန်စွမ်းသော ငါးသားပေါက်များ ထုတ်လုပ်နိုင်ရေး၊ ငါးစခန်း ဝင်ငွေ/ထွက်ငွေများ စည်းကမ်းတကျသုံးစွဲနိုင်ရေး၊ စခန်းတွင်း/ပြင် သန့်ရှင်းသာယာလှပစေရေး၊ စခန်းလုံခြုံရေးကိုလည်း အထူးဂရုစိုက်ရန်စသည့် လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




## ဧရာဝတီမြစ် မင်းဘူးခရိုင်တစ်လျှောက် တရားမဝင်ငါးဖမ်းဆီးမှုများ မရှိစေရေး ကွင်းဆင်း




**မကွေး ဒီဇင်ဘာ ၂၀**
မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး၏ လမ်းညွှန်မှုဖြင့် မင်းဘူးခရိုင်ဦးစီးဌာနမှူး ဦးတင်ထွန်း၊ ပွင့်ဖြူမြို့နယ် ဦးစီးဌာနမှူး ဦးသိန်းကိုကိုထွန်း၊ ပွင့်ဖြူစခန်းတာဝန်ခံ ဦးဉာဏ်ဝင်းနှင့် ဝန်ထမ်းများပူးပေါင်း၍ စလင်းမြို့နယ် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် တရားမဝင်ငါးဖမ်းဆီးမှုများ မရှိစေရေးနှင့် တင်ဒါပိုက်ချက်များကို ကွင်းဆင်းစစ်ဆေးခြင်း၊ သတ်မှတ်ထားသော ပိုက်ကွက်များဖြင့် ငါးဖမ်းဆီးခြင်း ရှိ၊ မရှိတို့ကို ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

## ငဖဲမြို့နယ် လိုင်ကျေးရွာနှင့် နောင်ကျေးရွာတို့၌ ဘိန်းခင်းများ ဖျက်ဆီး

**ငဖဲ ဒီဇင်ဘာ ၂၀**
မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် တောင်ပေါ်ဒေသတွင် ဘိန်းစိုက်ရာသီကာလ၌ ဘိန်းစိုက်ပျိုးမှုမရှိစေရေးအတွက် ကွင်းဆင်းစစ်ဆေးဖျက်ဆီးမှုဆောင်ရွက်နိုင်ရန် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိန်သောင်း ဦးစီး၍ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းစစ်ကြောင်းအဖွဲ့(၁)သည် ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းက လိုင်ကျေးရွာသို့ သွားရောက်ခဲ့ပြီး လိုင်ကျေးရွာနှင့် နောင်ကျေးရွာကြား တောတောင်များအတွင်း လမ်းကြောင်းတစ်လျှောက်ဘိန်းစိုက်ပျိုးမှု ရှိ၊ မရှိ ရှာဖွေစစ်ဆေးမှု ပြုလုပ်ခဲ့ရာ ကျေးရွာ၏ အရှေ့တောင်ဘက် ၁ မိုင် ၄ ဖာလုံခန့်အကွာ လျှိုအတွင်း၌ ဘိန်းပင်အမြင့် တစ်ပေခန့်ရှိ ဘိန်းစိုက်ခင်း တစ်ဧကခန့် တွေ့ရှိ၍ ဖျက်ဆီးရှင်းလင်းခဲ့သည်။



ဆက်လက်၍ ပူးပေါင်းစစ်ကြောင်း အဖွဲ့(၁)သည် မွန်းလွဲ ၁ နာရီခွဲခန့်တွင် နောင်ကျေးရွာသို့ ရောက်ရှိပြီး နောင်ကျေးရွာဓမ္မာရုံ၌ ဘိန်းစိုက်ပျိုးမှု ပပျောက်ရေး အသိပညာပေးဟောပြောပွဲ ဆောင်ရွက်ရာ ငဖဲမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးစိန်သောင်းက မှုခင်းကျဆင်းရေးအတွက် ဘိန်းစိုက်ပျိုးခြင်း မပြုလုပ်ကြရန်၊ မူးယစ်ဆေးဝါးသည် တစ်မျိုးသားလုံး လူညွန့်တုံးစေသောအရာဖြစ်၍ စိုက်ပျိုးခြင်းမပြုလုပ်ကြရန်၊ ဘိန်းစိုက်ပျိုးပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးကြရန်နှင့် ဘိန်းမျိုးစေ့များရှိပါက အပ်နှံပေးရန် ဒေသခံတောင်သူများအား ဆွေးနွေးပြောကြားခဲ့သည်။ ယင်းနောက် မွန်းလွဲ ၂ နာရီခန့်တွင် နောင်ကျေးရွာ၏ အနောက်တောင်ဘက် လေးမိုင်ခန့်အကွာ တောင်စောင်းတွင် အမြင့်ခြောက်ပေခန့်ရှိ ဘိန်းစိုက်ခင်း ၁ ဒသမ ၅ ဧကခန့် တွေ့ရှိ၍ ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

**မယု(ငဖဲ)**

## ကြာအင်းဆိပ်ကြီးမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၀**
ကရင်ပြည်နယ် ကော့ကရိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးပြည့်ဖြိုးအောင်၏ ညွှန်ကြားမှုဖြင့် ကြာအင်းဆိပ်ကြီး မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ယနေ့ မွန်းလွဲ ၂ နာရီက သတင်းအရ သံပုရာကျေးရွာ မြစ်ဆိပ်သွားလမ်းပေါ်၌ မော်လမြိုင်မြို့နေ ရှိန်းခန့်အောင် မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၀ နှင့် ငွေကျပ် ၉၀၀၀၀၀ တို့ကို သိမ်းဆည်းရမိသဖြင့် ရှိန်းခန့်အောင်အား ကြာအင်းဆိပ်ကြီးမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



## ငွေဆောင်ကမ်းခြေ၌ အပန်းဖြေရေကူးသူ နှစ်ဦး ရေနစ်သေဆုံး

**ပုသိမ် ဒီဇင်ဘာ ၂၀**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ငွေဆောင်ကမ်းခြေ၌ ဒီဇင်ဘာ ၁၉ ရက် ညနေ ၅ နာရီခွဲခန့်က ပုသိမ်မြို့မှ လာရောက်အပန်းဖြေရင်း ရေကူးကြရာမှ အမျိုးသမီးမှာ ရေလှိုင်းဆွဲအားကြောင့် ရေနစ်သွားသဖြင့် အမျိုးသားက ဆယ်ယူစဉ် နှစ်ယောက်စလုံး ရေနစ်ပျောက်ဆုံးသွားကြောင်း ကမ်းခြေစောင့်အဖွဲ့ထံမှ သိရသည်။

"ကျွန်တော်တို့ စစ်ဆေးရေးလုပ်နေချိန် မွန်းလွဲပိုင်းက ဝင်လာတာတွေ့တော့ စစ်ဆေးတာမရပ်ဘဲ အတင်းမောင်းဝင်သွားတာ" ဟု ငွေဆောင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းက ပြောသည်။ ကမ်းခြေရေငုပ်သမားများ ဝိုင်းဝန်းရှာဖွေကြရာ ညနေ ၆ နာရီခန့်တွင် အမျိုးသမီးကို ဆယ်ယူရရှိသည်။ အမျိုးသားကို ယနေ့နံနက်ပိုင်းတွင် ဆယ်ယူရရှိပြီး ၎င်းတို့နေထိုင်ရာဒေသကို စုံစမ်းရှာဖွေရာ ပုသိမ်ခရိုင် ရဲတပ်ဖွဲ့မှ ကူညီစုံစမ်းသဖြင့် သေဆုံးသူအမျိုးသားမှာ ပုသိမ်မြို့ အမှတ် (၆) ရပ်ကွက် ရုံးဗိုလ်တပ်နေ မောင်အောင်ထွန်းလင်း ၂၅ နှစ်ဖြစ်ကြောင်း၊ အမျိုးသမီးမှာ ရှမ်းပြည်နယ် (တောင်ပိုင်း)မှ ပုသိမ်မြို့၌ အထည်ဆိုင် လာရောက်ဖွင့်လှစ်သူ မကြည်ဆွေ ၂၃ နှစ်ဖြစ်ကြောင်း အမှတ်(၅)ရပ်ကွက် ရာအိမ်မှူး ဦးကျော်အောင်ထံမှ သိရသည်။


အဆိုပါ အမှုနှင့်ပတ်သက်၍ ငွေဆောင်နယ်မြေရဲစခန်းမှ ရဲအုပ် ညီညီနိုင်က သေမှုသေခင်းဖွင့်၍ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပုသိမ်လှကြည်**

## ကွမ်းလုံမြို့နယ်၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၀**
မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီ ၅၅ မိနစ်တွင် ကွမ်းလုံမြို့နယ် ကန်မိန်းကျေးရွာအုပ်စု ကန်မိန်းကျေးရွာနေ မနန်းလူ၏ နေအိမ်အား ရှာဖွေရာ ဘိန်းစိမ်း သုည ဒသမ ၂၅ ကီလို၊ ဘိန်းဖြူ သုည ဒသမ ၁၁ ကီလို၊ စိတ်ကြွဆေးပြား ၂၄၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် မနန်းလူအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**


မနန်းလူအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**အများပြည်သူသို့ အသိပေး ကြေညာခြင်း**

၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၇၆ ပုဒ်မခွဲ(ခ) အရ **"မော်တော်ဆိုင်ကယ်ကို စီးနင်းမောင်းနှင်ရာတွင် ရှေ့မီးအနိမ့်ကို နေ့/ည အချိန်တိုင်းတွင် ဖွင့်၍ မောင်းနှင်ကြပါရန်"** အသိပေးအပ်ပါသည်။

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

# ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ရေးအတွက် နှာခေါင်းစည်းမဖြစ်မနေ ဝတ်ဆင်ရေး လှုပ်ရှားမှု ပြုလုပ်



မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် စည်ပင်သာယာဈေး၌ ဈေးရောင်း ဈေးဝယ်သူများအား ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းက နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေပေးစဉ်။ ဓာတ်ပုံ - စည်သူလွင်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် မြို့မဈေး၌ We Love Hlegu လူထုအခြေပြု ပရဟိတအဖွဲ့က ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် လက်သန့်ဆေးရည်များ အခမဲ့ ဖြန့်ဝေပေးစဉ်။ ဓာတ်ပုံ - နိုင်လင်း(လှည်းကူး)



ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် မြို့မဈေးနှင့် ပုံကျဈေးတို့၌ ဈေးရောင်း ဈေးဝယ်သူများအား ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းက နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေပေးစဉ်။ ဓာတ်ပုံ - လွမ်းသူနောင် (ပြန်/ဆက်)



စစ်ကိုင်းတိုင်းဒေသကြီး မြို့သစ်မြို့၌ ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းက နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေပေးစဉ်။ ဓာတ်ပုံ - မြို့နယ်(ပြန်/ဆက်)



ရော၀တီတိုင်းဒေသကြီး ငွေဆောင်မြို့ အထကငွေဆောင်ကျောင်းရှေ့၌ ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းက နှာခေါင်းစည်း မဖြစ်မနေ ဝတ်ဆင်သွားလာရန် အသိပညာပေးလုပ်ငန်း ဆောင်ရွက်စဉ်။ ဓာတ်ပုံ - မူမူသွင်(ပြန်/ဆက်)



ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ်၌ ဒီဇင်ဘာ ၁၇ ရက် ညနေပိုင်းက နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေပေးစဉ်။ ဓာတ်ပုံ - မျိုးညွန့်ရွှေ (ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် တော်လတဲ့ကျေးရွာ၌ ဒီဇင်ဘာ ၁၈ ရက်က နှာခေါင်းစည်း မဖြစ်မနေ ဝတ်ဆင်ရေး အသိပညာပေးကာ နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေပေးစဉ်။ ဓာတ်ပုံ - ဇင်မင်းထိုက် (ပြန်/ဆက်)



ရခိုင်ပြည်နယ် မောင်တောမြို့၌ ဈေးရောင်း ဈေးဝယ်သူများအား ဒီဇင်ဘာ ၂၀ ရက်နံနက်ပိုင်းက နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေပေးစဉ်။ ဓာတ်ပုံ - ခရိုင်(ပြန်/ဆက်)

# ရက် ၉၀ လွန်သွားရင် ပြန်ပြီးဖြစ်နိုင်တဲ့ အခြေအနေရှိ

ဒီရောဂါဖြစ်ပြီးရင် အေးအေးဆေးဆေးပဲ၊ နောင်ဖြစ်စရာ မလိုတော့ဘူးဆိုပြီးတော့ ထင်နေတဲ့လူတွေလည်း ရှိပါတယ်။ အဲဒီဟာလည်း မဟုတ်ပါဘူးဆိုတာ ကျွန်မ သတိပေးပါရစေ။ ကျွန်မနားလည်သလောက်ကတော့ ပညာရှင်များ သတ်မှတ်ထားတာက ရောဂါဖြစ်ပြီးတော့ ၃လလောက်အထိ ရက် ၉၀ ပေါ့။ ရက် ၉၀ ဆိုတော့ ၃ လလောက်အထိကို ပြန်ပြီးတော့ ရောဂါကူးဖို့ အခြေအနေ မရှိဘူးပေါ့။ မရှိသလောက်ပဲဆိုပါတော့။ ဒါပေမယ့် ရက် ၉၀ လွန်သွားလို့ရှိရင် ပြန်ပြီးတော့ ဖြစ်နိုင်တဲ့အခြေအနေ ပြန်ရောက်သွားပါတယ်။ ဒါကြောင့် တစ်ခါ ကိုဗစ်ကူးပြီးပြီဆိုရင်၊ ဖြစ်ပြီးပြီဆိုရင် နောင်ဖြစ်တော့မှာမဟုတ်ဘူး၊ ဖြစ်ရင်လည်းဖြစ်ပါစေဆိုပြီးတော့ ဒီလိုစိတ်ထဲမှာ မထားပါနဲ့။ ထပ်တလဲလဲ ဖြစ်နေတယ်ဆိုလို့ရှိရင်တော့ ကိုယ့်ရဲ့အခြေခံကျန်းမာရေးကိုတော့ ထိခိုက်မှာဖြစ်ပါတယ်။ အဲဒီလို အခြေခံကျန်းမာရေး ထိခိုက်ရုံတင်မကဘူးပေါ့။ တစ်ခါဖြစ်တိုင်းဖြစ်တိုင်း ကိုယ့်အတွက်ရော၊ ကိုယ့်မိသားစုတွေအတွက်ရော ဝန်ထုပ်ဝန်ပိုး ဖြစ်ပါတယ်။ နိုင်ငံတော်အတွက်လည်း ဝန်ထုပ်ဝန်ပိုးဖြစ်ပါတယ်။



(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁၁-၁၂-၂၀၂၀ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၂၀-၁၂-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ**

၁။ (၁၉-၁၂-၂၀၂၀)ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ(၉၈၉) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြု လူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၆၂ |
| | | မြောက်ဥက္ကလာပ | ၆၁ |
| | | လှိုင်သာယာ | ၃၉ |
| | | မရမ်းကုန်း | ၃၂ |
| | | အင်းစိန် | ၂၉ |
| | | ရွှေပြည်သာ | ၂၆ |
| | | တောင်ဥက္ကလာပ | ၂၆ |
| | | မင်္ဂလာဒုံ | ၂၅ |
| | | မှော်ဘီ | ၂၄ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၁၈ |
| | | သာကေတ | ၁၆ |
| | | ကမာရွတ် * | ၁၄ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁၄ |
| | | စမ်းချောင်း | ၁၄ |
| | | ကျောက်တံတား | ၁၃ |
| | | တိုက်ကြီး | ၁၂ |
| | | တာမွေ | ၁၀ |
| | | ကော့မှူး | ၉ |
| | | ကျောက်တန်း | ၈ |
| | | သင်္ဃန်းကျွန်း | ၇ |
| | | ကြည့်မြင်တိုင် | ၇ |
| | | လှည်းကူး | ၆ |
| | | ဗိုလ်တထောင် * | ၆ |
| | | သုံးခွ | ၆ |
| | | ပုဇွန်တောင် | ၅ |
| | | သန်လျင် | ၄ |
| | | အလုံ | ၄ |
| | | ရန်ကင်း | ၄ |
| | | ဒဂုံ | ၄ |
| | | ထန်းတပင် | ၄ |
| | | မင်္ဂလာတောင်ညွန့် | ၃ |
| | | ဒေါပုံ | ၃ |
| | | လှိုင် | ၂ |
| | | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | ၂ |
| | | ခရမ်း | ၂ |
| | | လသာ | ၂ |
| | | ဒလ | ၁ |
| | | ပန်းဘဲတန်း | ၁ |
| | | ဆိပ်ကြီးခနောင်တို | ၁ |
| | | တွံတေး | ၁ |
| | | စုစုပေါင်း | ၄၈၇ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | ချမ်းမြသာစည် | ၆၄ |
| | | ချမ်းအေးသာစံ | ၅၁ |
| | | အောင်မြေသာစံ | ၄၃ |
| | | မဟာအောင်မြေ | ၂၈ |
| | | အမရပူရ | ၂၅ |
| | | စဉ့်ကိုင် | ၁၁ |
| | | ကျောက်ဆည် | ၁၀ |
| | | တောင်သာ | ၉ |
| | | ပုသိမ်ကြီး | ၉ |
| | | ပြည်ကြီးတံခွန် | ၈ |
| | | မြင်းခြံ | ၆ |
| | | ကျောက်ပန်းတောင်း | ၄ |
| | | ပြင်ဦးလွင် | ၃ |
| | | နွားထိုးကြီး | ၃ |
| | | ရမည်းသင်း | ၁ |
| | | ဝမ်းတွင်း | ၁ |
| | | မိုးကုတ် | ၁ |
| | | ငါန်းဇွန် | ၁ |
| | | ညောင်ဦး | ၁ |
| | | စုစုပေါင်း | ၂၇၉ |
| ၃။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၃၀ |
| | | ကျောက်တံခါး | ၇ |
| | | မင်းလှ | ၅ |
| | | သဲကုန်း | ၅ |
| | | သာယာဝတီ | ၄ |
| | | ပြည် | ၃ |
| | | မိုးညို | ၃ |
| | | ရွှေကျင် | ၂ |
| | | သနပ်ပင် | ၂ |
| | | ကဝ | ၁ |
| | | ကျောက်ကြီး | ၁ |
| | | ပန်းတောင်း | ၁ |
| | | ရွှေတောင် | ၁ |
| | | စုစုပေါင်း | ၆၅ |
| ၄။ | မကွေးတိုင်းဒေသကြီး | အောင်လံ | ၁၂ |
| | | ဂန့်ဂေါ | ၅ |
| | | မင်းလှ | ၄ |
| | | မင်းဘူး | ၃ |
| | | စလင်း | ၃ |
| | | မြင်ခြံ | ၂ |
| | | မကွေး | ၂ |
| | | တောင်တွင်းကြီး | ၂ |
| | | ချောက် | ၁ |
| | | ကံမ | ၁ |
| | | မြို့သစ် | ၁ |
| | | ဆော | ၁ |
| | | သရက် | ၁ |
| | | စုစုပေါင်း | ၃၈ |
| ၅။ | ဧရာဝတီတိုင်းဒေသကြီး | မော်လမြိုင်ကျွန်း | ၉ |
| | | ပုသိမ် | ၉ |
| | | ဟင်္သာတ | ၃ |
| | | ဘိုကလေး | ၂ |
| | | ကျိုက်လတ် | ၁ |
| | | လပွတ္တာ | ၁ |
| | | မြောင်းမြ | ၁ |
| | | ပန်းတနော် | ၁ |
| | | စုစုပေါင်း | ၂၇ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ကလေး | ၈ |
| | | ကန့်ဘလူ | ၃ |
| | | တမူး | ၃ |
| | | ရွှေဘို | ၂ |
| | | ဟုမ္မလင်း | ၁ |
| | | အင်းတော် | ၁ |
| | | ကျွန်းလှ | ၁ |
| | | စစ်ကိုင်း | ၁ |
| | | ဆားလင်းကြီး | ၁ |
| | | ယင်းမာပင် | ၁ |
| | | စုစုပေါင်း | ၂၂ |
| ၇။ | နေပြည်တော် | ဇေယျာသီရိ | ၁၂ |
| | | ပုဗ္ဗသီရိ | ၂ |
| | | ဇမ္ဗူသီရိ | ၂ |
| | | ဥတ္တရသီရိ | ၂ |
| | | လယ်ဝေး | ၁ |
| | | ပျဉ်းမနား | ၁ |
| | | စုစုပေါင်း | ၂၀ |
| ၈။ | မွန်ပြည်နယ် | ပေါင် | ၅ |
| | | မော်လမြိုင် | ၂ |
| | | သထုံ | ၂ |
| | | ဘီးလင်း | ၁ |
| | | ကျိုက်မရော | ၁ |
| | | ကျိုက်ထို | ၁ |
| | | သံဖြူဇရပ် | ၁ |
| | | စုစုပေါင်း | ၁၃ |
| ၉။ | ရခိုင်ပြည်နယ် | အမ်း | ၃ |
| | | ကျောက်ဖြူ | ၃ |
| | | စစ်တွေ | ၂ |
| | | ကျောက်တော် | ၁ |
| | | မင်းပြား | ၁ |
| | | သံတွဲ | ၁ |
| | | စုစုပေါင်း | ၁၁ |
| ၁၀။ | ကချင်ပြည်နယ် | ဖားကန့် | ၄ |
| | | မြစ်ကြီးနား | ၃ |
| | | ဗန်းမော် | ၁ |
| | | စုစုပေါင်း | ၈ |
| ၁၁။ | ရှမ်းပြည်နယ် | တောင်ကြီး | ၂ |
| | | မူဆယ် | ၂ |
| | | ကျောက်မဲ | ၁ |
| | | နမ့်ဆန် | ၁ |
| | | စုစုပေါင်း | ၆ |
| ၁၂။ | ချင်းပြည်နယ် | တွန်းဇံ | ၃ |
| | | တီးတိန် | ၂ |
| | | စုစုပေါင်း | ၅ |
| ၁၃။ | ကရင်ပြည်နယ် | မြဝတီ | ၂ |
| | | ဘားအံ | ၁ |
| | | ကော့ကရိတ် | ၁ |
| | | စုစုပေါင်း | ၄ |
| ၁၄။ | တနင်္သာရီတိုင်းဒေသကြီး | မုတ်ကလာ | ၂ |
| | | ကျွန်းစု | ၁ |
| | | စုစုပေါင်း | ၃ |
| ၁၅။ | ကယားပြည်နယ် | လွိုင်ကော် | ၁ |
| | | စုစုပေါင်း | ၁ |
| | | (၁၉-၁၂-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၉၈၉) ဦး |

* ကမာရွတ်မြို့နယ်မှ (၅) ဦးနှင့် ဗိုလ်တထောင်မြို့နယ်မှ (၁) ဦးတို့သည် ပြည်ပနိုင်ငံမှ ပြန်လည်ရောက်ရှိလာသဖြင့် အသွားအလာ ကန့်သတ်ထားရှိခြင်းဖြစ်ပါသည်။

**မှတ်ချက်။** (၁၉-၁၂-၂၀၂၀)ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၉၈၉)ဦးတွင် အနံ့မရရှိသူ (၁၈၇) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ကျိုက်မရောမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မော်လမြိုင် ဒီဇင်ဘာ ၂၀**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးထွန်းမင်းအောင်၊ လွှတ်တော်ကိုယ်စားလှယ်များသည် ယမန်နေ့နံနက်ပိုင်းက ကျိုက်မရောမြို့နယ်သို့သွားရောက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျိုက်မရော-စံပယ်ဂူ-ကော့ပနောလမ်းရှိ အတ္ထရံမြစ်ကူး (စံပယ်ဂူ)တံတားသို့ ရောက်ရှိကာ တံတားသန့်ရှင်းသာယာလှပရေးနှင့် လာရောက်လည်ပတ်သူများ အပန်းဖြေနားခိုနိုင်ရေး ပန်းခြံငယ်တစ်ခုနှင့် မော်တော်ယာဉ်များထားရှိမည့် ကားပါကင်ပြုလုပ်နိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံကာ လမ်းညွှန်မှာကြားပြီး ကျိုက်မရောမြို့နယ် လမုခိုကျေးရွာအုပ်စု လမုခိုကျေးရွာရှိ ဖားဘောင်လိုဏ်ဂူတော်အဝင်လမ်း ကျောက်ချောလမ်းအဆင့်မြှင့်တင်ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျိုက်မရောမြို့နယ် ရေပူကျေးရွာအုပ်စု ရေပူ(ကော့စပ်)ကျေးရွာရှိ သဘာဝရေပူကန်သို့ရောက်ရှိရာ ရေပူကန်နှင့်ပတ်သက်၍ လမ်း၊ တံတားလုပ်ငန်းများ၊ စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ၊ လျှပ်စစ်မီးရရှိသွယ်တန်းရေးလုပ်ငန်းများစသည့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံမေးမြန်းခဲ့ပြီး သဘာဝရေပူကန်နှင့်ပတ်သက်၍ တာဝန်ရှိသူများအား လိုအပ်သည်များကို လမ်းညွှန်မှာကြားကာ ချောင်းနှစ်ခွကျေးရွာရှိ ချောင်းနှစ်ခွဈေး(သီရိမင်္ဂလာဈေး)နှင့် ချောင်းနှစ်ခွဆိပ်ကမ်းဟောင်းတို့အား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဝေလင်း(ပြန်/ဆက်)**





# ကျောင်းကုန်းမြို့နယ် ရေတာကြီး-ကြိုးကြာကွင်း လမ်းခင်းနေမှု ကွင်းဆင်းကြည့်ရှု

**ကျောင်းကုန်း ဒီဇင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ရေတာကြီးအုပ်စု အုန်းပင်စုကျေးရွာ၌ ယမန်နေ့မွန်းလွဲပိုင်းက လမ်းခင်းမည့်အခြေအနေကို ရပ်မိရပ်ဖများနှင့်ဒေသခံပြည်သူများအား တွေ့ဆုံ၍ ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ရှေးဦးစွာ မဲဆန္ဒနယ်အမှတ်(၂)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဇော်က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်းက လုပ်ငန်းအရည်အသွေးပြည့်မီစေရန်၊ ရှောင်ကွင်းလမ်းစနစ်တကျပေးရန်နှင့် ရေရှည်မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်ရန် ပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်စီမံကိန်းဦးစီးမှူး ဦးဇော်ဝင်းအောင်က စီမံကိန်းလုပ်ငန်းအကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်ကျေးလက်လမ်းဦးစီးဌာန တာဝန်ခံအင်ဂျင်နီယာ ဒေါ်ဆုသီရိမွန်က ခင်းမည့်လမ်းအခြေအနေကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ရေတာကြီး-ကြိုးကြာကွင်းလမ်းကို ကျောက်ချောလမ်းအရှည် တစ်မိုင်လေးဖာလုံ၊ လမ်းအကျယ် ၁၂ ပေနှင့် မြေရောကျောက်လမ်းပခုံးခင်းခြင်းကို တစ်ဖက် သုံးပေစီဖြင့် ဒုခြောက်လက်မ ခင်းပေးသွားမည်ဖြစ်ရာ လမ်းအကျယ် ၁၈ ပေ ရှိသွားမည်ဖြစ်ကြောင်း၊ ခွင့်ပြုငွေကျပ် ၁၂၈ သန်းဖြင့် မြို့နယ်ကျေးလက်လမ်းဦးစီးဌာနမှ တာဝန်ယူခင်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ရန်ကုန်မြစ်တွင်း အပျော်စီးသင်္ဘောခရီးစဉ်သစ် ဖွင့်လှစ်ပြေးဆွဲ



**ရန်ကုန် ဒီဇင်ဘာ ၂၀**

ရန်ကုန်မြစ်အတွင်း နှစ်ထပ်အပျော်စီးသင်္ဘောခရီးစဉ်သစ် ပြေးဆွဲရန်အတွက် ဖွင့်ပွဲကို ရန်ကုန်မြို့ ပန်းဆိုးတန်းဆိပ်ကမ်းအနီးရှိကျန်းမာရေးဆိပ်ကမ်း၌ ယနေ့ညနေပိုင်းက ကျင်းပသည်။

ကိုဗစ်ကာလပြည်သူများ စိတ်အပန်းဖြေနိုင်ကြစေရန် အတွက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းက စီစဉ်သော ရန်ကုန်မြစ်အတွင်း အပျော်စီးသင်္ဘောခရီးစဉ်အား ဒီဇင်ဘာ ၂၅ ရက်(ခရစ္စမတ်)ညနေပိုင်းမှစတင်၍ ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ခရီးသွားမြှင့်တင်ရေးကဏ္ဍ အစီအစဉ်ဖြစ်သော ကျန်းမာရေးဆိပ်ကမ်း-ရန်ကုန်မြစ်-ဘုရင့်နောင်-မြစ်သုံးဆိုင်-ကျန်းမာရေးဆိပ်ကမ်း ခရီးစဉ်အား ပြေးဆွဲမည့် အဆိုပါ နှစ်ထပ်အပျော်စီးသင်္ဘောခရီးစဉ်သစ်ဖွင့်ပွဲ၌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ကရင်တိုင်းရင်းသားရေးရာ ဝန်ကြီး ဒေါ်နော်ပန်းသဇ္ဇာမျိုး၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနရုံးခွဲ (ရန်ကုန်တိုင်းဒေသကြီး) ညွှန်ကြားရေးမှူးဦးနိုင်ဝင်းနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးနောင်းနောင်းဟန်တို့က တက်ရောက်ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။ ဖွင့်ပွဲအပြီး၌ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းဝင်များ အပါအဝင် သတင်းမီဒီယာများနှင့်အတူ ကျန်းမာရေးဆိပ်ကမ်းမှ နှစ်ထပ်အပျော်စီးသင်္ဘောဖြင့် ကျန်းမာရေးဆိပ်ကမ်း-ရန်ကုန်မြစ်-ဘုရင့်နောင်-မြစ်သုံးဆိုင်- ကျန်းမာရေးဆိပ်ကမ်း ခရီးစဉ်အား ယနေ့ညနေ ၄ နာရီတွင် လိုက်ပါစီးနင်းခဲ့ကြပြီး ည ၇ နာရီတွင် ကျန်းမာရေးဆိပ်ကမ်းသို့ ပြန်လည်ရောက်ရှိခဲ့ကြကြောင်း သိရသည်။

လိုက်နာရမည့်ကျန်းမာရေးဆိုင်ရာ စံသတ်မှတ်ချက်များနှင့်အညီ အဆိုပါ အပျော်စီးသင်္ဘောပေါ်၌ ခရီးသည် ၁၂၀ လိုက်ပါစီးနင်းနိုင်ကြမည်ဖြစ်သော်လည်း ဒီဇင်ဘာ ၂၅ ရက်(ခရစ္စမတ်) ညနေပိုင်းမှစတင်၍ ပြေးဆွဲမည့်ခရီးစဉ်များ၌ ခရီးသည် ၃၀ ကိုသာ တင်ဆောင်၍ အပျော်စီးသင်္ဘော ခရီးစဉ်အားပြေးဆွဲပေးမည်ဖြစ်ရာ အပျော်စီးသင်္ဘော ထိုင်ခုံလက်မှတ်ခနှုန်းထားအားတစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ကျပ် သတ်မှတ်ထားရှိကြောင်း သိရပြီး ပေါက်စီမုန့်နှင့် သောက်ရေသန့်များကိုလည်း ခရီးသည်များအတွက် စားသုံးနိုင်ရန် စီစဉ်ထားမည်ဖြစ်ကြောင်း သိရသည်။

"လက်မှတ်က ကျွန်တော်တို့ဆီမှာ ဝယ်ယူနိုင်သလို အသင်းဝင်ခရီးသွားကုမ္ပဏီတွေဆီမှာလည်း ဝယ်ယူလို့ရပါတယ်။ ခရီးသည် ၃၀ သာ တင်ဆောင်ခွင့်ရတဲ့အတွက် ဈေးနည်းနည်းကြီးနေတာပါ။ နောက်ပိုင်းလူလည်း နည်းနည်း ပိုတင်လို့ရမယ်။ ခွင့်ပြုချက်လည်းရှိတယ်ဆိုရင်တော့ ကျွန်တော်တို့လက်မှတ်ခနှုန်းထားကို ထပ်လျှော့ပေးမှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးနောင်းနောင်းဟန်က ပြောသည်။

နေဝင်ချိန် ဆည်းဆာအလှကို လိုက်ပါခံစားနိုင်ရန် ရည်ရွယ်၍ ဗိုလ်တထောင်- တွံတေး ခရီးစဉ်ကိုပါ ထပ်မံပြေးဆွဲရန်စီစဉ်ထားရာ ခရီးစဉ်၌ ရွှေဆံတော်ဘုရားနှင့် ဒေသခံများလုပ်ကိုင်နေကြသည့် အိုးလုပ်ငန်းများ အပါအဝင် ရက်ကန်းလုပ်ငန်းများကိုပါ ဝင်ရောက်လေ့လာနိုင်ကြမည်ဖြစ်ကြောင်း၊ ယခုပြေးဆွဲမည့် နှစ်ထပ်အပျော်စီးသင်္ဘောအပါအဝင် ထပ်မံ၍ နှစ်ထပ်အပျော်စီး သင်္ဘောတစ်စင်း ထပ်တိုးပြေးဆွဲရန်စီစဉ်ထားရာ ခရီးစဉ်၌ ခရီးသည်များအနေဖြင့် ညနေ ၃ နာရီ ၄၅ မိနစ်တွင် သင်္ဘောပေါ်သို့ တက်ကြရမည်ဖြစ်ပြီး ညနေ ၃ နာရီခွဲတွင် ကောင်တာပိတ်မည်ဖြစ်ကြောင်း၊ ပြေးဆွဲပေးမည့်ခရီးစဉ်အရ ကျန်းမာရေးဆိပ်ကမ်းမှတစ်ဆင့် ညနေ ၄ နာရီတွင်စတင်ထွက်ခွာပြေးဆွဲမည်ဖြစ်ပြီး ရန်ကုန်မြစ်တွင်းမှ ဗိုလ်တထောင်ဘုရားအနီးတစ်ဝိုက်၊ ထိုမှတစ်ဆင့် သန်လျက်စွန်းသို့ပြေးဆွဲ၍ သန်လျက်စွန်းမှ ရန်ကုန်မြစ်အတိုင်း ပြေးဆွဲမည်ဖြစ်သည်။ ယင်းနောက် တွံတေးမြစ်ဝရှိ မြစ်သုံးဆုံနေရာသို့ ဆက်လက်ပြေးဆွဲကာ ထိုမှတစ်ဆင့် ကြည့်မြင်တိုင်ကမ်းနားလမ်းတောက်လျှောက် ဘုရင့်နောင်တံတားအနီးထိ ပြေးဆွဲ၍ ကျန်းမာရေးဆိပ်ကမ်းသို့ ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ သိရသည်။

**သတင်း-ပွင့်သစ္စာ**
**ဓာတ်ပုံ-စိုးမြင့်အောင်**

# မော်လမြိုင်ကျွန်းမြို့နယ်၌ အဝင်အထွက်ကန့်သတ်ထားသည့်လမ်းများရှိ အိမ်ထောင်စုများအား ဆန်နှင့်စားသောက်ကုန်ပစ္စည်းများလှူဒါန်း

**မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၂၀**

မော်လမြိုင်ကျွန်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်မှုရှိသည့် လမ်းများအား ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အဝင်အထွက်ကန့်သတ်သည့်လမ်းများအဖြစ် သတ်မှတ်ကြေညာထားရှိသည့်မြို့နယ်တွင် ယနေ့အချိန်ထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ အတည်ပြုလူနာ ၄၂၈ ဦး၊ ကျန်းမာရေးကောင်းမွန်သဖြင့် ဆေးရုံဆင်းသူ ၃၆၈ ဦး၊ လက်ရှိဆေးကုသမှုခံယူဆဲလူနာ ၅၇ ဦးရှိပြီး သေဆုံးသူ သုံးဦးရှိသည်။

အဆိုပါအဝင်အထွက်ကန့်သတ်ထားသည့် လမ်းများရှိ အိမ်ထောင်စုများ စားဝတ်နေရေးအဆင်ပြေစေရေးအတွက် မြို့နယ်အတွင်းရှိ စေတနာရှင်များမှ စားသောက်ကုန်ပစ္စည်းများ လှူဒါန်းလျက်ရှိသည်။ ယနေ့နံနက် ၁၁ နာရီတွင် ကျူချောင်းကျေးရွာ ရွှေမော်ကျွန်းဆရာတော်နှင့် စေနာရှင် ဒါယကာ ဒါယိကာမများက အမှတ်(၁၁)ရပ်ကွက် သီတာလမ်းရှိ အိမ်ထောင်စု ၁၄ စုအတွက် ဆန်တစ်အိတ်၊ ဆီ နှစ်ပိဿာ၊ ကြက်သွန် နှစ်ပိဿာ၊ အာလူး တစ်ပိဿာ၊ အချိုမှုန့် တစ်ထုပ်စီ ပေးအပ်လှူဒါန်းသည်။

ဆက်လက်ပြီး အမှတ်(၉)ရပ်ကွက် ခိုင်ရွှေဝါလမ်းရှိ အိမ်ထောင်စု ၆၄ စု အတွက် အလှူရှင်များဖြစ်ကြသော ကိုထွန်းထွန်းဝင်း၊ ကိုကျော်ဆွေ၊ ကိုဇော်ဝမ်း၊ ကိုရွှေသာ၊ ကိုသန်းဝင်း၊ ကိုထွန်းထွန်း၊ ကိုဇော်မင်းဦး၊ ကိုငြိမ်းချမ်း၊ မလှဲ့ယဉ်မွန်၊ ကိုအေးမြင့်တို့က တစ်အိမ်ထောင်လျှင်ဆန် လေးပြည်၊ ဆီ ၅၀ ကျပ်သား၊ ကြက်သွန်နီ၊ အချိုမှုန့်၊ ဆားနှင့် ခေါက်ဆွဲထုပ်များ စုပေါင်းလှူဒါန်းကြကြောင်း သိရသည်။

**သီတာအောင်(ပြန်ဆက်)**



# (၉၆) နှစ်ပြည့် မန္တလေးတက္ကသိုလ် ပင်မအဆောက်အအုံ

**ဆူးငှက်**

မန္တလေးတက္ကသိုလ်၏ အမှတ်လက္ခဏာဖြစ်သော တိုင်လုံးကြီးခြောက်လုံးနှင့် ပင်မအဆောက်အအုံကြီးမှာ ယခု ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၂ ရက်တွင် ၉၆ နှစ်ပြည့်ပါပြီ။

### စိုက်ပျိုးရေးသိပ္ပံကို တည်ထောင်ဖွင့်လှစ်ရာတွင်

တကယ်တော့ ၁၉၂၅ ခုနှစ် ဇူလိုင် ၄ ရက်တွင် မန္တလေးဥပစာကောလိပ်ကိုစတင်ဖွင့်လှစ်သောအခါ ယခုပင်မအဆောက်အအုံကြီးသည် ဥပစာကောလိပ်နှင့် မသက်ဆိုင်ခဲ့ပေ။ ပထမကမ္ဘာစစ်ကြီးကာလအတွင်းက မိမိ၏ ကိုလိုနီနိုင်ငံဖြစ်သော မြန်မာပြည်၏ အထွက်ကောင်းဈေးကောင်းရခဲ့သော ဆန်စပါးထုတ်ကုန်က စစ်စရိတ်အတွက် ကြီးမားသောအထောက်အကူ ဖြစ်ခဲ့သည်။ ထို့ကြောင့် အင်္ဂလိပ်အစိုးရက မြန်မာ့ဆန်စပါးစိုက်ပျိုးရေးအတွက် မန္တလေးတွင် စိုက်ပျိုးရေးသိပ္ပံကိုတည်ထောင်ဖွင့်လှစ်ရာတွင် ထိုအဆောက်အအုံကြီးက အဓိက ပါဝင်ခဲ့သည်။ အဆောက်အအုံကို ၁၉၂၁ ခုနှစ် ဩဂုတ် ၂၉ ရက်တွင် မြန်မာပြည်ဘုရင်ခံ ဆာရီဂျင်နယ်ဟင်နရီကရက်ဒေါက်က အုတ်မြစ်ချပေးခဲ့သည်။

### အုတ်မြစ်ချသည့် ကျောက်စာကမ္ပည်း

ထိုမှတ်တမ်းကို အဆောက်အအုံကြီး၏ မြောက်ဘက်အဝင်ပေါက်၏ ညာဘက်အောက်ခြေတွင် –

This stone was laid

By the Honourable

Sir Reginald Henry

Craddock, K.C.S.I.,

Lieut. Governor

of Burma on the 29thDay of August 1921.

ဟု အုတ်မြစ်ချသည့် ကျောက်စာကမ္ပည်း ရေးထိုးထားသည်ကို လေ့လာနိုင်ပါသည်။

**မန္တလေးတက္ကသိုလ်သည် ၂၀၂၅ ခုနှစ် ဇူလိုင် ၄ ရက်တွင် နှစ် ၁၀၀ ပြည့်မည်ဖြစ်ပြီး မန္တလေးတက္ကသိုလ်၏ ပင်မအဆောက်အအုံကြီးကမူ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် နှစ် ၁၀၀ ပြည့်. . .**

### ဖွင့်လှစ်သည့် ကျောက်စာကမ္ပည်း

အဆောက်အအုံကြီးကို အုတ်မြစ်ချပြီးနောက် သုံးနှစ်အကြာ ၁၉၂၄ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် မြန်မာပြည်ဘုရင်ခံချုပ် ဆာစပင်ဆာဟာကုတ်ဘက်တလာက ဖွင့်လှစ်ပေးခဲ့ပါ၏။ ထိုမှတ်တမ်းကို မြောက်ဘက် အဝင်ပေါက်အထက်ထုတ်တမ်းတွင် –

This Building was opened by

His Excellency Sir Spencer Harcourt Buttler, GCIE, KCSI,

Governor of Burma, on the 22nd Day 0f December 1924.

ဟု ဖွင့်လှစ်သည့် ကျောက်စာကမ္ပည်း ထိုးထားပါသည်။ အဆိုပါအဆောက်အအုံကို ငွေဒင်္ဂါး ၁၂ သိန်း အကုန်အကျခံတည်ဆောက်ခဲ့သည်ဟု မှတ်သားရသည်။

အင်္ဂလိပ်အစိုးရက စိုက်ပျိုးရေးသိပ္ပံကိုတည်ထောင်ခြင်းနှင့်အတူ အမှုထမ်းအဆင့်အလိုက် နယ်မြေရပ်ကွက်ကိုပါ ဖွဲ့စည်းခဲ့သည်။ ရာထူးအကြီးအသေးအလိုက် အင်ပီရီယယ်ကွာတား (ImperialQr)၊ အေဒီအေကွာတား (ADA–Assistant Director of AgricultureQr)၊ အက်အေအေကွာတား (SAA–Senior Agricultural Assistant Qr) နှင့် ဂျေအေအေကွာတား (Junior Agricultural Assistant Qr) ဟူ၍ဖြစ်သည်။

### မန္တလေးမြို့တွင် ဥပစာကောလိပ်ဖွင့်လှစ်ပေးရန်

၁၉၂၀ ပြည့်နှစ် ပထမကျောင်းသားသပိတ်ကြီး စတင်ပေါ်ပေါက်လာခဲ့ပြီးနောက် အမျိုးသားကျောင်း၊ အမျိုးသားကောလိပ်နှင့် အမျိုးသားပညာရေးတောင်းဆိုမှုများနှင့်အတူ အထက်ဗမာပြည် မန္တလေးမြို့တွင်လည်း ဥပစာကောလိပ်တစ်ကျောင်းဖွင့်လှစ်ပေးရန် မန္တလေးမြို့မိမြို့ဖများဖြစ်သည့် ဗဟိုစည်ဦးဘဦး၊ ကျောက်စာဝန်တော်စိန်ခိုနှင့် ရသေ့ကြီးဦးခန္တီတို့နှင့်အတူ ဗဟိုအမျိုးသားကျောင်းဆရာကြီး ဦးရာဇတ်တို့ဦးဆောင်ပြီး မန္တလေးမြို့လူထုကတောင်းဆိုကြသည်။ အကယ်၍ အင်္ဂလိပ်အစိုးရက မလိုက်လျောလျှင်လည်း မန္တလေးမြို့လူထုအနေနှင့် ကိုယ့်အလှူငွေနှင့်ကိုယ်၊ ကိုယ့်မြို့မှာ ကိုယ့်ကောလိပ် ကိုယ်ကိုယ်တိုင်ဖွင့်ကြမည်ဟု တင်ပြကြသည်။ နိုင်ငံရေးမျက်နှာစာမှာလည်း ဂျီစီဘီအေဦးချစ်လှိုင်က ဦးဆောင်ပြီး တောင်းဆိုကြသည်။ တစ်ဆက်တည်း ဝံသာနုခေါင်းဆောင် ဦးဘဘေကဥပဒေပြုကောင်စီတွင် ၁၉၂၀ ပြည့်နှစ် တက္ကသိုလ်အက်ဥပဒေကို ပြင်ဆင်ရေးဥပဒေအကြမ်းတင်ခဲ့၏။ ပထမအဆင့်အနေနှင့် ၁၉၂၄ ခု ဧပြီလတွင် အစိုးရက ဥပဒေကိုပြင်ဆင်ရန်အတည်ပြုပေးခဲ့ရသည်။ ထို့အပြင် ၁၉၂၄ ခု ပြင်ဆင်ချက်ဥပဒေအရ အထက်ဗမာပြည်တွင် ဥပစာကောလိပ် စတင်ဖွင့်လှစ်ရန် ကော်မတီဖွဲ့စည်းနိုင်ခဲ့သည်။



ထို့ကြောင့် အထက်ဗမာပြည်အတွက် ဥပစာကောလိပ်ကို မန္တလေးမြို့ တောင်ပြင်ဗောဓိကုန်းရပ်ကွက်တွင်ရှိသော စိုက်ပျိုးရေးသိပ္ပံကျောင်းဝင်းအတွင်းက တစ်ထပ်အုတ်တိုက်နီကလေးမှာ ၁၉၂၅ ဇူလိုင် ၄ ရက်မှာ စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

### မန္တလေးဥပစာကောလိပ် ပြန်လည်ဖွင့်လှစ်ဖို့

မန္တလေးဥပစာကောလိပ်ကို စိုက်ပျိုးရေးသိပ္ပံကျောင်းဝင်းအတွင်း အခက်အခဲအမျိုးမျိုးကြားမှ ချို့တဲ့စွာ ဖွင့်လှစ်ခဲ့ပြီးနောက် ၁၉၄၂ ခုနှစ်တွင် ဒုတိယကမ္ဘာစစ်မီးတောက်လောင်သောအခါ ဥပစာကောလိပ်ကိုလည်း ပိတ်လိုက်ရသည်။ စစ်ကြီးပြီးသောအခါ မန္တလေးဥပစာကောလိပ် ပြန်ဖွင့်လှစ်နိုင်ရေးကို ဆရာကြီးဦးရာဇာတ်နှင့် ဆရာဦးကိုလေး (ဇေယျာမောင်) တို့က ပြန်လည်ဦးဆောင် ဆောင်ရွက်ကြသည်။ စစ်ကြီးအပြီး ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ဖဆပလအစိုးရအဖွဲ့တွင် ဆရာကြီးဦးရာဇာတ်က ဝန်ကြီးတာဝန်အယူ ရန်ကုန်ရောက်စဉ် မန္တလေးဥပစာကောလိပ် ပြန်လည်ဖွင့်လှစ်နိုင်ရေးကို ဆရာဦးကိုလေးနှင့် ထပ်မံကြိုးစားကြပြန်၏။ ထို့ကြောင့် ၁၉၄၇ ခု မေလ ၂၉ ရက်တွင် ဆရာဦးကိုလေး (ဇေယျာမောင်) ကို ကျောင်းအုပ်ကြီးအဖြစ်ခန့်အပ်ကာ မန္တလေးဥပစာကောလိပ် ပြန်လည်ဖွင့်လှစ်ဖို့ တာဝန်ပေးလိုက်သည်။

### စိုက်ပျိုးရေးသိပ္ပံပင်မဆောင်ကြီးကို ဥပစာကောလိပ်ကအသုံးပြုရန်

ဆရာဦးကိုလေး(ဇေယျာမောင်) လည်း ကျောင်းအုပ်ကြီးတာဝန်ဖြင့် စစ်ကြီးကြောင့် ပျက်စီးသွားသော ပရိဘောဂများ၊ ကျောင်းဆောင်များ ပြန်လည်ရရှိရေးကို အခက်အခဲအမျိုးမျိုးကြားမှ ကြိုးစားမှုကြောင့် စစ်ကြီးအတွင်း စစ်ဘက်ကကြေးနန်းဌာနအဖြစ် သိမ်းယူထားသော စိုက်ပျိုးရေးသိပ္ပံက ရတနာပုံအဆောင်နှင့် စစ်ဘက်ကဆေးရုံအဖြစ်သိမ်းယူထားသော စိုက်ပျိုးရေးသိပ္ပံပင်မဆောင်ကြီးကို ဥပစာကောလိပ်ကအသုံးပြုရန် ၁၉၄၇ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် ရရှိခဲ့သည်။ ရတနာပုံအဆောင်ကို ကျောင်းသားအိပ်ဆောင်အဖြစ် အသုံးပြုပြီး ပင်မဆောင်ကြီးကို စိုက်ပျိုးရေးဌာနနှင့် ညှိနှိုင်းကာ ပင်မဆောင်၏ အပေါ်နှစ်ထပ်ကို ကောလိပ်ကျောင်းအဖြစ်နှင့် အောက်ဆုံးမြေအောက်ထပ်ကို စိုက်ပျိုးရေးဌာနကရုံးအဖြစ် အသုံးပြုခဲ့သည်။

### ခံ့ညားထည်ဝါလှသည့် ပင်မအဆောက်အအုံကြီးတွင်

ဤသို့ဖြင့် ၁၉၂၅ ခုနှစ် ဇူလိုင် ၄ ရက်တွင် စိုက်ပျိုးရေးသိပ္ပံဝင်းအတွင်းရှိ တစ်ထပ်အုတ်တိုက်နီကလေး၌ ကျောင်းသူ ကျောင်းသား ၃၁ ဦးနှင့် ချို့တဲ့ခက်ခဲစွာ ဖွင့်လှစ်ခဲ့ရသော မန္တလေးဥပစာကောလိပ်သည် ၁၉၄၇ ခုနှစ် ဇူလိုင် ၁၇ ရက်တွင် စိုက်ပျိုးရေးသိပ္ပံထံက လွှဲပြောင်းရယူခဲ့သော ခံ့ညားထည်ဝါလှသည့် ပင်မအဆောက်အအုံကြီးတွင် မန္တလေးယူနီဗာစီတီကောလိပ်အဖြစ် ကျောင်းသူကျောင်းသား ၁၂၇ ယောက်ဖြင့်ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်။

ထို့ကြောင့် ယခုမန္တလေးတက္ကသိုလ်သည် ၂၀၂၅ ခုနှစ် ဇူလိုင် ၄ ရက်တွင် နှစ် ၁၀၀ ပြည့်မည်ဖြစ်ပြီး မန္တလေးတက္ကသိုလ်၏ ပင်မအဆောက်အအုံကြီးကမူ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် နှစ် ၁၀၀ ပြည့်မည်ဖြစ်ပါကြောင်း။

## နန်းယွန်းမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**နန်းယွန်း ဒီဇင်ဘာ ၂၀**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၁၃ ဒသမ ၇၁၀ သန်းဖြင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ် ရောင်ကွန်–ကြူယမ်းလမ်း(၁/၀) မိုင် လမ်းတာချဲ့ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်နေမှုကို နန်းယွန်းမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဘိုဘိုကျော်နှင့် တာဝန်ရှိသူများသည် ဒီဇင်ဘာ ၁၈ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ခဲ့သော ရောင်ကွန်–ကြူယမ်းလမ်း ပြီးစီးသွားပါက နန်းယွန်းမြို့နယ် ရောင်ကွန်–ကြူယမ်းလမ်းပေါ်ရှိ ကျေးရွာ ၁၅ ရွာ၊ လူဦးရေ ၁၀၀၃၄ ဦးတို့အတွက် လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာပြီး ဒေသ၏ ပညာရေး၊ စီးပွားရေး၊ လူမှုရေးများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**မွေးကြူဇင်**

## အမျိုးသားလျှပ်စစ်ဓာတ်အားစီမံကိန်းဖြင့် မကွေးမြို့နယ် ကျေးရွာ ၃၁ ရွာတွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေး

**မကွေး ဒီဇင်ဘာ ၂၀**

အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း NEP Phase–1 ဖြင့် ဆောင်ရွက်ခဲ့သည့် မကွေးမြို့နယ် ပုတီးကုန်းကျေးရွာ မီးလင်းရေးအောင်ပွဲကို ဒီဇင်ဘာ ၁၈ ရက် ညနေပိုင်းက ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ မကွေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ချိုလတ်၊ မကွေးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးစိုးငွေအောင်၊ သမန်းတောကျေးရွာအုပ်ချုပ်ရေးမှူး ဦးပေါစံ၊ ပုတီးကုန်းကျေးရွာ မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးလှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး မကွေးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးစိုးငွေအောင်က လျှပ်စစ်မီးလင်းရေးလုပ်ငန်းဆောင်ရွက်မှုနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးကိစ္စရပ်များကို ရှင်းလင်းပြောကြားကာ မြို့နယ်လျှပ်စစ်ရုံးဝန်ထမ်းများက လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ပုတီးကုန်းကျေးရွာ မီးလင်းရေးအတွက် လိုအပ်သည့် ကျေးရွာတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်း ပေ ၃၂၀၀ ကို ကျေးရွာနေပြည်သူလူထုထည့်ဝင်ငွေများဖြင့် တည်ဆောက်ခဲ့ကာ ပုတီးကုန်းကျေးရွာအတွက် (၁၁) ကေဗွီ ဓာတ်အားလိုင်းသုည ဒသမ ၈ မိုင်နှင့် (၁၁/၀ ဒသမ ၄) ကေဗွီ (၁၀၀) ကေဗွီအေ ထရန်စဖော်မာတစ်လုံးတို့ကို အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (NEP) အနေဖြင့် တာဝန်ယူတပ်ဆင်ပေးခဲ့ခြင်းဖြစ်သည်။

NEP စီမံကိန်းဖြင့် မကွေးမြို့နယ်၏ ၃၁ ရွာမြောက် မီးလင်းသည့်ကျေးရွာဖြစ်ပြီး ပုတီးကုန်းကျေးရွာရှိ အိမ်ခြေ ၁၆၈ အိမ်ကို လျှပ်စစ်မီးဖြန့်ဖြူးပေးနိုင်မည်ဟု မြို့နယ် လျှပ်စစ်အင်ဂျင်နီယာထံမှ သိရသည်။

**မကွေးဝင်းမောင်**

ကြေးမုံ

ဒီဇင်ဘာ ၂၁၊ ၂၀၂၀



## ချင်းပြည်နယ်အစိုးရအဖွဲ့က ဦးစီးကျင်းပသည့် ဝတ်ပြုဆုတောင်းခြင်းအခမ်းအနား ကျင်းပ

**ဟားခါး ဒီဇင်ဘာ ၂၀**

ချင်းပြည်နယ်အစိုးရအဖွဲ့က ဦးစီးကျင်းပသည့် ခရစ္စမတ်အကြို ဝတ်ပြုဆုတောင်းခြင်း အခမ်းအနားကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ဒီဇင်ဘာ ၁၈ ရက် ညနေ ၅ နာရီတွင် ဟားခါးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သိက္ခာတော်ရ ဆရာတော် Rev, Van Tiam က ကျမ်းစာဖတ်ရှုပြီးနောက် သိက္ခာတော်ရ ဆရာတော်မောင်ငွေက အဖွင့်ဆုတောင်းပေးခဲ့ကာ တက်ရောက်လာသူများက လောကဝမ်းမြောက် ဘုရားကြွလာကျူးသီချင်းဖြင့် ခရစ္စမတ်ဂုဏ်တော်ချီးမွမ်းခဲ့ကြသည်။

ထို့နောက် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က ခရစ္စမတ်အကြို နှုတ်ခွန်းဆက်စကားပြောကြားရာတွင် "ကျွန်တော်တို့ ပြည်ထောင်စုအတွင်း ရင်ဆိုင်တွေ့ကြုံနေရတဲ့ အခက်အခဲ၊ အတားအဆီးများကို ခရစ်တော်၏ ကောင်းချီးမင်္ဂလာ ခွန်အားပေးမှုရယူပြီး တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး တစ်စိတ်တစ်ဝမ်းတည်း ဖြေရှင်းကျော်လွှားကာ အောင်မြင်သည်အထိ ပူးပေါင်းဆောင်ရွက်ကြရန်နှင့် ခရစ္စမတ်၏ ကောင်းချီးမင်္ဂလာ ခံစားကြပါစေ" ဟု ပြောကြားသည်။

ဆက်လက်၍ သိက္ခာတော်ရဆရာတော် ဒေါက်တာစတီဖင်လျန်ဟုပ်လိန်းက ခရစ္စမတ်အတွက် အထူးဆုတောင်းပေးကာ သိက္ခာတော်ရ ဆရာတော်ဆရာ Dr. Za Khar က ခရစ္စမတ် ဒေသနာတော်ဖြင့် ခွန်အားပေးသည်။

အခမ်းအနားသို့ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးတိုးဝင်းနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ခရိုင် (ပြန်/ဆက်)

## မြိတ်မြို့နယ် သမုတ်-လွတ်လွတ်တံတားသစ် ဖွင့်လှစ်

**မြိတ် ဒီဇင်ဘာ ၂၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် သမုတ်ကျေးရွာအုပ်စု မြိတ်-ထားဝယ်-ရန်ကုန် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ သမုတ်- လွတ်လွတ်တံတားသစ်ကြီးကို ယနေ့ နံနက် ၇ နာရီ ၁၀ မိနစ်က ဖွင့်လှစ်ခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တံတားဦးစီးဌာနမှ တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းကာ တံတားသစ်ကို ဖွင့်လှစ်ဖြတ်သန်းခွင့်ပြုခဲ့ပြီး တံတားကို ကြည့်ရှုစစ်ဆေးသည်။

**ခွင့်ပြုတန်ချိန် ၇၅ တန်**

တံတား၏အရှည်မှာ ၁၂၈၇ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက်သုံးပေစီပါရှိသည့် နှစ်လမ်းသွားတံတားဖြစ်ကြောင်း၊ တံတား၏ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ခွင့်ပြုတန်ချိန် ၇၅ တန်ဖြစ်သည်။ ရေလမ်းကင်းလွတ်အကျယ် ၁၆၄ ပေ နှင့် ရေလမ်းကင်းလွတ်အမြင့် ၁၅ ပေရှိကာ တံတားအမျိုးအစားသည် အုတ်မြစ် 1.5 Bore Pile၊ တံတားကိုယ်ထည်၊ တံတားတိုင်များမှာ သံကူကွန်ကရစ်များဖြစ်ပြီး တံတားအပေါ်ထည်မှာ ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မ၊ သေတ္တာပုံ သံမဏိရက်မနှင့် သံကူကွန်ကရစ် ကြမ်းခင်းများဖြင့် တည်ဆောက်ထားကြောင်း သိရသည်။

မြင့်ဦး (မြိတ်)



**○ နေ့စဉ်ရေဂါလန်သန်း ၄၀ မှ**

သာကေတနှင့် ဒေါပုံသို့ နေ့စဉ် ရေဂါလန် သုံးသန်း၊ သီလဝါအထူးစီးပွားရေးဇုန်သို့ နေ့စဉ်ရေဂါလန် ၁၀ သန်း အသီးသီး ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းမှာပါဝင်သော ရေသန့်စင်စက်ရုံ တည်ဆောက်ခြင်းကို YCDC မှ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး စမ်းသပ်လည်ပတ်နေပြီဖြစ်ကြောင်း၊ ၎င်းရေသန့်စင်စက်ရုံသည် အမှတ်-၂ လမ်းနှင့် အမှတ်-၇ လမ်းဆုံအနီးတွင် တည်ရှိပြီး လဂွန်းပြင်ဆည်ရေကို ရယူသန့်စင်မည်ဖြစ်၍ လဂွန်းပြင်ရေပေးဝေရေးစီမံကိန်းဟု ခေါ်ဆိုခြင်းဖြစ်ကြောင်း၊ စီမံကိန်း၏ ကျန်အပိုင်းများကို JICA,ODA,LOAN တို့နှင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ရေပို့ပိုက်လိုင်းအရှည် ၂၇ ဒသမ ၄ မိုင်၊ ရေဖြန့်ဝေပိုက်လိုင်းအရှည် ၁၇၉ ဒသမ ၆ မိုင်ရှိကြောင်း၊ ပိုက်အရွယ်အစားများကတော့ အသေးဆုံးအချင်း 100 mm မှ အကြီးဆုံးအချင်း 1000 mm အထိ ပိုက်အရွယ်စုံပါဝင်ကြောင်း၊ ရေပို့ပိုက်လိုင်းများ တည်ဆောက်ပြီးဖြစ်ကြောင်း။

**၂၀၂၂ ခုနှစ် မတ်လတွင် စီမံကိန်းအားလုံး ပြီးစီးမည်**

ရေဖြန့်ဝေပိုက်လိုင်းနှင့် DMA ပိုက်လိုင်းကွန်ရက်များ တည်ဆောက်ဆဲဖြစ်ကြောင်း၊ DMA ပိုက်လိုင်းကွန်ရက်ပေါင်း ၅၆ ခု တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်သို့ ရေပေးပို့မည့် ပဲခူးမြစ်အောက်ဖြတ် ရေပို့ပိုက်လိုင်းဆက်သွယ်သော လုပ်ငန်းမှာလည်း ရာနှုန်းပြည့် ပြီးစီးပြီဖြစ်သည်။ စီမံကိန်းတစ်ခုလုံးအနေဖြင့် ၇၈ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီး ရေဖြန့်ဝေပေးနိုင်သောနေရာများကို စမ်းသပ်ပေးဝေရင်းဖြင့် ၂၀၂၂ ခုနှစ် မတ်လတွင် စီမံကိန်းအားလုံး ပြီးစီးမည်ဖြစ်သည်။

JICA Apraisal Mission မှ အဆိုပါစီမံကိန်းအတွက် ချေးငွေရရှိနိုင်ရေး YCDC နှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခြင်း၊ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းများကို ၂၀၁၃ ခုနှစ် နှစ်ဦးပိုင်းမှစ၍ ဆောင်ရွက်ခဲ့ရာ တစ်နှစ်ခန့်ကြာမြင့်ခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၅ ရက်တွင် မြန်မာနှင့်ဂျပန် နှစ်နိုင်ငံအစိုးရများအကြား Exchange of Note နှင့် Loan Agreement များကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ ချေးငွေပမာဏ ဂျပန်ယန်း ၂၃ ဒသမ ၆၈၃ ဘီလီယံဖြစ်ပြီး အတိုးနှုန်းသည် ဒသမ ၀၁ ရာခိုင်နှုန်းနှင့် ချေးငွေပြန်ဆပ်ရမည့် ကာလနှစ်ပေါင်း ၄၀ ဖြစ်ကြောင်း သိရသည်။

မြင့်မောင်

**✻ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ**

တခြားကိစ္စနဲ့လာကြတဲ့သူတွေလည်းရှိတယ်။ နောက်ဆုံးဓာတ်ပုံရိုက်တဲ့သူတွေဆိုရင် ဓာတ်ပုံရိုက်တဲ့အချိန်အခိုက်အတန့်တင် မဟုတ်တော့ဘဲ ပန်းခြံထဲမှာပဲ အထိုင်ချပြီး အချိန်ကြာမြင့်စွာနေကြတာကိုလည်း တွေ့နေရတယ်။ အဲဒီတော့ ကိုဗစ်ကာလအတွင်း လူစုလူဝေးရှောင်ရှားဖို့အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကလည်း ညွှန်ကြားထားတာမို့ ခုလို ပန်းခြံနဲ့ကစားကွင်းများအားလုံးကို ယာယီပိတ်ဖို့ခုလိုဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်''ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင်(၈) ဦးသူရအောင်ကပြောသည်။

မဟာဗန္ဓုလပန်းခြံအား ဒီဇင်ဘာ ၇ ရက်မှစတင်၍ ယာယီပိတ်ထားခဲ့ကြောင်းသိရပြီး ယခင်နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်ထားသည့် သုဝဏ္ဏပန်းခြံနှင့် ပြည်ထောင်စုခုံးတံတားအနီးရှိ ပြည်ထောင်စုပန်းခြံတို့အား ဒီဇင်ဘာ ၁၈ ရက်မှစတင်၍ နံနက် ၅ နာရီမှ ၉ နာရီအထိ ကျန်းမာရေးနှင့် ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်နိုင်ရန် ခွင့်ပြုပေးထားကာ ကျန်အချိန်များအား ယာယီပိတ်ထားကြောင်း၊ ယနေ့နံနက်ပိုင်းက ကန်တော်ကြီးနှင့် ဗိုလ်ချုပ်ပန်းခြံအပါအဝင် မရမ်းကုန်းမြို့နယ် ဂန္ဓမာလမ်းရှိ လမ်းဘေးဈေးမရောင်းရနေရာအား လုံခြုံရေးကြိုးတားမြစ်ထားရှိကြောင်းလည်း သိရသည်။

'' မရမ်းကုန်းမြို့နယ် ဂန္ဓမာလမ်းမှာဆိုရင်လည်း ကားတွေ၊ လှည်းတွေနဲ့ လာပြီး ဝိုင်းဖွဲ့ အရက်၊ ဘီယာသောက်ကြတော့ ဈေးသည်တွေက ဈေးရောင်းကြတယ်၊ ကားတွေကများလာတော့ ဈေးသည်နည်းနည်းကနေ ဈေးရောင်းသူ ၃၅ ဦးလောက်အထိ ဖြစ်သွားတယ်။ တချို့ဆို ပျော်ပွဲစားထွက်တဲ့သဘောနဲ့ မိသားစုလိုက်လာပြီး ဖျာခင်းပြီး စားကြတယ်။ အမှိုက်လည်း အလွယ်တကူစွန့်ပစ်ကြတယ်။ အဲဒီတော့ ကားတန်းကြီးဖြစ်သွားတယ်။ ဒါကိုရှင်းလင်းပြီး ဈေးသည်ငါးဦးလောက်ရှိနေသေးပြီး ကားကလည်းအစီး ၃၀ လောက်ထပ်ရှိနေတာမို့ ဒီနေ့မနက်ပိုင်းမှာ ဈေးမရောင်းရနယ်မြေအဖြစ် လုံခြုံရေးကြိုး တားမြစ်ထားရှိလိုက်ပါတယ်"ဟု ဦးသူရအောင်က ဆက်လက်ပြောသည်။

ဒီဇင်ဘာ ၃၁ ရက်နောက်ပိုင်းတွင်လည်း ပန်းခြံများနှင့် အားကစားကွင်းများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှ သိရသည်။

သတင်း-ပွင့်သစ္စာ

ဓာတ်ပုံ-စိုးမြင့်အောင်



## လယ်ဝေးမြို့နယ်၌ ငါးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၀**

နေပြည်တော် ငါးလုပ်ငန်းဦးစီးဌာန တိုင်းငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ညိုညိုအေးသည် ဒုတိယတိုင်းဦးစီးဌာနမှူး ဦးဇော်လင်းမြင့်၊ ဒက္ခိဏသီရိခရိုင်ဦးစီးမှူး ဦးရဲလွင်သိန်း၊ လယ်ဝေးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအေးမင်းတို့ လိုက်ပါလျက် ယနေ့တွင် လယ်ဝေးမြို့နယ် အလယ်ကျွန်းကျေးရွာအုပ်စုရှိ ပိန်းအင်းသို့ သွားရောက်ပြီး အင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး အင်းလုပ်ငန်းဆောင်ရွက်နေသည့် လက်ရှိအခြေအနေများ၊ ယခုနှစ်တွင် မိုးရွာသွန်းမှု နည်းပါးခြင်းကြောင့် အင်းအတွင်း ရေနည်းပါးခြင်းတို့ ဖြစ်ပေါ်နေသဖြင့် ငါးများဖမ်းဆီးမှုအား အချိန်မီဆောင်ရွက်နိုင်ရေးတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပန်းတနော်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ဆောင်ရွက်

**ပန်းတနော် ဒီဇင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်း၊ ကော်မတီဖွဲ့စည်းခြင်းအား ကျေးရွာနှစ်ရွာတွင် ယနေ့ နံနက် ၁၀ နာရီက သွားရောက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပန်းတနော်မြို့နယ် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်း၊ ကော်မတီဖွဲ့စည်းခြင်းနှင့် စီမံကိန်းဖြင့်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများအား စစ်ဆေးတိုင်းတာခြင်းကို ပန်းတနော်မြို့နယ် မင်းဂရုအုပ်စု ဂျိုးအိုင်ကျေးရွာနှင့် ကညင်ကုန်းအုပ်စု တော်ကွဲကြီးကျေးရွာတို့တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဇေယျာနိုင်နှင့် ဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ထားသော စည်းကမ်းလမ်းညွှန်ချက်များနှင့်အညီ သွားရောက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# မိုင်းယောင်း၌ ကိုဗစ်-၁၉ အတည်ပြုလူနာအချို့ ကျန်းမာရေးကောင်းမွန်လာသဖြင့် ဆေးရုံမှဆင်းခွင့်ပြု




**မိုင်းယောင်း ဒီဇင်ဘာ ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် ကိုဗစ်-၁၉ ရောဂါ ယာယီဆေးကုသဆောင်တွင် စောင့်ကြပ်ဆေးကုသမှု ခံယူနေသော ကိုဗစ်-၁၉ အတည်ပြုလူနာတစ်ဦး ပြန်လည်ကောင်းမွန်လာသည့်အတွက် ကျန်းမာရေးသတ်မှတ်ချက်များနှင့် အညီ ယနေ့နံနက်ပိုင်းက ဆေးရုံမှ ဆင်းခွင့်ပြုလိုက်ကြောင်း မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**ကူညီပို့ဆောင်ပေး**

ရှေးဦးစွာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန် ဒေါက်တာဟန်စိုး၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမင်းမင်းဇော်နှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါကို မိမိကိုယ်တိုင် ကူးစက်မခံရစေရန်၊ မိသားစုကို မကူးစက်စေရန်၊ မိမိပတ်ဝန်းကျင်ရှိ အခြားသူများထံ ရောဂါကူးစက်ပြန့်ပွားမှု မရှိစေရန် ပါးစပ်နှင့် နှာခေါင်းစည်းကို မဖြစ်မနေ စနစ်တကျဝတ်ဆင်၍ ကာကွယ်ရမည်၊ ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျဝတ်ဆင်ခြင်းသည် အလွန်ထိရောက်သော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းဖြစ်၍ ရောဂါဖြစ်ပွားမှုကွင်းဆက်ကို ထိရောက်စွာ ဖြတ်တောက်နိုင်သည် စသည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ တိုက်တွန်းနှိုးဆော်ချက်များကို ရှင်းလင်းပြောကြားကြပြီး မြို့နယ် ကြက်ခြေနီ သူနာပြုတပ်ဖွဲ့မှ ဒေါက်တာစိုင်းအောင်မိုးနှင့် တပ်ဖွဲ့ဝင်များက မော်တော်ယာဉ်ဖြင့် အိမ်တိုင်ရာရောက် ကူညီပို့ဆောင်ပေးခဲ့သည်။

မိုင်းယောင်းတွင် ကိုဗစ်-၁၉ အတည်ပြုလူနာ ၁၀ ဦးရှိရာ ဒီဇင်ဘာ ၁၅ ရက်တွင် သုံးဦး၊ ဒီဇင်ဘာ ၁၆ ရက်တွင် နှစ်ဦး၊ ဒီဇင်ဘာ ၁၇ ရက်တွင် နှစ်ဦးနှင့် ယနေ့တွင် တစ်ဦးတို့ကို ဆေးရုံမှ ဆင်းခွင့်ပြုလိုက်ပြီဖြစ်ရာ လက်ရှိတွင် ကိုဗစ်-၁၉ ကူးစက်အတည်ပြုလူနာ နှစ်ဦး ကျန်ရှိနေပြီး မိုင်းယောင်းမြို့နယ် ကိုဗစ်-၁၉ ရောဂါ ယာယီဆေးကုသဆောင်တွင် ဆေးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

■

# ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက စားသောက်ကုန်ပစ္စည်းများနှင့် ကိုဗစ်ကာကွယ်ရေးပစ္စည်းများ လှူဒါန်း

**ညောင်တုန်း ဒီဇင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် အရွဲကျေးရွာအုပ်စု ရန်ကုန်-ပုသိမ် ကားလမ်း မိုင်တိုင်အမှတ် (၁၈) ရှိ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ ပန်တိုင်ပူးပေါင်းစစ်ဆေးရေးဂိတ်သို့ ရန်ကုန်မြို့ရှိ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ဒီဇင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီက စားသောက်ကုန်များ လာရောက်လှူဒါန်းသည်။

ပန်တိုင်စစ်ဆေးဂိတ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာရှင်များအတွက် ဆင်းသုခဆန် ၂၄ ပြည်ပါ အိတ် ၂၀၊ ဆီပိဿာ ၂၀၊ ကြက်သွန်နီပိဿာ ၂၀၊ ကြက်ဥအလုံး ၃၀၀၀၊ ခေါက်ဆွဲခြောက် အထုပ် ၂၀၀၀၊ Pocari Sweat ၁၄၄ ဘူး စုစုပေါင်း ၁၄ သိန်းခန့်တန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းများကို လာရောက်ပေးအပ်လှူဒါန်းရာ ညောင်တုန်းမြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးကျော်သူ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ဆန်းနှင့် မဲဇလီတိုက်နယ်ကျန်းမာရေးမှူး ဦးဇော်နိုင်တို့က လက်ခံရယူခဲ့ပြီး ကျေးဇူးတင်စကားပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ဆက်လက်၍ အဆိုပါအဖွဲ့သည် နံနက် ၁၀ နာရီတွင် ညောင်တုန်းမြို့ အမှတ်(၃)ရပ်ကွက် လမ်းမတော်လမ်းရှိ အ-ထ-က(၂) အရန်ဆေးရုံသို့ ရောက်ရှိလာပြီး ညောင်တုန်းမြို့ ပြည်သူ့ဆေးရုံကြီးနှင့် အ-ထ-က(၂)အရန်ဆေးရုံတို့တွင် အသုံးပြုရန်အတွက် Oxygen Concentrator (10 Liter) တစ်စုံ၊ Oxygen Cylinder အိုး ၄၀၊ Trotey တစ်ခု၊ PPE အစုံ ၁၀၀၊ Surgical Gown အထည် ၁၀၀၊ KN 95 Mask ၅၀၊ N 95 ၄၀၊ Face Shield အခု ၁၀၀၊ Plastic Apron အခု ၁၀၀ ပါ ငါးထုပ်၊ Family Care လက်ဆေးဆပ်ပြာရည် ၁၀ ဘူး၊ Bedside Cabinet အခု ၄၀၊ Long Boot Cover ၂၅ စုံပါ အထုပ် ၂၀၊ Goggle အခု ၃၀၊ ခုတင် ၄၀၊ ရေချိုးဆပ်ပြာ၊ သွားတိုက်ဆေးအခု ၄၀၊ မြက်ဖျာ၊ ခေါင်းအုံး၊ ခေါင်းအုံးစွပ်၊ စောင်၊ ဂွမ်းကတ်အပါး၊ ခြင်ထောင်အစုံ ၄၀၊ ခေါင်းစွပ် ၁၀၀ ပါ ငါးထုပ်၊ လက်အိတ် ၁၀၀ ပါ ၁၀ ဘူး၊ ခွဲစိတ်ခန်းသုံးလက်အိတ်အစုံ ၅၀၊ ရေမလိုလက်သန့်ဆေးရည်ငါးဘူး စုစုပေါင်းတန်ဖိုး ၉၈၅၉၇၇၃ ကျပ်ရှိ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစိုးလှိုင်ဦး၊ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းလွင်က လည်းကောင်း၊ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအတွက် Surgical Gown အထည် ၁၀၀၊ Surgical Mask အခု ၂၀၀၀၊ KN 95 Mask ၇၀၊ Face Shield အခု ၃၀၀၊ Plastic Apron ၁၀၀ပါ ငါးထုပ်၊ ခေါင်းစွပ် ၁၀၀ ပါ ငါးထုပ်၊ လက်အိတ် ၁၀၀ ပါ ငါးဘူး၊ ရေမလိုလက်သန့်ဆေးရည် ၁၀ ဘူး၊ Family Care လက်ဆေးဆပ်ပြာရည် ဘူး၂၀၊ ကလိုရင်းပိုးသတ်ဆေးရည် သုံးပုံး၊ ဘောပင်အချောင်း ၂၀၀ စုစုပေါင်းတန်ဖိုး ၄၁၆၅၉၁ ကျပ်ရှိ ထောက်ပံ့ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးကျော်သူနှင့် တာဝန်ရှိသူအသီးသီးက လည်းကောင်း လက်ခံရယူခဲ့ပြီး ကျေးဇူးတင်စကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**ထွန်းကျော်**
**(ညောင်တုန်း)**

# မြေသြဇာသုံးစွဲမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ သင်တန်း အွန်လိုင်းမှ အခမဲ့သင်ကြားပေးမည်

**မန္တလေး ဒီဇင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီးအတွင်း သီးနှံများကို ဥယျာဉ်ခြံဖြင့် စိုက်ပျိုးရေးပြုလုပ်နေကြသည့် လုပ်ငန်းရှင်များအနေဖြင့် မြေသြဇာသုံးစွဲမှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုဆိုင်ရာ အသိပညာပေးသင်တန်းကို ၂၀၂၁ ခုနှစ် နှစ်ဆန်းပိုင်းစ၍ အွန်လိုင်းမှ အခမဲ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းမှ သိရသည်။

အဆိုပါ သင်တန်းကို ဂျာမနီနိုင်ငံမှ IHK အဖွဲ့၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် မန္တလေးတိုင်းဒေသကြီး စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) တို့ပူးပေါင်း၍ ပြင်ဦးလွင်မြို့နယ်မှ ဥယျာဉ်စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်နေကြသည့် လုပ်ငန်းရှင်များအတွက် မြေသြဇာသုံးစွဲမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုနှင့်ပတ်သက်၍ အသိပညာပေးသည့်အနေဖြင့် ယခုအွန်လိုင်းသင်တန်းကို ပို့ချပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးဥက္ကာကျော်က ပြောသည်။

"မြန်မာနိုင်ငံမှာ စိုက်ပျိုးရေးသုံး ဓာတုပစ္စည်းတွေကို လယ်သမားတွေသုံးတဲ့အခါမှာ အဆိပ်သင့်တာမျိုးတွေ ရှိပါတယ်။ အဲဒီလို အဆိပ်သင့်တာတွေ မဖြစ်ပေါ်အောင် ဘယ်လိုဆောင်ရွက်မယ်ဆိုတဲ့ အလေ့အကျင့်ကောင်းတွေကို ရရှိအောင်ပို့ချပေးမယ့် သင်တန်းဖြစ်ပါတယ်။ ကမ္ဘာ့မြေဆီလွှာ ကျန်းမာဖို့လည်းရည်ရွယ်ပါတယ်။ လက်ရှိထွက်ပေါ်လာတဲ့ သီးနှံတွေမှာ Chemical သုံးစွဲမှုပမာဏတွေများနေတာကြောင့် နိုင်ငံတကာဈေးကွက်ကို တင်ပို့တဲ့နေရာမှာ အခက်အခဲရှိပါတယ်။ ဒါကြောင့် စိုက်ပျိုးထုတ်လုပ်တဲ့ အချိန်ကာလမှာကတည်းက ဆောင်ရန်၊ ရှောင်ရန်တွေအနေနဲ့ ဘယ်လိုဆေးမျိုးတွေသုံးစွဲသင့်တယ်၊ ဘယ်လိုရိတ်သိမ်းသင့်တယ်၊ ဘယ်လိုစိုက်ပျိုးသင့်တယ်ဆိုတဲ့ အချက်တွေကို ပို့ချသွားမှာဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

လက်ရှိတွင် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးထုတ်ကုန်များ၊ စားသောက်ကုန်များကို ပြည်တွင်းဈေးကွက်သာမကဘဲ နိုင်ငံတကာဈေးကွက်အထိ တင်ပို့နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်နေကြောင်း၊ ထိုသို့ကြိုးစားဆောင်ရွက်နေမှုများကြောင့် ထုတ်လုပ်စိုက်ပျိုးသူများအနေဖြင့် နိုင်ငံတကာ၏ စံချိန်စံညွှန်းများနှင့်အညီ စိုက်ပျိုးနိုင်စေရေး၊ ပြုပြင်ထိန်းသိမ်းနိုင်စေရေးတို့အတွက် ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ စိုက်ပျိုးရေးနှင့်ပတ်သက်သည့် သင်တန်းကို ဂျာမနီနိုင်ငံမှ ပညာရှင်များနှင့် ပြည်တွင်းပညာရှင်များ ပူးပေါင်း၍ သင်ကြားပေးသွားမည်ဖြစ်ပြီး စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးသင်တန်းကို တက်ရောက်လိုသူများအနေဖြင့် MRCCI ၏ ရုံးဖုန်း-၀၂-၄၀၆၉၃၂၊ Email-MRCCI MDY@gmail.com သို့ စာရင်းပေးပို့နိုင်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပလင်းကမ်းသာယာဆင်စခန်းဝင်းအတွင်း လာရောက်လည်ပတ်သူများ နားနေနိုင်ရန်နှင့် ရှုမျှော်ခင်းကြည့်ရန် ပြင်ဆင်ထား

**ညောင်ဦး ဒီဇင်ဘာ ၂၀**


မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင် ကိုဗစ်-၁၉ ကူးစက်ရောဂါကာလအလွန် ဖွင့်လှစ်ခွင့်ရပါက ပလင်းကမ်းသာယာ ဆင်စခန်းဝင်းအတွင်း ရှုမျှော်ခင်းကြည့်တံတား၊ သစ်ပင်မျှော်စင်၊ ကလေးကစားကွင်း၊ ဥယျာဉ်၊ ဆင်ပြတိုက်နှင့် ဆင်စခန်းလာ ဆင်ချစ်သူများ စိတ်ကျေနပ်စေမည့် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားကြောင်း ပလင်းကမ်းသာယာဆင်စခန်းတာဝန်ခံ ဦးမျိုးမင်းကို (လက်ထောက်မန်နေဂျာ) ထံမှ သိရသည်။

**စီစဉ်ထား**

ပလင်းကမ်းသာယာဆင်စခန်းသို့ လာရောက်လည်ပတ်သည့် ဆင်ချစ်သူများ အပန်းဖြေနားနေနိုင်ရန် ခြေတံရှည်တဲနားနေဆောင်များ၊ သစ်ပင်ကြီးများနှင့် ထန်းပင်ကြီးများကို အမှီပြုဆောက်လုပ်ထားသည့် သစ်ပင်မျှော်စင် ဆောက်လုပ်ထားခြင်း၊ ရှုမျှော်ခင်းကြည့်ရှုနိုင်ရန် ဧရာဝတီမြစ်ကမ်းဘက် တံတားတည်ဆောက်ထားခြင်း၊ ကလေးကစားကွင်းနှင့် ဥယျာဉ်တွင်ကလေးငယ်များ ပျော်ရွှင်စွာကစားနိုင်ခြင်း၊ ဆင်ပြတိုက်ကိုလေ့လာနိုင်ခြင်းနှင့် ပလင်းကမ်းသာယာဆင် စခန်းရှိ ဆင်များရေချ၊ ရေချိုးချိန်၊ ဆင်များ ဆင်စာဘူဖေးကျွေးချိန်နှင့် မြစ်ကြောင်းတစ်လျှောက် မော်တော်စီး၍ ရှုခင်းများကြည့်ရှုနိုင်စေရန် စီစဉ်ထားကြောင်း ဆင်စခန်းတာဝန်ခံ ဦးမျိုးမင်းကိုက ရှင်းပြသည်။

**ကြိုတင်စီမံဆောင်ရွက်**

ပလင်းကမ်းသာယာဆင်စခန်းသည် ညောင်ဦး-မြင်းခြံလမ်းမကြီးဘေးတွင်တည်ရှိပြီး ညောင်ဦးမြို့မှ ငါးမိုင်ခန့်အကွာ အနောက်ပုလင်းကျေးရွာအနီး ဧရာဝတီမြစ်ကမ်းဘေးတွင် ဖွင့်လှစ်ထားသည့် ဆင်စခန်းဖြစ်ကာ ဆင်စခန်းဝင်းတွင် ဆင်ခုနစ်ကောင်ရှိကြောင်း၊ ဆင်စခန်းဝင်ကြေး ပြည်တွင်းဧည့်သည် ကျပ် ၁၀၀၀၊ ပြည်ပဧည့်သည် ကျပ် ၁၀၀၀၀၊ ဆင်စီးခ ပြည်တွင်းဧည့်သည် ကျပ် ၅၀၀၀၊ ပြည်ပဧည့်သည် ကျပ် ၁၀၀၀၀၊ ဆင်စာတစ်ဗန်း ကျပ် ၁၀၀၀ ဖြင့်ကျွေးနိုင်ကာ ဆင်စခန်းဝင်းအတွင်း နားနေဆောင် ခြေတံရှည်တဲများပေါ်မှ သန့်ရှင်းလတ်ဆတ်သည့် အစားအစာများ မှာယူစားသုံးနိုင်ရန်လည်း စီစဉ်ထားကြောင်း သိရကာ ပြန်လည်ဖွင့်လှစ်ခွင့်ပြုချိန်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကျန်းမာရေးစည်းကမ်းချက်များနှင့်အညီ ကြိုတင်စီမံဆောင်ရွက်ထားကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။



**ကိုထိန် (KPD)**

# ရော်ဘာဈေးနှုန်းကျဆင်းသဖြင့် ခြံရေရှည်ရပ်တည်ရေးအတွက်သာ ထုတ်လုပ်နေရ



**မိုးညှင်း ဒီဇင်ဘာ ၂၀**

မိုးညှင်းမြို့နယ်အတွင်းရှိ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူတောင်သူများ ယခုနှစ်အတွင်း ရော်ဘာဈေးနှုန်းကျဆင်းပြီး လုပ်အားခနှင့်သယ်ယူပို့ဆောင်စရိတ်မြင့်မားနေသဖြင့် အကျိုးအမြတ်နည်းပါးပြီး ရော်ဘာခြံ ရေရှည်ရပ်တည်နိုင်ရေးအတွက်သာ စိုက်ပျိုးထုတ်လုပ်နေရကြောင်း မြို့နယ်အတွင်းရှိ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူတောင်သူများထံမှသိရသည်။

လက်ရှိအချိန် ရော်ဘာတစ်ပေါင်ပေါက်ဈေးသည် ငွေကျပ် ၇၅၀ ဝန်းကျင်သာရှိပြီး အစေးခြစ်ထုတ်လုပ်သူ အလုပ်သမားခအနေဖြင့် ကျပ် ၃၀၀ ပေးရကာ မန္တလေးအဝယ်ဒိုင်သို့ ပို့ဆောင်စရိတ်များပါထည့်တွက်လျှင် ခြံပိုင်ရှင်အနေဖြင့် အကျိုးဖြစ်ထွန်းမှုနည်းပါးကြောင်း မြို့နယ် ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးဇော်ဘောမ်က ပြောကြားသည်။

"အရင်က တစ်ပေါင်ကို ငွေကျပ် ၁၀၀၀ ကျော်လောက် ပေါက်ဈေးရှိခဲ့ဖူးတယ်"ဟု ရော်ဘာစိုက်ဧက ၁၀၀ခန့်ရှိသူ ဦးဇော်ဘောမ်က ပြောကြားသည်။

မြို့နယ်အတွင်း ရော်ဘာအဝယ်ဒိုင်မရှိသဖြင့် သယ်ယူပို့ဆောင်ခများကြီးမြင့်ကြောင်းကိုလည်း ရော်ဘာစိုက်တောင်သူ ဦးတိုက်စိန်က "ဒီမှာက အဝယ် ဒိုင်မရှိတော့ မန္တလေးကိုပို့ပြီးရောင်းရတယ်၊ အဲဒီအတွက် ကုန်ကျစရိတ်တွေပိုများလာတာပေါ့၊ ဒီခြံကနေကားဂိတ်နဲ့ဘူတာတွေကိုပို့ရင် ရော်ဘာပေါင် ၁၁၀ ရှိတဲ့အထုပ်တစ်ထုပ်ကို ၆၀၀လောက်ကုန်တယ်၊ အဲဒါဆိုတော့ အခုလက်ရှိပေါက်ဈေးနဲ့ဆို အဆင်မပြေတော့ဘူး" ဟု ပြောကြားသည်။

မိုးညှင်းတစ်မြို့နယ်လုံး အတိုင်းအတာအရ လက်ရှိ ရော်ဘာစိုက်ဧကပေါင်း ၅၉၃၈ဧကရှိပြီး ယမန်နှစ်ထက် စိုက်ဧက ၄၀၀ ကျော်ပိုများလာကြောင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ စာရင်းဇယားများအရသိရှိရပြီး မြို့နယ်အတွင်း စိုက်ပျိုးမှုအများဆုံး ရော်ဘာအမျိုးအစားမှာ နောင်နန်းရော်ဘာအမျိုးအစားဖြစ်ကြောင်း ရော်ဘာစိုက်တောင်သူများထံမှ သိရသည်။

**ကျော်ကျော်ထွေး(ပြန်/ဆက်)**

# ညောင်ဦးမြို့နယ်တွင် ဆောင်းနှမ်းနက် ခေါ် စမုန်နက်နှမ်းများ အထွက်နှုန်းကောင်းပြီး ဈေးနှုန်းကောင်းရန်မျှော်လင့်

**ညောင်ဦး ဒီဇင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင် ဆောင်းနှမ်း ခေါ် စမုန်နက်နှမ်းများ စတင်နုတ်သိမ်းနေပြီဖြစ်ရာ အထွက်နှုန်းကောင်းပြီး ဈေးနှုန်းကောင်းရန် မျှော်လင့်နေရကြောင်း ညောင်ဦးမြို့နယ် တောင်ရှေ့ကျေးရွာ နှမ်းစိုက်တောင်သူ ဦးဝင်းတင်က ပြောကြားသည်။

ညောင်ဦးမြို့နယ်တွင် ဆောင်းနှမ်းနက် ခေါ် စမုန်နက်နှမ်းများကို တော်သလင်းလတွင် စတင်ကြဲပက်စိုက်ပျိုးခဲ့ပြီး အပင်ပေါက်ချိန် မိုးနှစ်မိုးသုံးမိုးလောက်ရရှိပြီး ဆောင်းတွင်းဝင်ရောက်လာချိန် အအေးဓာတ်ဖြင့် ဆက်လက်၍ အပင်များဖြစ်ထွန်းအောင်မြင်ကာ တန်ဆောင်မုန်းနှင့် နတ်တော်လတို့တွင် အဆိုပါနှမ်းနက်များနုတ်သိမ်းလေ့ရှိကြောင်း သိရသည်။

ညောင်ဦးမြို့နယ်တွင် ဆောင်းနှမ်းစိုက်တောင်သူများ မိုးရာသီစိုက်ပျိုးချိန် မိုးရွာသွန်းမှု မညီမျှခြင်းကြောင့် မိုးနှမ်းအထွက်နှုန်း သိသိသာသာ လျော့ကျခဲ့ကြောင်း၊ ဆောင်းနှမ်းစိုက်ပျိုးသည့်တောင်သူများ အောင်မြင်ဖြစ်ထွန်းကာ နှမ်းစေ့များအရည်အသွေးပြည့်ကြောင်း၊ မိုးနှမ်းထက်ဆောင်းနှမ်းများကပိုမိုရရှိခဲ့ကြောင်း ဦးဝင်းတင်က ရှင်းပြသည်။

ညောင်ဦးမြို့နယ်ထွက် ဆောင်းနှမ်းနက်များကို ပခုက္ကူပွဲရုံများသို့ သွားရောက် ရောင်းချကြကြောင်းသိရပြီး နှမ်းတစ်တင်းလျှင် ငွေကျပ် ၄၅၀၀၀မှ ၅၅၀၀၀၊ ၅၇၀၀၀အထိ ဈေးနှုန်းရှိကြောင်း၊ နှမ်းတစ်တင်းလျှင် ၁၅ ပိဿာ ရှိကြောင်း ပခုက္ကူမြို့ နီလာပွဲရုံပိုင်ရှင် ဦးဘိုကြီးနိုင်ကရှင်းပြ၍ သိရသည်။

**ကိုထိန်(KPD)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံ ဧက ၁၁ သိန်းကျော် စိုက်ပျိုးပြီးစီး



**မုံရွာ ဒီဇင်ဘာ ၂၀**

စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ဆီထွက်သီးနှံ ၁၁၉၄၆၃၇ ဧကစိုက်ပျိုးပြီးစီးသွားပြီဖြစ်ကြောင်း တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာဦးစီးမှူး ဦးဝင်းလှိုင်ဦးထံမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ၁၀ ခုနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ဆီထွက်သီးနှံများကို ဆောင်းသီးနှံစိုက်ပျိုးချိန် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ပြီး ပြီးစီးမှုအနေဖြင့် မြေပဲ ၄၀၉၀၅၇ ဧက၊ နှမ်း ၅၃၃၈၄၉ ဧက၊ နေကြာ ၁၆၉၄၁၈ ဧက၊ ပန်းနှမ်း ဧက ၆၀၆၀၀ နှင့် မုန်ညင်း ၂၁၇၁၃ ဧကတို့အား နိုဝင်ဘာလကုန်အထိ စိုက်ပျိုးပြီးဖြစ်သည်။

"စစ်ကိုင်းတိုင်းဒေသကြီးက စိုက်ပျိုးရေးလုပ်ငန်းကိုအဓိကထားလုပ်ကိုင်တဲ့ တိုင်းဒေသကြီးဖြစ်တာနဲ့အညီ စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံတွေကို အများဆုံးစိုက်ပျိုးထုတ်လုပ်တယ်၊ အခုဘဏ္ဍာရေးနှစ် ဆောင်းသီးနှံ စိုက်ပျိုးချိန်မှာလည်း ဆီထွက်သီးနှံကို လျာထားချက်ပြည့်မီစွာ စိုက်ပျိုးထုတ်လုပ်နိုင်ဖို့ ဒေသခံတောင်သူတွေနဲ့ စိုက်ပျိုးရေးဝန်ထမ်းတွေပူးပေါင်းပြီး ကြိုးစားအားထုတ်နေပါတယ်၊ ဆီထွက်သီးနှံတွေကို ၁၁ လပိုင်းကုန်အထိ ဧက ၁၁ သိန်းကျော် စိုက်ပျိုးပြီးစီးသွားပြီဖြစ်ပါတယ်" ဟု ဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောကြားသည်။

ဆီထွက်သီးနှံအစုံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ကလေးခရိုင်အတွင်း ၆၁၃၃၈ ဧကအား လည်းကောင်း၊ ယင်းမာပင်ခရိုင်အတွင်း ၁၄၈၉၆၄ ဧကအား လည်းကောင်း၊ မုံရွာခရိုင်အတွင်း ၁၁၄၆၉၃ ဧကအား လည်းကောင်း၊ စစ်ကိုင်းခရိုင်အတွင်း ၂၀၄၀၁၈ ဧကအား လည်းကောင်း၊ ရွှေဘိုခရိုင်အတွင်း ၂၅၈၃၆၃ ဧကအား လည်းကောင်း၊ ကန့်ဘလူခရိုင်အတွင်း ၂၀၉၅၀၂ ဧကအား လည်းကောင်း၊ မော်လိုက်ခရိုင်အတွင်း ၂၃၀၆၅ ဧကအား လည်းကောင်း၊ ကသာခရိုင်အတွင်း ၁၅၈၅၆၅ ဧကအား လည်းကောင်း၊ တမူးခရိုင်အတွင်း ၁၁၂၆၁ ဧကအား လည်းကောင်း၊ ခန္တီးခရိုင်အတွင်းဧက ၃၇၆၀အားလည်းကောင်း၊ နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ၁၁၀၈ ဧကအားလည်းကောင်း စိုက်ပျိုး ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဓေယျာတိုင်း)**

# ကြက်သွန်ဖြူစိုက်ပျိုးရာတွင် ကောက်ရိုးများကို သဘာဝမြေသြဇာအဖြစ် အသုံးပြု

**ကျောက်ထု ဒီဇင်ဘာ ၂၀**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့တွင် မိုးစပါးလယ်မြေများ၌ သီးထပ်အဖြစ် ကြက်သွန်ဖြူကို ဆောင်းသီးနှံအဖြစ်စိုက်ပျိုးကြရာ မိုးစပါးရိတ်သိမ်းရာမှရရှိသည့်ကောက်ရိုးများအား ကြက်သွန်ဖြူစိုက်ခင်းများတွင် သဘာဝမြေသြဇာအဖြစ် အသုံးပြုကြကြောင်း သိရသည်။

"ကြက်သွန်ဖြူစိုက်ခင်းတွေမှာ ပျိုးထောင်စ အပင်တွေအတွက် အရိပ်ရစေပြီး ကောက်ရိုးဆွေးမြည့်တဲ့အခါ သဘာဝမြေသြဇာဖြစ်လာပါတယ်၊ ရှေး ယခင်ကစပြီး စပါးရိတ်သိမ်းပြီးတဲ့လယ်တွေ အစိုဓာတ်ရရှိနေချိန်မှာ ဆောင်းသီးနှံအဖြစ် ကြက်သွန်ဖြူကိုစိုက်ပျိုးကြတာပါ" ဟု တောခလွန်ကျေးရွာမှ ကြက်သွန်ဖြူစိုက်ပျိုးသူ ဦးထွန်းအေးက ပြောကြားသည်။

ဒေသတွင်း ကြက်သွန်ဖြူစိုက်ခင်းတစ်ဧကလျှင် ပိဿာ ၂၀ ခန့်ပျိုးထောင်ရပြီး ပိဿာ ၃၀၀ ခန့်ထွက်ရှိကြောင်း သိရသည်။ ကြက်သွန်ဖြူတစ်ပိဿာလျှင် ဒေသပေါက်ဈေး ကျပ် ၁၂၀၀ ဝန်းကျင်ရှိပြီး ပခုက္ကူနှင့် မန္တလေးမြို့တို့သို့ ရောင်းချကြောင်း သိရသည်။

**စိန်ကျော်**

# ထိုင်ဝမ်ကန်စွန်း တွင်ကျယ်စွာစိုက်ပျိုးမှု များပြား

**မန္တလေး ဒီဇင်ဘာ ၂၀**

ကိုဗစ်-၁၉ရောဂါဖြစ်ပွားနေသည့်ကာလ မန္တလေးမြို့အနီးတွင် ထိုင်ဝမ်ကန်စွန်းများကို တွင်တွင်ကျယ်ကျယ်စိုက်ပျိုးမှု များပြားလာခဲ့သည်။ ထိုင်ဝမ်ကန်စွန်းသည် တစ်ခါစိုက်ပျိုးပြီးသည်နှင့် လများစွာကြာသည်အထိ ခူးဆွတ်ရိတ်ယူရောင်းချရသည့်အတွက် စိုက်ပျိုးသူများ ပုံမှန်အကျိုးအမြတ်ရရှိသည်။ ကန်စွန်းအငှားခူးသူ (ရိတ်သူ)၊ ဖောက်သည်ယူရောင်းသူများ တစ်နှစ်ပတ်လုံး အလုပ်အကိုင်အခွင့်အလမ်းရရှိကြောင်း သိရသည်။

တစ်ခါစိုက်ပြီးသည်နှင့် ပေါင်းနုတ်၊ မြေသြဇာကျွေး၊ အပင်အားဆေးဖျန်း၊ ရေသွင်းခြင်းတို့ကိုသာ ဂရုတစိုက်ပြုလုပ်ပေးပြီး အဆက်မပြတ်ခူးနိုင်သည်။ ထိုင်ဝမ်ကန်စွန်းများကို ရောင်းချရာတွင် အစည်းပြတ်ဖြင့်ရောင်းချကြသည်။ ဒေသအခေါ် ထိုင်ဝမ်ကန်စွန်း တစ်တောင်း(တစ်လိပ်)လျှင် အစည်းပေါင်း ၃၃၆ စည်းပါလေ့ရှိသည်။ ကန်စွန်းတစ်လိပ်လျှင် ငွေကျပ် ၄၅၀၀မှ ၅၀၀၀ အထိ ဖောက်သည်ပေးကြသည်။ ကုန်ပစ္စည်းပေါခြင်း ရှားခြင်းပေါ်မူတည်ကာ ဈေးနှုန်းအတက်အကျရှိသည်။ ကန်စွန်းပွဲစားများမှာ အခင်းပြတ်ဝယ်ယူကာ တင်ပို့ရောင်းချခြင်းများလည်း ပြုလုပ်ကြသည်။

ထိုင်ဝမ်ကန်စွန်းစိုက်သူများကို အခြေပြုကာ ကန်စွန်းခူးသူများလည်း အဆင်ပြေကြသည်။ကန်စွန်းခူးသူများမှာ ပုတ်ပြတ်စနစ်ဖြင့် ခူးကြသည်။ ကန်စွန်းတစ်လိပ်လျှင် လုပ်အားခ ငွေကျပ် ၅၀၀ ရရှိသည်။ လူတစ်ဦးလျှင်အနည်းဆုံး ၁၂လိပ်အထိ ရရှိသည့်အတွက် လုပ်အားခငွေကျပ် ၆၀၀၀ကျော်ရရှိသည်။

လက်ရှိကာလ ထိုင်ဝမ်ကန်စွန်း ဈေးကောင်းသည့်အတွက် ကန်စွန်းစိုက်ပျိုးသူ၊ ကန်စွန်းခူးသူနှင့်ရောင်းချသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**နွေနဒီ(မြစ်ငယ်)**

# ကာမိုင်းမြို့၌ လိမ္မော်သီးများ အောင်မြင်ဖြစ်ထွန်း


**ကာမိုင်း ဒီဇင်ဘာ ၂၀**

ကချင်ပြည်နယ် ကာမိုင်းမြို့နှင့် ခြောက်မိုင်ခန့်အကွာတွင် တည်ရှိသည့် လဝါးကျေးရွာအနီး၌ စိုက်ပျိုးထားသော ရာသီပေါ် နှစ်ရှည် လိမ္မော်သီးပင်များ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

"ကျွန်တော် လိမ္မော်သီးကို ၂၀၀၅ခုနှစ်ကနေ စတင်စိုက်ပျိုးခဲ့ပါတယ်။ မျိုးစေ့ကိုနှစ်နှစ်ခွဲ သုံးနှစ်လောက်ပျိုးပြီးမှ အပင်ဟာ နှစ်ပေ သုံးပေလောက် ရှိလာပါတယ်။ အဲဒီလောက်ကျမှ ပျိုးပင်ကိုစိုက်ရပါတယ်။ အပင်တွေကြီးလာတဲ့အခါမှာလည်း ပျိုးပင်စိုက်ပြီးတဲ့နောက် ခုနစ်နှစ် ရှစ်နှစ်လောက်မှ အသီးစသီးပါတယ်"ဟု လဝါးကျေးရွာမှ လိမ္မော်စိုက် တောင်သူ ဦးနော်ဂျာက ပြောကြားသည်။

အဆိုပါ လိမ္မော်သီးများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းသော်လည်း ကိုဗစ်-၁၉ ရောဂါကြောင့် အရောင်းအဝယ်နည်းပါးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ကချင်ပြည်နယ်အတွင်း၌ လဝါးလိမ္မော်သီးသည် အရောင်းအဝယ်ကောင်းပြီး ဈေးကွက်ဝင်သည့်အတွက် အခြားသောသီးနှံများထက် အဆိုပါအသီးသည် နာမည်ရရာသီပေါ် သီးနှံတစ်မျိုးဖြစ်ကြောင်း သိရသည်။

**ဇွဲသူရအောင် (ပြန်/ဆက်)**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် မော်ကွန်း

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**





## ခရီးသွား ဟင်းလေးအိုးကြီး

စာရေးသူ သတိုးလွင်(ပထဝီဝင်) စီစဉ်ရေးသားသည့် ခရီးသွား ဟင်းလေးအိုးကြီးစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ခရီးသွားရင်း အမှတ်တမဲ့တွေ့ကြုံရမည့် လျှပ်တစ်ပြက်ဖြစ်စဉ်များကိုသိရှိနိုင်ရန်၊ မြန်မာ့ခရီးသွားကဏ္ဍ အဆင့်ဆင့်ပြောင်းလဲမှုများကို အမှတ်ရရှိစေရန်၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ထင်သလောက်မဖြစ်သည်မှာ ဘာကြောင့်လဲဆိုသည့် လျှို့ဝှက်ချက်များကို သိမြင်နိုင်ရန်၊ ခရီးသွားလုပ်ငန်းတွင် အခက်အခဲများကျော်ဖြတ်ရင်း တစ်ထောင့်တစ်နေရာ စိုက်ထူခဲ့ဖူးသည့် သစ်ပင်လေးများအကြောင်း သတိရစေရန် ရည်ရွယ်၍ ရေးသားထားသည်။

စာအုပ်ကို တင်ရွှေစာပေ၊ အမှတ် (၁၁)၊ ကမ္ဘောဇရိပ်သာလမ်း၊ ရွှေတောင်ကြား(၁) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၅၀၂၂၄၅၃မှ တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိသည်။




## ရင်ထဲကပဲ့တင်သံ အမှတ်(၅)

တက္ကသိုလ်ကောလိပ်ပေါင်းစုံ 'အ' သုံးလုံးအဖွဲ့ဝင်ဟောင်းများဦးစီးသော စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့က ရန်ကုန်တက္ကသိုလ်ရာပြည့်အထိမ်းအမှတ်အဖြစ်ထုတ်ဝေသော ရင်ထဲကပဲ့တင်သံ အမှတ်(၅) မဂ္ဂဇင်းထွက်ရှိလာသည်။

'အ' သုံးလုံးအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ၊ ပညာရေးဝန်ထမ်းများသည် ဥက္ကဋ္ဌ ဦးမျိုးသန့် ဖုန်း-၀၉၅၀၁၀၇၅၄ ထံ ဆက်သွယ်၍ဖြစ်စေ၊ မအိမ့်အိမ့်သူ ဖုန်း-၀၉ ၅၀၉၄၁၈၁ အမှတ် (၁၆၇)၊ (၃၅) လမ်း၊ မြေညီထပ်၊ ကျောက်တံတားမြို့နယ်ထံ ဆက်သွယ်၍ဖြစ်စေ အထူးနှုန်းဖြင့် ဝယ်ယူနိုင်ကြောင်း သိရသည်။

စာအုပ်ကို SMART(စမတ်)စာပေ၊ BES building ၊ သိမ်ဖြူလမ်းနှင့် ကန်ရိပ်သာလမ်းထောင့် သိမ်ဖြူလက်ဖက်ရည်ဆိုင်ရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ် မှတစ်ဆင့် တစ်ပြည်လုံးသို့ ရောင်းဈေး ကျပ် ၃၅၀၀ဖြင့် ဖြန့်ချိလိုက်သည်။




## လေ့လာမှတ်သား မြန်မာစကားများ

စာပေနန်းတော်အယ်ဒီတာအဖွဲ့ပြုစုသည့် လေ့လာမှတ်သား မြန်မာစကားများ စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ကလိန်စေ့ ငြမ်းဆင်၊ ကိုယ့်ရှူးကိုယ်ပတ်၊ ကာလံဒေသံ အဂ္ဂိရ်စနံ၊ ကောက်သော် မစားလောက်၊ ဖြောင့်သော် မစားနိုင်၊ ကောက်ညှင်းကမစေး၊ ဆန်ကြမ်းကစေး၊ ကောက်နှောင်း ဆင်စာ၊ သားနှောင်း ကျွန်ရာ၊ ကြက်ဥအရောင် တိမ်တောင်သဖွယ် မင်းရေးကျယ်၊ ကိုယ့်ကိုယ်ကိုယ်ဖော် မသူတော် ခုနစ်ပါး၊ ကောင်းမှန်းသိ သာအိတစ္ပပ်စွပ်၊ ကျားကိုက်ပါသည်ဆိုမှ နာတာရှည်လားမေး စသည့် လေ့လာမှတ်သားဖွယ် မြန်မာစကားများကို ရေးသားထားသည်။

စာအုပ်ကို စာပေနန်းတော်၊ အမှတ်(၁၁၇/၁၂၇)(C-1)၊ ၃၆-လမ်း(အလယ်ဘလောက်)၊ မဟာဗန္ဓုလလမ်းနှင့် အနော်ရထာလမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၂၆၀၂၄၅၂၂၄ နှင့် ၀၉ ၇၃၁၄၀၉၃၄ တို့မှ တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိသည်။




## သရေခေတ္တရာမှသည် ပြည်မြို့သို့တိုင်

စာရေးသူ ပါမောက္ခ ဒေါက်တာ စန်းစန်းမြင့် စီစဉ်ရေးသားသည့် သရေခေတ္တရာမှသည် ပြည်မြို့သို့တိုင်စာအုပ် ထွက်ရှိလာသည်။

မြန်မာနိုင်ငံတွင် သရေခေတ္တရာ ဖြစ်ပေါ်တည်ထောင်နိုင်လာသည်ထိ လူသားများဖြစ်ပေါ်လာသည်မှ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်တို့ကို ပျူလူမျိုးများပါ မြန်မာနိုင်ငံတွင်ရောက်ရှိကာ ဒေသရင်းနေထိုင်သူတို့နှင့်အတူ အဆင့်ဆင့် ရင်ဆိုင်ကျော်လွှားဖြတ်သန်း၍ မြို့ပြများ ကြိုးပမ်းတည်ဆောက်နေထိုင်လာခဲ့ကြသည်။ သရေခေတ္တရာအပါအဝင် မြန်မာနိုင်ငံသူနိုင်ငံသားအားလုံး၏ ရှေးအစ လူသားများနှင့် ယင်းလူသားတို့ ရပ်တည်ဖြစ်ပေါ်လာရာ မြန်မာ့မြေ မြန်မာနိုင်ငံ၏ ဘူမိဆင့်ကဲဖြစ်စဉ်များလည်းဖြစ်၍ သရေခေတ္တရာနိဒါန်းဟု အမည်တပ်ခြင်းဖြစ်သည်။

စာအုပ်ကို သီဟရတနာစာပေ၊ အမှတ်(၁၀၀) ဒီ၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း- ၀၁၅၀၂၆၇၃ မှ တန်ဖိုးငွေကျပ် ၁၂၀၀၀ ဖြင့် ဖြန့်ချိသည်။




## စာပေပင်လယ်ထဲက ကဗျာလှိုင်းကလေး

စာရေးသူ ဒေါက်တာ အောင်မြင့်ဦး စီစဉ်ရေးသားသည့် စာပေပင်လယ်ထဲက ကဗျာလှိုင်းကလေးစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် စာရေးသူငယ်စဉ်က နှစ်သက်ခဲ့ဖူးသည့် မြန်မာကဗျာများ၊ ကျောင်းသင်ရိုးတွင်ပါဝင်သည့် ဂန္ထဝင်မြန်မာကဗျာများ၊ စာရေးသူ ပညာတန်ဆောင် အယ်ဒီတာဘဝက ဖော်ပြခဲ့ဖူးသော ကဗျာဆရာကြီးများ၏ လူသိနည်းသေးသည့်ကဗျာများအကြောင်းကို တင်ပြထားသည်။ မြန်မာကဗျာများနှင့်ပတ်သက်သည့် လေ့လာစရာ၊ စူးစမ်းဆင်ခြင်စရာ၊ သုတေသနပြုစရာများကို ရေးသားထားသည်။

စာအုပ်ကို ရောဝဏ်စာပေတိုက်၊ အမှတ်(၄၁/၄၃)၊ လမ်း (၄၀)၊ (၉)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၅၁၆၂၇၉၇ နှင့် ၀၉ ၄၂၁၀၈၀၄၄၉ တို့မှ တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိသည်။




## ဗီဇအလင်းငှက်ကဗျာများ

စာရေးသူ ဇာနည် ခံစားရေးဖွဲ့သည့် ၂၀၀၅ ခုနှစ် အမျိုးသားစာပေ ကဗျာဆုရ ဗီဇအလင်းငှက်ကဗျာများစာအုပ် ထွက်ရှိလာပြီဖြစ်သည်။

ဗီဇအလင်းငှက်ကဗျာများစာအုပ်တွင် ကဗျာအပုဒ်ရေ ၁၆၀ကို လူ့လောကဓမ္မတာဆင်ခြင်သုံးသပ်ခံစားမိသမျှ လှပသော ဒဿနအမြင်၊ ညီညွတ်မျှတစည်းချက်ညီသော အသံသာယာမှုဖြင့် ဖွဲ့ဆိုထားသည်။ ကဗျာစပ်ထုံးမှန်ကန်ရေးဖွဲ့ဟန်လည်း စီမံရည်ရွယ်ချက်လည်းထိမိသောကဗျာများကို စုစည်းထားသည်။

စာအုပ်ကို ရှင်မတောင်စာပေ အမှတ်(၂၉၆) ၁/အနော်မာ(၇)လမ်း၊ သာကေတ မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၇၉၈၁၈၉၁၄၈၊ ၀၉-၇၇၇၁၃၉၄၇၇ မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိထားသည်။




## ခုနှစ်စဉ်မော်ကွန်း

စာရေးသူများဖြစ်ကြသည့် ကျော်ထွဋ်ခေါင်၊ ခွန်သက်တင်ဆန်း၊ ပိုင်ဇင်ဇော်(သတ္တု)၊ ကိုချိုစံ၊ ရဲကျော်၊ အမ်းသျှမ်း(သျှိုသျှားမြေ)၊ Ju Nile တို့ရေးသားသည့် ခုနစ်စဉ်မော်ကွန်းစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် စာရေးသူ ကျော်ထွဋ်ခေါင်ရေးသားသည့် ရိုးရာ၊ ရဲဘော်စိတ်ဓာတ်အပြည့်နဲ့ အနွေးအင်္ကျီတစ်ထည်အကြောင်း၊ ထရန်ကာလို့စ်ဗိုလ်ကြီးအခြောက်ချသည်၊ စာရေးသူ ခွန်သက်တင်ဆန်းရေးသားသည့် ကျွန်တော်နှင့် မင်းသားကြီး၊ လမိုင်ကောင်၊ ကြမ္မာအလှည့်၊ စာရေးသူ ပိုင်ဇင်ဇော်(သတ္တု)ရေးသားသည့် ဆေးစက်ကျရာ၊ သံလွင်ရေဘယ်မှာခမ်း၊ လှည့်စားခြင်းအနုပညာ၊ စာရေးသူ ကိုချိုစံ ရေးသားသည့် အလင်းရိပ်မှာ ချွေးသိပ်နားခွင့်၊ စာရေးသူ ရဲကျော်ရေးသားသည့် တိုက်ဆိုင်မှုတစ်ခုသာဖြစ်စေချင်၊ မျှော်လင့်ချက်လေး တစ်မျှင်၊ အောက်ခြေစစ်သား စသည့် စာရေးသူခုနစ်ဦး၏ ရေးသားမှုများကို စုစည်းတင်ပြထားသည်။

စာအုပ်ကို ခင်မြတ်သူစာပေ ဖုန်း-၀၉ ၅၁၇၆၉၃၆ မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။




## ချစ်သောအိုမီဂါ

စာရေးသူ ရဲကျော်စီစဉ်ရေးသားသည့် ချစ်သောအိုမီဂါစာအုပ်ထွက်ရှိလာသည်။

ပြည်ထောင်စုဖွားတိုင်းရင်းသားတို့၏ ရင်နှစ်သည်းခြာများဖြင့် ဖွဲ့စည်းထားသည့် မြန်မာ့တပ်မတော် တပ်ရင်းတစ်ရင်း၏ တိုက်စစ် စစ်ပွဲတစ်ပွဲ တကယ့်ဖြစ်စဉ်ဖြစ်ရပ်အတိုင်းရေးသားထားသည်။ တိုက်ပွဲတစ်လျှောက်ကြီးကြပ်၊ ကွပ်ကဲမှုအား တာဝန်ယူ တာဝန်ခံမှုအပြည့်ဖြင့် ခေါင်းဆောင်မှုအင်္ဂါရပ်များအပေါ် အတုယူဖွယ်ရေးသားဖော်ကျူးထားခြင်းနှင့် အချုပ်အခြာအာဏာ၏ အနှစ်သာရကို စာဖတ်ပရိသတ်များ သိရှိလေ့လာနိုင်စေရန် ရေးသားထားသည်။

စာအုပ်ကို ခင်မြတ်သူဇာစာပေ၊ အမှတ်(၁၁)၊ ဒဂုဏ်သီရိလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၉၆၄၀၈၂၁၆၄ နှင့် ၀၉ ၇၃၀၈၂၁၆၄ တို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။

# ကိုဗစ်-၁၉ အလွန်ကာလတွင် ခရီးသွားဧည့်သည်များပိုမိုလည်ပတ်နိုင်ရန်အတွက် ပြူကန်ကျေးရွာကို ခရီးစဉ်ဒေသအသစ်ဖော်ဆောင်မည်




**မန္တလေး ဒီဇင်ဘာ ၂၀**

ကိုဗစ်-၁၉ အလွန်ကာလတွင် မန္တလေးတိုင်းဒေသကြီးသို့ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်နိုင်ရန်အတွက် တံတားဦးမြို့နယ်အတွင်းရှိ ပြူကန်ကျေးရွာကို ခရီးစဉ်ဒေသသစ်အဖြစ် ဖော်ဆောင်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်မျိုးလတ်က ပြောသည်။

**ဖော်ထုတ်သွားမည်**

အဆိုပါ ပြူကန်ကျေးရွာကို ခရီးစဉ်ဒေသသစ်အဖြစ် ဖော်ဆောင်ရာတွင် ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝများကို လေ့လာနိုင်မည့်ခရီးစဉ်များ၊ ခရီးသွားဧည့်သည်များ အနားယူအပန်းဖြေနိုင်မည့် ခရီးစဉ်များ၊ စိုက်ပျိုးရေးကို အခြေခံသည့်ခရီးသွားလုပ်ငန်းများ၊ ပြူကန်ကို လာရောက်ဆောင်းခိုသည့် ငှက်များအား ကြည့်ရှုရမည့် ငှက်ကြည့်ခရီးစဉ်များကို ခရီးသွားဧည့်သည်များအတွက် ဖော်ထုတ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ခရီးသွားလုပ်ငန်းတွေ အနေနဲ့ ကိုဗစ်အလွန်ကာလမှာ ပြန်လည်ဖွံ့ဖြိုးလာစေဖို့ စီမံဆောင်ရွက်နေပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ ကိုဗစ်-၁၉ ကာလအတွင်းမှာလည်း လိုအပ်တဲ့ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းတွေပေးပြီး ဆောင်ရွက်နေသလို ကိုဗစ်အလွန်မှာ ခရီးသွားတွေ လည်ပတ်တဲ့အခါမှာလည်း ဘေးအန္တရာယ်ကင်းရှင်းစွာ လည်ပတ်နိုင်ဖို့ ကိုဗစ်-၁၉ Guidelines ထုတ်ပြန်ပြီး ဆောင်ရွက်နေပါတယ်။ ဒီ Guidelines တွေကိုလည်း ခရီးသွားလုပ်ငန်းနဲ့ ဆက်စပ်တဲ့အဖွဲ့အစည်းတွေ လိုက်နာကြဖို့ ဆောင်ရွက်ထားပါတယ်။ ကျွန်တော်တို့ဌာနအနေနဲ့ တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း၊ ဧည့်လမ်းညွှန်များအသင်းနဲ့ ဟိုတယ်လုပ်ငန်းရှင်များအသင်း စသဖြင့် ဆက်စပ်အသင်းအဖွဲ့တွေနဲ့ ပူးပေါင်းပြီးတော့ ခရီးစဉ်ဒေသအသစ်တွေကို ဖော်ထုတ်ပြီး ဆောင်ရွက်နေပါတယ်" ဟု ၎င်းက ရှင်းပြသည်။

ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ကိုဗစ်အလွန်ကာလများတွင် လာရောက်လည်ပတ်ကြမည့် ခရီးသွားဧည့်သည်များအတွက် ခရီးစဉ်ဒေသအသစ်များကို ဖော်ထုတ် ဆောင်ရွက်လျက်ရှိသည့်အပြင် ရှိပြီးသား ခရီးစဉ်များကိုလည်း မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုခရီးစဉ် ဒေသသစ်အဖြစ် ဖော်ထုတ်မည့် ပြူကန်ကျေးရွာသည် တံတားဦးမြို့နယ်တွင် တည်ရှိပြီး မန္တလေး၊ မြို့သာနှင့် မြင်းခြံလမ်းအတိုင်း သွားရောက်ကာ တံတားဦးမြို့နယ် မြို့ပြဖွံ့ဖြိုးရေးနှင့် ဟိုတယ်ဇုန်စီမံကိန်း၏ ဘယ်ဘက်ခြမ်း ပြူကန်ဆိုင်းဘုတ်မှ ၁၀ မိနစ်အတွင်း ရောက်ရှိကြောင်း၊ အဆိုပါ ပြူကန်၌ ကမ္ဘာပေါ်တွင် အရှားပါးဆုံးဖြစ်ပြီး မျိုးသုဉ်းပျောက်ကွယ်ရန် စိုးရိမ်ရသည့် ပွတ်ချပ်ငှက်များ၊ ဘဲခေါင်းစိမ်း၊ ရေဘဲငှက်တို့ လာရောက်ကျက်စားလေ့ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# ကသာမြို့နယ် စာရေးဆရာအသင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ကသာ ဒီဇင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် စာရေးဆရာအသင်းလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ကသာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကသာမြို့နယ်စာရေးဆရာအသင်းနာယက ဦးချစ်လှိုင်(ဝင်းထိန်-အင်းတော်)က အဖွင့်အမှာစကားပြောကြားပြီး စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးဘမောင်(ကိုဘ-ကသာ)က စာရေးဆရာအသင်းဝင်များအား ကိုဗစ်ကာလတွင် ထောက်ပံ့ရေး၊ နာမကျန်းသည့်အဖွဲ့ဝင်များအား ထောက်ပံ့ရေးတို့ကို ဆွေးနွေးသည်။ ထို့နောက် ကသာမြို့စာရေးဆရာအသင်းအတွင်းရေးမှူး ဦးမောင်လေး(ခင်မောင်လေး-ကသာ)က ကိုဗစ်ကာလအလွန်တွင် စာပေလှုပ်ရှားမှုများကို အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်ကြရန်မှာကြားပြီး ဘဏ္ဍာရေးမှူး ဦးခင်မောင်ဦး(ဦးရဲ-ကသာ)က အသင်းဘဏ္ဍာနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ တက်ရောက်လာသည့် စာရေးဆရာအသင်းဝင်များက ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**အေးမြသက်ထား**

# မိတ္ထီလာမြို့နယ် သီတက္ကန်(မြောက်)ကျေးရွာ၌ အိုးလုပ်ငန်းကို ကျေးရွာ၏ အဓိကထုတ်ကုန် တစ်မျိုးအဖြစ် တွင်ကျယ်စွာ လုပ်ကိုင်လျက်ရှိ

**မိတ္ထီလာ ဒီဇင်ဘာ ၂၀**

မိတ္ထီလာမြို့နယ် သီတက္ကန်(မြောက်)ကျေးရွာတွင် အိုးလုပ်ငန်းကို ကျေးရွာ၏ အဓိကထုတ်ကုန် တစ်မျိုးအဖြစ် တွင်ကျယ်စွာ လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။



သီတက္ကန်(မြောက်)ကျေးရွာတွင် အိမ်ခြေ ၈၃ အိမ်၊ လူဦးရေ ၄၀၀ ကျော်ရှိရာ အိမ်ခြေ ၇၀ ကျော်မှာ အိုးလုပ်ငန်းကို လုပ်ကိုင်လျက်ရှိပြီး ၎င်းအိုးလုပ်ငန်းတွင် လိုအပ်သော မြေများကို အမျိုးသားများက တောမှ လှည်းများဖြင့် သယ်ယူပေးကာ အမျိုးသမီးများက အိုးပုံသွင်းခြင်း၊ နေလှန်းခြင်း၊ မီးဖုတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

သီးတက္ကန်(မြောက်)ကျေးရွာမှ ထွက်ရှိသော အိုးများမှာ သောက်ရေအိုး၊ ဘုရားပန်းအိုး၊ ဆွမ်းလောင်းအိုး၊ ပန်းစိုက်အိုး၊ စလောင်းဖုံး၊ ဆီမီးခွက်၊ ထန်းမြေအိုးများဖြစ်သည်။ ထိုသို့ထွက်ရှိသည့် အိုးများကို မိတ္ထီလာ၊ မလှိုင်၊ တောင်သာမြို့နယ်များမှ အိုးကုန်သည်များက ကျေးရွာအရောက် ဝယ်ယူလျက်ရှိရာ အဆိုပါ အိုးလုပ်ငန်းကို သီတက္ကန် (မြောက်) ကျေးရွာသာမက အနီးအနား ကျေးရွာများကပါ အိုးလုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



# ဟားခါးမြို့၌ အနိမ့်ဆုံးအပူချိန် သုညဒီဂရီစင်တီဂရိတ်အောက်ရှိ၍ ရေခဲသည်အထိ အအေးပို

**ဟားခါး ဒီဇင်ဘာ ၂၀**

ချင်းပြည်နယ် ဟားခါးမြို့ပေါ်တွင် ယမန်နေ့ နံနက် ၆ နာရီခွဲကတိုင်းတာချက်အရ အနိမ့်ဆုံးအပူချိန် သုညဒီဂရီအောက်(အနုတ် ၄ ဒသမ ၇ ဒီဂရီစင်တီဂရိတ်)ရောက်ခဲ့ပြီး ရေခဲသည်အထိ အအေးပိုကြောင်း ချင်းပြည်နယ် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

" ဟားခါးမြို့မှာ ယမန်နေ့ နံနက်ပိုင်းတိုင်းတာချက်အရ အပူချိန်အနိမ့်ဆုံး အနုတ် ၄ ဒသမ ၇ ဒီဂရီစင်တီဂရိတ်အထိရှိပြီး ရေတောင် ခဲသွားတယ်။ ဒီနှစ်တော့ ဆောင်းရာသီက ပိုအေးတယ်လို့ ခံစားရတယ်။ အရင်နှစ်က ဒီဇင်ဘာတတိယပတ်လောက်၊ ဒါမှမဟုတ် ဇန်နဝါရီလလယ်လောက်ကျမှ နှင်းခဲပြီးအေးတာ။ ဒီနှစ်မှာတော့ သုညဒီဂရီအောက်ရောက်လာတော့ နေဝင်တာနဲ့ ချက်ချင်းအေးတော့တာပဲ။ အရင်နှစ်တွေတုန်းကတော့ အအေးဆုံးအနုတ် ၄ ဒီဂရီစင်တီဂရိတ်အထိပဲရှိခဲ့ဖူးတယ် " ဟု ချင်းပြည်နယ် ဟားခါးဒေသခံ ဒေါ်နီရင်န်းက ပြောသည်။

"ချင်းပြည်နယ်မှာတောင် တစ်နေရာနဲ့ တစ်နေရာမတူဘူး။ ဟားခါးမှာတော့ တခြားမြို့တွေထက် ပိုအေးတယ်။ ဟားခါးမှာ ဒီနေ့ နံနက် ၆နာရီခွဲတိုင်းတာချက်အရ အနုတ် သုည ဒသမ ၇ ဒီဂရီစင်တီဂရိတ်ရှိပါတယ်။ ပြီးခဲ့တဲ့ရက်ထက် အပူချိန်မြင့်လာတာဖြစ်ပြီး လက်ရှိအချိန်မှာတော့ မြန်မာနိုင်ငံမြောက်ပိုင်းဒေသတွေမှာ ပုံမှန်ထက် အပူချိန်လျော့နိုင်ပါတယ်။ ချင်းပြည်နယ်ကတော့ ပုံမှန်အပူချိန်က (+၁)ကနေ(-၁)ဒီဂရီစင်တီဂရိတ်ကြားမှာ ရှိလေ့ရှိပါတယ် " ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ချင်းပြည်နယ်သည် တောင်ပေါ်ဒေသဖြစ်၍ ချမ်းအေးသောရာသီဥတုရှိပြီး ဧပြီလနှင့်မေလသည် အပူဆုံးလဖြစ်သည်။ ချင်းပြည်နယ်တွင် ဒီဇင်ဘာလဆန်းပိုင်းမှအစပြု၍ ချင်းတောင်ပေါ်မြို့နယ်များနှင့် ချင်းတောင်ခြေရှိ မြို့နယ်များ၌ ဆောင်းကာလရောက်လာသည်နှင့်အမျှ တဖြည်းဖြည်းချမ်းအေးလာပြီး ဒီဇင်ဘာလနောက်ဆုံးပတ်နှင့် ဇန်နဝါရီလတို့တွင် အအေးဒဏ်ပို၍ လွန်ကဲလေ့ရှိကြောင်း သိရသည်။

**ချင်းတွင်းသား**

# ကျောက်တံခါးမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်း

**ကျောက်တံခါး ဒီဇင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယမန်နေ့က ကျောက်တံခါးမြို့ ဂနက်ကျေးရွာအုပ်စု မူခရမ်းကျေးရွာ၌ ကျင်းပသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဦး၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်ထွေးတို့က အဖွင့်အမှာစကားများ ပြောကြားကြပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဒေါ်ဆွေဆွေမြင့်နှင့် ဝန်ထမ်းများက ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအား မိတ်ဆက်ရှင်းလင်းကာ ကော်မတီဖွဲ့စည်းခြင်းကို ဆောင်ရွက်ကြရာ ကျေးရွာပြည်သူများက ကော်မတီရွေးချယ်ပေးခြင်း၊ ဖွံ့ဖြိုးရေးစီမံချက်များ ဆွေးနွေးဖော်ထုတ်ခြင်း၊ ဦးစားပေးစီမံချက်များ ရွေးချယ်ခြင်းတို့ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ခဲ့ကြသည်။

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကျေးရွာ ၁၅ ရွာ ဆောင်ရွက်မည်ဖြစ်ပြီး ကျေးရွာတစ်ရွာလျှင် ကျပ်သိန်း ၁၀၀ စီဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာလူထုကိုယ်တိုင် အကောင်အထည်ဖော်နိုင်တော့မည် ဖြစ်သဖြင့် ဒေသဖွံ့ဖြိုးရေးကို များစွာအကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**နေလင်း**

# ချောင်းမငယ်ရေလှောင်တမံအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၀**

နေပြည်တော် လယ်ဝေးမြို့နယ်အတွင်းရှိ ချောင်းမငယ် ရေလှောင်တမံနှင့် ဆည်ရေသောက်စနစ်အတွင်း တမံ ကြံ့ခိုင်မှုအတွက် ထိန်းသိမ်းဆောင်ရွက်ထားရှိမှု၊ တမံ အတွင်းရေသိုလှောင်ထားရှိမှု၊ နွေစပါးစိုက်ပျိုးရေ အဆင် ပြေစွာပေးနိုင်ရေးအတွက် ရေပေးတူးမြောင်းများ ပြင်ဆင် ထိန်းသိမ်းဆောင်ရွက်ထားရှိမှုတို့ကို ယနေ့နံနက်ပိုင်းတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်နှင့် တာဝန်ရှိသူ များက ကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် တည်ဆောက်ရေး(၅) ညွှန်ကြားရေးမှူး၊ နေပြည်တော်(ထိန်းသိမ်းရေး) ညွှန်ကြား ရေးမှူးနှင့် တာဝန်ရှိသူများက တမံကြံ့ခိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို လိုက်လံရှင်းလင်းပြသကြရာ ညွှန်ကြားရေးမှူးချုပ်က ပြောင်းလဲလာသော ရာသီဥတုနှင့် အညီ ဆည်ရေအား အလေအလွင့်နည်းပါးစွာဖြင့် အကျိုးရှိရှိ ထိထိရောက်ရောက် အသုံးပြုနိုင်ရန်အတွက် ဖွဲ့စည်းပြီးဖြစ် သော ရေအသုံးချသူများအဖွဲ့(WUG)များနှင့် ပူးပေါင်းပြီး စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

**ထက်လျှံ**



ချောင်းမငယ်ရေလှောင်တမံအတွင်း ရေသိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# စော်ကဲမြစ်ကူးတံတား ရာနှုန်းပြည့် တည်ဆောက်ပြီးစီး၊ တံတားခံနိုင်ဝန် စမ်းသပ်ဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် လမ်းကွန်ရက်အမှတ် (၁၀) ဘိုကလေး - မော်လမြိုင်ကျွန်း- ကျုံမငေး - ဝါးခယ်မ မြောင်းမြကားလမ်း မိုင်တိုင်အမှတ် (၁၇/၀)စော်ကဲမြစ်ပေါ်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားတည်ဆောက်ရေးအထူးအဖွဲ့ (၂) က တာဝန်ယူတည်ဆောက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ပြီးစီးသွားပြီဖြစ်သဖြင့် တံတားခံနိုင်ဝန်အား စမ်းသပ် စစ်ဆေးလျက်ရှိသည်။



တံတားအရှည် မီတာ ၇၅၀ နှင့် အကျယ် ၉ ဒသမ ၅ မီတာ ရှိသည်။ တံတားအပေါ်ထည် ၉၀ မီတာ သံမဏိ၊ သံပေါင်၊ ၃၀ မီတာ ကြိုတင်အားဖြည့် သံကူကွန်ကရစ် ရက်မ၊ သံကူကွန်ကရစ် ကြမ်းခင်း၊ သံကူကွန်ကရစ် လက်ရန်း၊ တံတားအောက်ထည် သံကူကရစ် ၁ ဒသမ ၅ မီတာနှင့် ၁ ဒသမ ၂ မီတာ အချင်းရှိ သံကူကွန်ကရစ် ဘိုးပိုင် တို့ဖြင့် တည်ဆောက်ထားပြီး လူသွားလမ်းအကျယ် တစ်ဖက်လျှင် ၁ မီတာ၊ ရေလမ်းကင်းလွတ်အမြင့် ပေ ၄၀၊ ရေလမ်းကင်းလွတ် အကျယ်ပေ ၂၄၀ ဖြစ်သည်။

တံတားစီမံကိန်းတန်ဖိုးမှာ(လျာထား) တံတား လုပ်ငန်းငွေကျပ် ၁၅၈၅၅ သန်း၊ ချဉ်းကပ်လမ်း မြေသား တာပေါင်ငွေကျပ် သန်း ၃၅၀၊ တံတားပေါင်နိုင်လွန်ကတ္တရာ ခင်း ငွေကျပ် ၂၉၅ သန်း စုစုပေါင်း ငွေကျပ် သန်း ၁၆၅၀၀ ဖြစ်ပြီး တံတားခံနိုင်ဝန်မှာ Designloading – Hs – 25 ဖြစ်သည်။

**ခရမ်းစိုးမြင့်**

# ဆောင်းလည့ချမ်း

❖ ကျန်းခန့်လို့သာ
မာပါစေအများ၊
တောင်းဆုခြွေသီဆိုတေး
ငြိမ်းအေးစေသား။
❖ ဒီဇင်ဘာဆန်းရက်လ
ပန်းခက်လှ ဆောင်းနှင်းဝေ၊
နှင်းအကြွေ အဆွေဖွဲ့
ညင်းသွဲ့မြောက်လေ။
မီးရောင်စုံလင်းလက်နေ
နွယ်ပန်းခွေ သဏ္ဍာန်အလား၊
ခရစ်တော် ဖွားရက်လ
ကြံုရခုများ။
❖ မျိုးနွယ်ဆွေ တေးသံများ
သကာပျား ရှုံးလိမ့်ထင်၊
ချိုလွင်လွင် ထံတျာနဲ့
ညင်းသွဲ့သံစဉ်။
မေတ္တာမျှ အလှဆင်
ဆွေကုန်စင် ရစေဖို့၊
ရည်မျှော်ကာ အားသွန်ဖြိုး
မိုးယံတိုင်သို့။
❖ နှစ်သက်ဖွယ်လှတနှုန်း
သီဖွဲ့ကုံး တေးချိုချို၊
ဆွေသဟာ အိမ်တော်ရှေ့
ကြည်မွေ့ဖွယ်ဆို။
လက်ကမ်းလို့ကြို
ပြုံးရိပ်ခိုမေတ္တာစမ်း။
ခိုင်ပန်းစုံ ပွင့်ငုံဖူးရယ်နဲ့
ကြည်နူးဖွယ်တေးချိုလွှမ်း
ဆောင်းလည့ချမ်း။ ။

**ဂျိန်း(မနော‌မြေ)**

# အမာမြို့နယ်အတွင်းရှိ ငါး/ပုစွန် မွေးမြူရေးကန်များ စာရင်းဇယားမှန်ကန်မှုရှိစေရေး ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဖျာပုံခရိုင် အမာမြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးသန်းဦးသည် ခတ်တာကျွန်း(ဂရက်ကြီးလိပ် သောင်ကျွန်း) စခန်းတာဝန်ခံ ဦးထွန်းထွန်းဝင်း နှင့်အတူ မြို့နယ်အတွင်းရှိ သမိန်ပုလဲ၊ ထောင်ကြီး၊ အရှေ့ကမ်း၊ ခတ်တာကျွန်း၊ နောက်မီး၊ အောင်လှိုင်ကျေးရွာရှိ ငါး/ပုစွန် မွေးမြူရေးကန်စာရင်းဇယားများ မှန်ကန်မှု ရှိစေရေးအတွက် ကွင်းဆင်းသွားရောက်ပြီး လက်ရှိ ငါးမွေးမြူနေသည့် ကန်များနှင့် ငါးမွေးမြူခြင်းမရှိသော ငါးကန်များအား ဒေသခံကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အတူ တွေ့ဆုံပြီး စာရင်းဇယားများမှန်ကန်စေရေး၊ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် ဖြင့် ငါးမွေးမြူနိုင်ရေး၊ တရားမဝင် ငါးဖမ်းဆီးမှု များလျော့နည်းပပျောက်စေရေး၊ ငါးသယံဇာတ များထိန်းသိမ်းစောင့်ရှောက်ရေးနှင့် လက်ရှိ ငါးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေး ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# တွန်းဇံမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စတင်ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ချင်းပြည်နယ် တွန်းဇံမြို့၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် တွန်းဇံမြို့နယ် မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ် ရေးရုံး ဝန်ထမ်းအိမ်ရာရှေ့ ပေ ၃၀၀ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို စတင်အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ချင်းပြည်နယ် နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေမှ ငွေကျပ် ၁၇ ဒသမ ၃၄၀ သန်းဖြင့် ပေ ၃၀၀ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို Rhema Foundation ကုမ္ပဏီက စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကွန်ကရစ်လမ်းသည် အရှည်ပေ ၃၀၀၊ အကျယ် ၁၂ ပေနှင့် ဒု(ကျောက် ခြောက်လက်မနှင့် ကွန်ကရစ် ခုနစ်လက်မ)တို့ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ထိုလမ်းခင်းခြင်း လုပ်ငန်းကို ၂၀၂၁ ခုနှစ် ဇန်နဝါရီ... 

# ကလိန်အောင်မြို့၌ ပြောင်းဖူးများကို စီးပွားဖြစ် ကျယ်ပြန့်စွာ စိုက်ပျိုး

**ကလိန်အောင် ဒီဇင်ဘာ ၂၀။** ။ တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့တွင် စိုက်ပျိုးရေး လုပ်ငန်းကို အဓိကလုပ်ကိုင်လျက်ရှိရာ ဆောင်းသီးနှံတစ်မျိုးဖြစ်သည့် ပြောင်းစိုက်ပျိုးခြင်း ကိုလည်း စီးပွားဖြစ် ကျယ်ပြန့်စွာစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ကလိန်အောင်မြို့တွင် သကြားပြောင်းနှင့် ကောက်ညှင်းပြောင်းနှစ်မျိုးကိုစိုက်ပျိုးကြပြီး ထားဝယ်မြို့နှင့် ကံပေါက်တွင်ရှိသည့် ပြောင်းဖူးအဝယ်ဒိုင်များက လာရောက်ဝယ်ယူကြသလို ကိုယ်တိုင်သွားရောင်းကြကြောင်းလည်း သိရသည်။

**မိုးမိုးခိုင်(ပြန်/ဆက်)**

# မုံရွာမြို့နယ် လယ်ဇင်ရွာ ခရီးစဉ်နေရာအား စနစ်တကျဖော်ထုတ်ရေး ဆွေးနွေး

**မုံရွာ ဒီဇင်ဘာ ၂၀**

မုံရွာမြို့နယ် လယ်ဇင်ရွာ ခရီးစဉ်နေရာအား စနစ်တကျဖော်ထုတ်ရေးကို ဒီဇင်ဘာ ၁၅ ရက်က ပြုလုပ်သော မုံရွာခရိုင် ခရီးစဉ်ဒေသစီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးခဲ့ကြောင်း သိရသည်။

"လယ်ဇင်ရွာမှာက ပထမလယ်တီဆရာတော်ကြီး သီတင်းသုံးကျိန်းပြုခဲ့တဲ့ ကျောင်းကြီးရှိသလို ရှေးဟောင်းအိမ်ကြီးတွေ၊ စေတီတွေစတဲ့ လေ့လာစရာတွေ ဗဟုသုတရစရာတွေရှိတဲ့အတွက် ခရီးသွားနေရာတစ်ခုအဖြစ် စနစ်တကျဖော်ထုတ်နိုင်ဖို့ ရေးဆွဲတင်ပြခဲ့ပါတယ်" ဟု မုံရွာမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ကြည်က ပြောသည်။

မုံရွာခရိုင် ခရီးစဉ်ဒေသစီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ဒီဇင်ဘာ ၁၅ ရက် မွန်းလွဲပိုင်းက ကျင်းပရာ ဆွေးနွေးပွဲသို့ မုံရွာမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီးတာဝန်ခံ၊ မုံရွာခရိုင် ဌာနဆိုင်ရာများ၊ DMO အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

"စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးတာဝန်ခံက မုံရွာခရိုင်မှာ ၂၀၂၁ ခုနှစ် တစ်နှစ်တာ ဆောင်ရွက်မယ့်Action Plan ရေးဆွဲရာမှာ အခြေခံရမယ့်မဟာဗျူဟာခြောက်ရပ်ကိုရှင်းလင်းဆွေးနွေးခဲ့တယ်။ မုံရွာမြို့အနီး ခရီးစဉ်နေရာတွေကို သွားလာမှုအဆင်ပြေရေး၊ ခရီးစဉ်နေရာတွေမှာ လုံခြုံမှုရှိရေးတွေကို ဆွေးနွေးခဲ့ပြီး တက်ရောက်လာတဲ့ ကော်မတီအဖွဲ့တွေက Action Plan မှာ ထည့်သွင်းရေးဆွဲရမယ့် အချက်တွေကို အကြံပြုဆွေးနွေးခဲ့ပါတယ်" ဟု မုံရွာခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်စိုးက ပြောသည်။

ပြီးခဲ့သည့် ဒီဇင်ဘာ ၁၄ ရက်က စစ်ကိုင်းတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် စစ်ကိုင်းခရိုင် ခရီးစဉ်ဒေသစီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။



တက်ရောက်လာသူ ဌာနဆိုင်ရာကော်မတီဝင်များက စစ်ကိုင်းဆိပ်ကမ်း သာယာလှပရေး၊ ခရီးစဉ်လမ်းကြောင်းများ ဖော်ဆောင်မည့်အခြေအနေ၊ Information Access Center ပြင်ဆင်ထားရှိရေး၊ သယ်ယူပို့ဆောင်ရေး ကဏ္ဍများနှင့် မြို့၏သန့်ရှင်းသာယာလှပရေး ဆောင်ရွက်မည့် ကိစ္စရပ်များကို အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**



# ကျွန်းလှမြို့နယ်တွင် မိရိုးဖလာအိုးလုပ်ငန်းဖြင့် ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိ

**ကျွန်းလှ ဒီဇင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ် ရှမ်းစုကျေးရွာတွင် မိရိုးဖလာအိုးလုပ်ငန်းလုပ်ကိုင်ကြ၍ ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိနေကြောင်း သိရသည်။

အိုးလုပ်ငန်းလုပ်ကိုင်ရာတွင် အဓိကကျသည့် ရွှံ့စေးမြေသုံးဘီးတစ်စီးလျှင် ငွေကျပ် ၃၅၀၀၀ ပေးရကြောင်း၊ အိုးလုပ်ရန် ရွှံ့စေးမြေကိုနေလှန်းပြီး ရွှံ့မြေလေးပုံ၊ သဲနှစ်ပုံးရောစပ်၍ရေစိမ်ထားရကြောင်း၊ ရေစိမ်ပြီးမြေကိုနင်း၍ ပုံလောင်း၊ ထုတ်ဖြင့် သုံးဆင့်ရိုက် နေပြန်လှန်းရကြောင်း၊ အိုးများကိုကောက်ရိုးနှင့် ထင်းများထောင်၍ရွှံ့ဖြင့် သရွတ်ကြမ်းမီးဖုတ်ရကြောင်း၊ တစ်နေ့အိုးအလုံး ၃၀ ကျော်ပြီးကြောင်း အိုးလုပ်ငန်းလုပ်ကိုင်သူ ကိုကျော်မြိုင်က ပြောကြားသည်။

"ကျွန်မတို့ရွာမှာ တောင်သူလုပ်ငန်းအပြင် တစ်ဖက်တစ်လမ်းက မိသားစုဝင်ငွေရရှိရန်အတွက် အိုးလုပ်ငန်းလုပ်ကိုင်ခဲ့တာနှစ်ပေါင်း ၁၀၀ ကျော်ရှိပြီ ဖြစ်ပါတယ်။ ရွှံ့မြေရေတစ်ခါစိမ်အိုး ၃၂ လုံးလုပ်ရာမှာ ရွှံ့နင်းသူက ငွေကျပ် ၂၅၀၀၊ပုံလောင်းသူကငွေကျပ် ၂၀၀၀ နှင့် လှည့်ပေးသူကငွေကျပ် ၁၀၀၀ ရပါတယ်"ဟု လက်ခစားအိုးလုပ်သူ ဒေါ်ချိုက ပြောပြသည်။

အဆိုပါအိုးများကို ကျွန်းလှမြို့နယ်၊ ကန့်ဘလူမြို့နယ်နှင့် ကောလင်းမြို့နယ်များမှ အိုးတစ်လုံးငွေကျပ် ၉၀၀ ဖြင့် လာရောက်ဝယ်ယူကြကြောင်း သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**

# ကျောက်ကြီးမြို့၌ ကြက်အုပ်ဆောင်း ရက်လုပ်ခြင်းလုပ်ငန်း ပျောက်ကွယ်မှာစိုးရိမ်

**ကျောက်ကြီး ဒီဇင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့၌ ဒေသထွက်ထီးရိုးဝါးဖြင့် ကြက်အုပ်ဆောင်း ရက်လုပ်ခြင်းလုပ်ငန်း တိမ်ကောပျောက်ကွယ်မည်ကို စိုးရိမ်ကြောင်း ယင်းလုပ်ငန်းလုပ်ကိုင်နေသူ မိသားစုဝင်များထံမှ သိရသည်။

ဒေသထွက်ထီးရိုးဝါးဖြင့် ကြက်အုပ်ဆောင်း ရက်လုပ်ခြင်းလက်မှုပညာကို လက်ဆင့်ကမ်းသင်ကြားပေးချင်သော်လည်း သင်ယူလိုသူမရှိ၍ ပညာရပ်တစ်ခု တိမ်ကောမည်ကို စိုးရိမ်ကြောင်း ဝါးလက်မှုပညာရှင် ကရင်တိုင်းရင်းသား အတီစောပိုပိုးက ပြောသည်။

ကြက်အုပ်ဆောင်း ရက်လုပ်ရာတွင် အဓိက ထီးရိုးဝါးကို အသုံးပြု၍ ရက်လုပ်ရခြင်းဖြစ်ပြီး အုပ်ဆောင်းတစ်ခုရက်လုပ်ရန် အချိန်နှစ်နာရီခွဲ သုံးနာရီခန့် ကြာကြောင်း၊ တစ်နေ့ကုန်ရက်လုပ်ပါက ကြက်အုပ်ဆောင်း သုံးလုံး၊ လေးလုံးပြီးစီးကြောင်း၊ ကြက်အုပ်ဆောင်း ရက်လုပ်ရန် ထီးရိုးဝါး နှစ်လုံးခန့်အသုံးပြုရပြီး ပထမ ဝါးကို ခွဲခြမ်းကာ ဝါးကြောသတ်ရခြင်း၊ အကြောသတ်ပြီးသားဝါးကို သုံးတောင်ကျော်ကျော် ပိုင်းဖြတ်၍ ဝါးခြမ်းပြားအချောင်း ၂၀ ဖြင့် အခြေပြုပြီး ကြက်အုပ်ဆောင်းကို စတင်ရက်လုပ်ရခြင်းဖြစ်ကြောင်း၊ ထို့အပြင် ဝါးဖြင့် ရက်လုပ်ရသော ငါးအုပ်ဆောင်း၊ ခားခြင်း၊ ဝါးပလိုင်းများလည်း ပြုလုပ်ကြကြောင်း အတီစောပိုပိုးက ပြောသည်။



အဆိုပါလုပ်ငန်းကို နွေ၊ မိုး ဆောင်း ဥတုသုံးပါးစလုံး အိုးမကွာ အိမ်မကွာ လုပ်ကိုင်နိုင်ပြီး ယခုလို ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားနေချိန်တွင် ဒေသထွက်ကုန်ပစ္စည်းများဖြင့် လုပ်ကိုင်ရသည့်အတွက် မိသားစုအပိုဝင်ငွေရကာ အဆင်ပြေကြောင်း ယင်းလုပ်ငန်းလုပ်ကိုင်နေသူ မိသားစုဝင်များထံမှ သိရသည်။

**ကိုသားကြီး(ကျောက်ကြီး)**

# စပါးရိတ်သိမ်းသရုပ်ပြခြင်းနှင့် ကောက်ရိုးစု၊ ကောက်ရိုးထုံးစက်တို့ဖြင့် သရုပ်ပြခြင်းဆောင်ရွက်

**တပ်ကုန်း ဒီဇင်ဘာ ၂၀**

နေပြည်တော် တပ်ကုန်းမြို့နယ်တွင် ပေါ်ဆန်းဘေးကြား စပါးရိတ်သိမ်းသရုပ်ပြခြင်းနှင့် ကောက်ရိုးစု၊ ကောက်ရိုးထုံးစက်တို့ဖြင့် သရုပ်ပြခြင်းကို ယနေ့နံနက်ပိုင်းက ဗိုလ်မင်းရောင်အုပ်စု ကွင်းအမှတ် ၁၃၁၉ ကွင်း၊ တောင်သူ ဦးတင်ထွန်းအောင်နှင့် ဦးစိုးနိုင်တို့ ပိုင်ဆိုင်သည့် မိုးစပါးကောက်စိုက်စက် စံပြစိုက်ခင်းတွင် ဆောင်ရွက်ခဲ့သည်။

သရုပ်ပြပွဲတွင် စက်မှုလယ်ယာဦးစီးဌာန(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနိုင်ဝင်းက လယ်ယာစိုက်ပျိုးတောင်သူများအနေဖြင့် လယ်ယာသုံးစက်ကိရိယာများနှင့် ပတ်သက်သည့် ကောက်စိုက်စက်၊ ရိတ်ခြွေစက်၊ ကောက်ရိုးထုံးစက်၊ စွမ်းအားမြင့်ထွန်စက်နှင့်တွဲဖက်အသုံးပြုနိုင်သော စက်ပစ္စည်းကိရိယာများ လိုအပ်ပါက မြို့နယ်စက်မှုလယ်ယာဦးစီးဌာနသို့ ဆွေးနွေးမေးမြန်းနိုင်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကွင်းအမှတ် ၁၃၁၉၊ တောင်သူ ဦးတင်ထွန်းအောင် မိုးစပါးကောက်စိုက်စက် စံပြစိုက်ခင်း၊ ပေါ်ဆန်းဘေးကြားစပါးစိုက်ကွက်တွင် ရိတ်သိမ်းခြွေလှေ့စက်ကြီးဖြင့် စပါးစံကွက် ရိတ်သိမ်းခဲ့ရာ တစ်ကေလျှင် စပါးအစိုတင်း ၉၆ တင်းထွက်ရှိပြီး စပါးတစ်တင်းလျှင် ငွေကျပ် ၁၁၀၀၀ နှုန်းရရှိကြောင်းနှင့် တောင်သူ ဦးစိုးနိုင် စပါးစိုက်ကွက်တွင် ရိတ်သိမ်းခြွေလှေ့စက်ကြီးနှင့်ရိတ်သိမ်းထားသည့်ကောက်ရိုးများကို ကောက်ရိုးစုစက်ကိရိယာ၊ ကောက်ရိုးထုံးစက်တို့ဖြင့် သရုပ်ပြသဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ယင်ဖြူပိုးကျရောက်မှုနှင့် ဈေးကွက်အခြေအနေတို့ကြောင့် မင်းဘူးမြို့နယ်မှ ဂန္ဓမာပန်းစိုက်ပျိုးရောင်းချသူများ အခက်ကြုံနေ

**မင်းဘူး ဒီဇင်ဘာ ၂၀**

ဂန္ဓမာပန်းများ လှိုင်လှိုင်ပွင့်နေချိန်တွင် ယင်ဖြူပိုးကျရောက်မှုနှင့်အတူ ကပ်ရောဂါကာလ အရောင်းအဝယ် ဈေးကွက်ကျဆင်းနေမှုတို့ကြောင့် မင်းဘူးမြို့နှင့်အနီးတစ်ဝိုက်ရှိ ကျေးရွာများမှ ဂန္ဓမာပန်းစိုက်ပျိုးရောင်းချသူများ အခက်ကြုံနေရကြောင်း သိရသည်။

"ဂန္ဓမာပန်းက ဘုရားပန်းကပ်ဖို့အတွက်ပဲ အဓိကရောင်းရတာပါ။ ဒီနှစ် ယင်ဖြူတွေကျတော့ ပန်းရဲ့လှပမှုကိုလည်း ထိခိုက်တယ်။ ကိုဗစ်ကာလဆိုတော့ ပန်းဈေးကလည်း အရင်နှစ်တွေကလောက် မရဘူး။ ပိုးသတ်ဖို့အတွက် ကုန်ကျစရိတ်တွေလည်းရှိတော့ ပန်းစိုက်ရတာ ဒီနှစ်တွက်ခြေမကိုက်ဘူး" ဟု ပန်းစိုက်ပျိုးသူ ကိုဇော်မင်းက ပြောသည်။

မင်းဘူးမြို့နယ်ရှိ ကျေးရွာများအနက် ရေတွင်းကုန်းကျေးရွာအုပ်စုမှာ ဂန္ဓမာပန်းကို အဓိကထားစိုက်ပျိုးသည့် ဒေသဖြစ်ပြီး ဇွန်လမှ ဧပြီလအတွင်း ပန်းစိုက်ပျိုးရောင်းချမှုများ လုပ်ဆောင်ကြကြောင်း၊ ရွှေဝါဝင်း၊ လပ်ကီး ၊ ရွှေစိမ်း၊ ငုရွှေဝါစသည့် ဂန္ဓမာပန်းအမျိုးအစားများကို စိုက်ပျိုးကြကြောင်း စိုက်ပျိုးရေးလုပ်ကိုင်သူများထံမှ သိရသည်။

"ကိုဗစ်ကာလဆိုတော့ အသွားအလာကန့်သတ်တဲ့ ဒေသတွေလည်း ရှိလာတယ်။ စိုက်ခင်းတွေကနေ ဝယ်ပြီး ဈေးတွေမှာ ပြန်ရောင်းတဲ့အခါ အခက်အခဲတွေ ဖြစ်ကုန်တာပေါ့။ ပန်းက အရင်လိုလည်း ရောင်းမကောင်းဘူး " ဟု ပန်းဖောက်သည်ယူ၍ ရောင်းချသူ မမွန်မွန်က ဆိုသည်။

မိုးဦးကာလက နှမ်းမကောင်း၍ ပန်းစိုက်ပျိုးမှုဘက်သို့ ပြောင်းလဲလုပ်ကိုင်သူများလည်းရှိခဲ့ပြီး ဇွန်လအတွင်း ဂန္ဓမာပန်းစိုက်ပျိုးကြသူများမှာ မိုးများမှုဒဏ်ခံရကာ ပျက်စီးဆုံးရှုံးမှုများ ကြုံခဲ့ရသေးကြောင်း စိုက်ပျိုးရေးလုပ်ကိုင်သူများထံမှ သိရသည်။

**ဇေယျာတု(မကွေး)**



## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်သန်းနွဲ့

## အသက် (၈၄) နှစ်

ဒုတိယဗိုလ်ချုပ်ကြီး မဟာသရေစည်သူတင်ဦး၏ချစ်လှစွာသော ဇနီး ဒေါ်ခင်သန်းနွဲ့သည် ၁၆-၁၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၄:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်ကြီးနှင့်မမနွဲ့ ကောင်းရာဘုံဘဝရောက်ကြပါစေ။**

**ဦးဝင်းမြင့်-ဒေါ်မြင့်မြင့်သန်း**

**ပြည်ထောင်စုဝန်ကြီး (ငြိမ်း)**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်းအလှူရှင် ဒါယိကာမကြီး**

## ဒေါ်ခင်မိမိခိုင် (ခ) ဒေါ်တင့်တင့်

## အသက် (၆၂) နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပညာ့ဝတီရိပ်သာနေ ဦးစိုင်းဘဉာဏ်(မန်နေးဂျင်းဒါရိုက်တာ၊ မောဝ်ဥသျှောင်အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်)၏ ချစ်လှစွာသော ဇနီး၊ ဦးစည်သူကျော်-ဒေါ်မေသက်ခိုင်၊ ဒေါက်တာမေပြည့်စုံကြွယ်၊ ဒေါ်မေစိုပြေဉာဏ်၊ ဦးစိုင်းဉာဏ်လင်းအောင်(ခေတ္တ-Australia)တို့၏ ချစ်လှစွာသော မွေးသမိခင်ကြီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်းအလှူရှင် ဒါယိကာမကြီး ဒေါ်ခင်မိမိခိုင် (ခ) ဒေါ်တင့်တင့်သည် ၁၉-၁၂-၂၀၂၀ (စနေနေ့) မွန်းလွဲ ၂:၁၁ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝ တစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ၂၇-၁၂-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းနှင့် ကွယ်လွန်သူအား ရည်စူး၍ ၂၉-၁၂-၂၀၂၀ (အင်္ဂါနေ့)တွင် နေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားတော်နာ ပြုလုပ်မည်ဖြစ်ကြောင်း ဆွေမျိုး မိတ်သင်္ဂဟ များအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်းအလှူရှင် ဒါယိကာမကြီး**

## ဒေါ်ခင်မိမိခိုင် (ခ) ဒေါ်တင့်တင့်

## အသက် (၆၂) နှစ်

မန္တလေးမြို့နေ (ဦးသက်ရှည် - ဒေါ်ထားထား) တို့၏ သမီးထွေး၊ တောင်ကြီးမြို့နေ (ဦးလှမောင်-ဒေါ်သန်း)တို့၏ သမီးချွေးမ၊ ဦးစိုင်းဘဉာဏ် (မန်နေးဂျင်းဒါရိုက်တာ၊ မောဝ်ဥသျှောင် အင်တာနေရှင်နယ် ကုမ္ပဏီ လီမိတက်)၏ ချစ်လှစွာသောဇနီး၊ (ဦးတင်မောင်ဦး)-ဒေါ်မေညွန့်လွင်၊ ဦးမြင့်ဦးသာ-ဒေါ်အမာကြည်၊ (ဦးကျော်ကျော်မင်း)-ဒေါ်ခင်သန်းစု၊ ဒေါက်တာ မောင်မောင်-ဒေါ်မြင့်မြင့်၊ ဦးကျော်မြင့်-(ဒေါ်ခင်မမမိုး)တို့၏ချစ်လှစွာသော ညီမ၊ (ဦးထွန်းတင့်ဝေ)၊ ဦးညီညီလွင်-ဒေါ်မော်မော်လွင်တို့၏ချစ်လှစွာ သောအစ်မ၊ ဦးစည်သူကျော်-ဒေါ်မေသက်ခိုင်၊ ဒေါက်တာမေပြည့်စုံကြွယ်၊ ဒေါ်မေစိုပြေဉာဏ်၊ ဦးစိုင်းဉာဏ်လင်းအောင်(ခေတ္တ-Australia)တို့၏ ချစ်လှစွာသော မွေးသမိခင်ကြီး၊ တူ/တူမ ၂၀ ယောက်တို့၏ ချစ်လှစွာသော အဒေါ်၊ မြေး ကိုးယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၁၉-၁၂-၂၀၂၀ (စနေနေ့) မွန်းလွဲ ၂:၁၁ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်း ကွယ်လွန်သွားပါသဖြင့် ၂၇-၁၂-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းနှင့် ကွယ်လွန်သူအား ရည်စူး၍ ၂၉-၁၂-၂၀၂၀ (အင်္ဂါနေ့) တွင် နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာ ပြုလုပ်မည်ဖြစ်ပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟများအား ညှိုးငယ်သော စိတ်ထားဖြင့် အသိပေး အကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## တန်ချူကျောက် (ခ) ဒေါ်စန်းကြည် (အုတ်ဖိုမြို့)

**ရွှေလီစိန်ရွှေရတနာဆိုင်**

## အသက် (၉၂) နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၁) ရပ်ကွက်၊ (၁၇)လမ်း(အောက်လမ်း)၊ အမှတ်(၄၀)နေ (ဦးကြောင်ဝှား-ဒေါ်ကျင်တီ)တို့၏သမီး၊ [လောင်ဦးချင် (ခ) ဦးကျင်ခဲ (ရွှေလီစိန်ရွှေရတနာဆိုင်၊ လိုင်းလိုင်းဟိုတယ်)]၏ဇနီး၊ (ဦးသန်းထွန်း)၊ ဒေါ်စန်းစန်းဦး-ဦးမျိုးနိုင်(ရွှေသင်းစိန်ရွှေရတနာဆိုင်)၊ ဦးသန်းနိုင်-ဒေါ်ချိုချိုဝင်း၊ ဦးမောင်မောင်ထွေး-ဒေါ်စန်းစန်းငွေးတို့၏ ချစ်လှစွာသော မွေးသမိခင်ကျေးဇူးရှင်၊ မြေး ရှစ်ယောက်တို့၏ချစ်လှစွာသောအဘွား တန်ချူကျောက် (ခ) ဒေါ်စန်းကြည်သည် ၁၉-၁၂-၂၀၂၀ (စနေနေ့) ည ၁၀:၅၂ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးခင်မောင်ငွေး

## အသက် (၈၆) နှစ်

လမ်းမတော်မြို့နယ်၊ လမ်းသစ်ရိပ်သာ၊ တိုက်(၄/၇) နေ (ဦးခင်-ဒေါ်ဖွားသစ်)တို့၏သား၊ (ဦးသာထွန်း-ဒေါ်စိန်ဖွား)တို့၏သားသမက်၊ [ဒေါ်ရင်ရင်မြ(အထက-၂၊ လမ်းမတော်)]၏ချစ်လှစွာသောခင်ပွန်း၊ (ဦးခင်မောင်ကြီး)၊ (ဒေါ်ခင်မေမေ)၊ (ဒေါ်ခင်သိန်းသိန်း)၊ (ဦးခင်မောင်ကြွယ်)-ဒေါ်ထွေးထွေးအောင်၊ (ဦးခင်မောင်စိုး)-ဒေါ်ရီရီမြင့်၊ (ဦးခင်မောင်မြင့်-ဒေါ်ခင်မေဝင်း)တို့၏မောင်/အစ်ကို၊ ဦးအောင်မင်းခင်-ဒေါ်Chioyoko၊ ဦးမင်းအောင်-ဒေါ်စုစုခင်၊ ဦးငွေးလင်းခင်-ဒေါ်ခင်စိန်လင်းတို့၏ဖခင်၊ မောင်လင်းထက်အောင်၊ မခိုင်စုအောင်၊ မMio၊ မောင်ကောင်းထက်လင်းတို့၏ အဘိုးသည် ၁၉-၁၂-၂၀၂၀ ရက် ည ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဦးခင်မောင်ထွန်း

**B.E (Civil),73 Batch**

**လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း)**

## အသက် (၇၄) နှစ်

ဝန်းသိုမြို့နေ (ဦးထွန်းဉာဏ်-ဒေါ်ခင်ကြည်)တို့၏ သား၊ ရန်ကုန်မြို့နေ (ဦးတက်စိန်-ဒေါ်လှကြည်)တို့၏သားသမက်၊ ဒေါ်ခင်မေမြင့်၏မောင်၊ (ဦးခင်မောင်ဆွေ)-ဒေါ်ခင်မေတင့်၊ ဦးခင်မောင်လေး-ဒေါ်ခင်သန်းနွဲ့၊ ဦးခင်မောင်ဝေ၊ဦးမောင်မောင်ကြီး-ဒေါ်ပါဆယ်၊ ဒေါ်မမလေးတို့၏အစ်ကို၊ ရန်ကုန်မြို့နေ ဒေါ်မိမိစိန်၏ခင်ပွန်း၊ ကိုမော်လွင်ထွန်း-မမြင့်သီတာဦး၊ ကိုဇေယျာကျော်-မသန္တာထွန်း၊ မသဲသိမ့်သိမ့်ထွန်းတို့၏ဖခင်၊ မြေး လေးယောက်တို့၏အဘိုး ဦးခင်မောင်ထွန်းသည် ၂၀-၁၂-၂၀၂၀ (တနင်္ဂနွေနေ့) တွင် ကွယ်လွန်သွားပါသဖြင့် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၆-၁၂-၂၀၂၀ ရက်တွင် အမှတ်(၃၅၉)၊ ဝါယာလက်(၁)လမ်း၊ (၉) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့နေအိမ်၌ ရက်လည်ဆွမ်းကျွေးမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးအောင်စိုး

## အသက် (၆၇) နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးဘကျို့န်-ဒေါ်စန်း)တို့၏သား၊ ဦးကြည်စိုး - ဒေါ်မြမြဝင်းတို့၏ ညီ၊ (ဦးအောင်ခိုင်)-ဒေါ်မြင့်မြင့်လှိုင်၊ ဦးကျော်အောင်-ဒေါ်ကျင်မွှား၊ ဦးဟန်ညွှန့်ဦး-ဒေါ်တင်တင်ခိုင်တို့၏အစ်ကို၊ (ဦးချွန်ကီး-ဒေါ်ခင်လေးရီ)တို့၏မတ်၊ (ဦးအောင်သန်း)-ဒေါ်စိန်ပုတို့၏ယောက်ဖ၊ ဦးလှိုင်-ဒေါ်အေးတို့၏မတ်၊ ဦးသောင်းရွှေ-ဒေါ်သီတာ(USA)၊ ဦးတင်မြင့်-ဒေါ်လှကေသီ(USA)တို့၏ခဲအို၊ ဒေါ်ချော၏ ခင်ပွန်း၊ မအိန္ဒြာစိုးအောင်၏ ဖခင်၊ မလဝန်းညို့ပန်းချီ၊ မကြယ်စင်ညွှန်းစာစီတို့၏ အဘိုးသည် ၂၀-၁၂-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၂:၁၅ နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်းအလှူရှင် ဒါယိကာမကြီး**

## ဒေါ်ခင်မိမိခိုင် (ခ) ဒေါ်တင့်တင့်

## အသက် (၆၂) နှစ်

Matrix Strategic Holding Co.,Ltd၏ Founder/ Principal ဒေါက်တာ မေပြည့်စုံကြွယ်နှင့် Founder/ Managing Director ဒေါ်မေစိုပြေဉာဏ်တို့၏ကျေးဇူးရှင် မွေးသမိခင်ကြီး ဒေါ်ခင်မိမိခိုင် အသက် (၆၂) နှစ်သည် ၁၉-၁၂-၂၀၂၀ ရက် မွန်းလွဲ ၂:၁၁ နာရီတွင် (၉၆) ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲ ရပါသည်။

**Matrix Strategic Holding Co.,Ltd မိသားစု**

---

## ဒေါ်အေးသန်း

## အငြိမ်းစားဆရာမ (St.Augustine)

## အသက် (၈၆) နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇)မိုင်ခွဲ၊ တေးနုယဉ်လမ်းနေ [ဦးကျော်တင်(တွဲဖက်ပါမောက္ခ-ငြိမ်း၊ ပညာရေးတက္ကသိုလ်)]၏ဇနီး၊ Dr.လှမျိုးကျော်-ဒေါ်မေဖြူဝင်း၊ Dr.မွန်မြတ်အေး-ဦးတင်ထွန်းတို့၏မိခင်၊ မောင်ကောင်းမြတ်လင်း၊ မစုမြတ်မိုး၊ မောင်ဉာဏ်ထက်လင်းတို့၏အဘွား ဒေါ်အေးသန်းသည် ၁၉-၁၂-၂၀၂၀ (စနေနေ့) နံနက် ၁၀:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ များအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်တင်တင်ဝင်း (ခ) ဒေါ်တင်တင်အေး (ခ) ဒေါ်ဒက်ဖနီတင်တင်ဝင်း

## အသက် (၈၀)

ရန်ကုန်မြို့နေ [ဦးလူဖေဝင်း (ကျောက်စာဝန်၊ သီရိပျံချီ၊ နိုင်ငံဂုဏ်ရည်ပထမဆင့်)-ဒေါ်ကြည်ကြည် ]တို့၏သမီးငယ်၊ (ဦးသာဦး)၏ဇနီး၊ ကိုကျော်မင်း-မနွယ်နွယ်လတ်ဟန်၊ ကိုသောင်းထွန်းလင်း-မမြင့်သီရိကျော်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မောင်ထက်ဝေယံမင်း၊ မနွေးနေခြည်မင်း၊ မမေသီရိလင်း၊ မောင်အောင်ဘုန်းလင်းတို့၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၂၀-၁၂-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မွန်းလွဲ ၁၂:၃၀ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးကြည်ဆန်း (မော်လမြိုင်)

## အသက် (၆၁) နှစ်

မော်လမြိုင်မြို့နေ (ဦးတင်လှ)-ဒေါ်မြရီတို့၏သား၊ အမှတ်(၅၉)၊ (၉၄)လမ်း၊ ကန်တော်လေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်စမ်းသီ၏ ခင်ပွန်း၊ ကိုစိုးထက်အောင်-မသီရိစိုး၊ မမြဖူးနွယ်တို့၏ဖခင်၊ ဒေါ်ငွေးငွေးဝင်း၊ ဒေါ်အေးအေးမွန်၊ ဦးမြင့်ခိုင်၊ ဦးဝင်းနိုင်၊ ဦးမြင့်ထွေးတို့၏အစ်ကို ဦးကြည်ဆန်းသည် ၂၀-၁၂-၂၀၂၀ ရက် နံနက် ၈:၃၀ နာရီတွင် အမှတ်(၂၆)၊ ရွှေမြို့တော် (၅)လမ်းနှင့် (၁၃)လမ်းထောင့်၊ စက်မှုဇုန်-မော်လမြိုင်၊ မော်လမြိုင်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၂၀ ရက်တွင် ညောင်ပင်ဆိပ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်စောလှ (ခ) ဒေါ်ဘီ

**မြေတိုင်းဦးစီးဌာန (အငြိမ်းစား)**

## အသက် (၇၉) နှစ်

သထုံမြို့နေ (ဦးဖေ-ဒေါ်တင်)တို့၏သမီး၊ သထုံမြို့နေ (ဦးအောင်ခန့်-ဒေါ်ကျင်တီ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၃) ရပ်ကွက်၊ ရန်ရှင်းလမ်း၊ တိုက်(၂၀၆)၊ အခန်း(၁)နေ [ဦးဇော်အေး (ခ) ဦးစိန်ကြည်]၏ဇနီး၊ ဦးမင်းဇော်-ဒေါ်မိုးမိုးအေး၊ ဦးသက်နိုင်ဇော်၊ ဒေါ်နွေမိုးအေး၊ ဦးညီညီဇော်၊ ဒေါ်ခင်နှင်းအေးတို့၏မိခင်၊ Georg Shar ၏ အဘွားသည် ၁၅-၁၂-၂၀၂၀ ရက် နံနက် ၆ နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဒေါ်မြသန်းကြည်

## အသက် (၆၉) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၀) ရပ်ကွက်၊ နှောင်ချိုလမ်း၊ အမှတ်(၉၀၅)နေ ဦးသန်းထွန်း၏ဇနီး၊ ဦးတင်အောင်မိုး-ဒေါ်မြင့်မြင့်ဝင်း၊ ဒေါ်စန္ဒာဝေ-ဦးမျိုးဝင်းနိုင်၊ ဦးကျော်ဇေယျ-ဒေါ်သန်းသန်းဆွေတို့၏ မိခင်ကြီး၊ မြေး ခြောက်ယောက်တို့၏အဘွား ဒေါ်မြသန်းကြည်သည် ၁၉-၁၂-၂၀၂၀ (စနေနေ့) ညနေ ၃:၃၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၀-၁၂-၂၀၂၀ (တနင်္ဂနွေနေ့)တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်နီနီရှိန် (ထားဝယ်)

**မြောင်းပုလဲ၊ အ.လ.က ဆရာမဟောင်း**

## အသက် (၆၂) နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၆၁)၊ (၆)လမ်းနေ (ဦးဘဟီ-ဒေါ်လှိုင်ကြူ)တို့၏သမီး၊ ဦးသောင်းစိန်-(ဒေါ်ညာညာရှိန်)၊ ဒေါက်တာကျော်မင်း-ဒေါ်တင်တင်ရှိန်တို့၏ညီမ၊ ဦးဝင်းချိန်၏ချစ်လှစွာသောဇနီး၊ မခင်ဆွေပြည့်၊ Dr.ရတနာပြည့်(ခွဲစိတ်မှန်ဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)၊ မောင်ကောင်းဆက်(JSM Co.,Ltd)တို့၏ ချစ်လှစွာသော မိခင် ဒေါ်နီနီရှိန်သည် ၁၇-၁၂-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၂-၂၀၂၀ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဥတ္တရခရိုင်တရားရုံး အဆောက်အဦ ပန္နက်တော်တင် တွင်းတော်ဝန်း မင်္ဂလာအခမ်းအနား ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၀**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဥတ္တရခရိုင်တရားရုံး အဆောက်အဦ ပန္နက်တော်တင် တွင်းတော်ဝန်းမင်္ဂလာ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ချင်းတွင်းလမ်းနှင့် ပုဗ္ဗသီရိ မြို့နယ် တရားရုံးလမ်းထောင့်ရှိ အဆိုပါ အဆောက်အဦ တည်ဆောက်မည့်နေရာ မင်္ဂလာမဏ္ဍပ်၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့် အညီ ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တက်ရောက်သည်။

**အမွှေးနံ့သာများ ပက်ဖျန်း**

အခမ်းအနားတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသည့် ဦးသာဌေး၊ ဦးမြင့်အောင်၊ ဦးအောင်ဇော်သိန်း၊ ဦးမြဟန်၊ ဦးမျိုးတင့်၊ ဦးစိုးနိုင်၊ ဦးခင်မောင်ကြည်၊ ဦးမျိုးဝင်းတို့က သတ်မှတ်နေရာအသီးသီး တွင် နေရာယူကာ ပန္နက်တော်တင် တွင်းတော်ဝန်းပြီး အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။

ထို့နောက် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက ပန္နက်တော်တင် တွင်းတော်ဝန်း အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ထုံးတမ်းအစဉ်အလာ အတိုင်း ဆောင်ရွက်ပေးသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ဥတ္တရခရိုင်တရားရုံး အဆောက်အဦတည်ဆောက်မည့် မြေနေရာအား ပန္နက်တော်တင်နေစဉ်။

## ကြေးမုံ ယနေ့ ဖတ်စရာ


အကာက အလှ - အနှစ်က ပညာ

စာမျက်နှာ » ၆

ရန်ကုန်တက္ကသိုလ်ကျောင်းသား မဟုတ်ခဲ့တဲ့ ကျောင်းသားတစ်ဦး

စာမျက်နှာ » ၈

အမေရိကန်နိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု ခံယူပြီးသူများ အနက် ခြောက်ဦးသာလျှင် ကာကွယ်ဆေးနှင့် ဓာတ်မတည့်သည့် လက္ခဏာများ တွေ့ရှိ

စာမျက်နှာ » ၁၁

အီတလီနိုင်ငံက ခရစ္စမတ်နှင့် နှစ်သစ်ကူးအားလပ်ရက်များ အတွက် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ခရီးသွားလာခွင့်ကန့်သတ်ချက်များ ချမှတ်မည်

စာမျက်နှာ » ၁၂


## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပန်းခြံနှင့် ကစားကွင်းအားလုံးကို ခရစ္စမတ်ကာလနှင့် နိုင်ငံတကာနှစ်သစ်ကူးရုံးပိတ်ရက်ကာလအတွင်း ယာယီပိတ်ထားမည်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ပိုမိုထိရောက်စွာ ကာကွယ်နိုင်ရေးအတွက် ခရစ္စမတ်ကာလနှင့် နိုင်ငံတကာ နှစ်သစ်ကူးရုံးပိတ်ရက်ကာလ လူစုလူဝေးမဖြစ်ပေါ်စေရန် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပန်းခြံနှင့် ကစားကွင်းများအားလုံးကိုယာယီပိတ်ထားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဝင်(၈) ဦးသူရအောင်က ပြောကြားသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း ပန်းခြံနှင့် ကစားကွင်း စုစုပေါင်း အရှေ့ပိုင်းခရိုင်၌ ၁၅ ခု၊ အနောက်ပိုင်းခရိုင်၌ ၁၉ ခု၊ တောင်ပိုင်းခရိုင်၌ ၁၄ ခုနှင့် မြောက်ပိုင်း ခရိုင်၌ ၁၃ ခုရှိရာ ကိုဗစ်ကာလအများပြည်သူ၏ ကျန်းမာရေးကိုရှေးရှုသည့်အနေဖြင့် ပြည်သူ့ဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်၊ အင်းယားကန်ပေါင်အပါအဝင် အခြားပန်းခြံများနှင့် အားကစားကွင်း စုစုပေါင်း ၆၁ ခုကို ယာယီပိတ်ထားမည်ဖြစ်ကြောင်း ဦးသူရအောင်က ပြောသည်။

"သုဝဏ္ဏပန်းခြံနဲ့ ပြည်ထောင်စုပန်းခြံမှာ နံနက်ပိုင်းက ကျန်းမာရေးအတွက် လေ့ကျင့်ခန်း လာလုပ်တဲ့သူတွေ၊ ကိုယ်လက်လှုပ်ရှားအားကစားလုပ်တဲ့သူတွေ အများအပြားလာရောက်တဲ့အတွက် နံနက်ပိုင်းလေးကို ကျွန်တော်တို့ခွင့်ပြုပေးခြင်းဖြစ်ပါတယ်။ နံနက်ပိုင်း အမှန်တကယ်လာရောက် အားကစားလုပ်ကြသူတွေရှိသလို တချို့ဆိုရင်လည်း နေ့ခင်းပိုင်းကစပြီးညပိုင်းအထိ အစုလိုက် အဖွဲ့လိုက်နဲ့လာပြီး ထမင်းစားသောက်ကြတယ်။

စာမျက်နှာ ၂၀ ကော်လံ ၃ သို့ ✳





## နေ့စဉ်ရေဂါလန် သန်း ၄၀ ပေးဝေမည့် လဂွန်းပြင်ရေပေးဝေရေးစီမံကိန်း ၇၈ ရာခိုင်နှုန်းအထိ ပြီးစီးနေ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ရန်ကုန်မြို့ ဒဂုံမြို့သစ် လေးမြို့နယ်အပါအဝင် သာကေတမြို့နယ်နှင့် ဒေါပုံမြို့နယ်များသို့ နေ့စဉ်ရေပေးဝေမည့် လဂွန်းပြင်ရေပေးဝေရေး စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှုသည် ယခုအခါ ၇၈ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင် သာယာရေးကော်မတီမှ သိရသည်။

"ကျွန်တော်တို့ ဒီစီမံကိန်းက ၂၀၂၂ ခုနှစ်မှာ အားလုံးပြီးစီးဖို့ လျာထားဆောင်ရွက်နေတာပါ။ ဒီစီမံကိန်းပြီးစီးသွားရင်တော့ တစ်နေ့ကို ရေဂါလန် သန်း ၄၀ ပေးဝေနိုင်မှာဖြစ်ပါတယ်။ လက်ရှိမှာ တော့ ၇၈ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ပါတယ်။ ရန်ကုန်မြို့ရဲ့ရေပေးဝေ နေမှုကတော့ ဒီနှစ် ရေလှောင်ကန်ကြီးတွေမှာ ရေဝင်မှုနည်းတဲ့အတွက် ရေသုံးစွဲသူပြည်သူတွေအနေနဲ့ ရေကို ချွေတာသုံးစွဲဖို့လိုအပ်သလို ကျွန်တော်တို့ဘက်ကလည်း ရေလေလွင့်ဆုံးရှုံးနိုင်တဲ့ နေရာတွေကို လိုက်လံကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်" ဟု ရန်ကုန်မြို့ ရေရရှိ ရေးနှင့် ရေပေးဝေရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးစိန်အုန်းက ပြောသည်။

အဆိုပါစီမံကိန်းကန်ထရိုက်လုပ်ငန်းများကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် စတင်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ် မတ်လတွင် စီမံကိန်းပြီးစီးရန် ခန့်မှန်းထားကြောင်း၊ လဂွန်းပြင်ရေပေးဝေရေး စီမံကိန်းမှ နေ့စဉ်ရေဂါလန် သန်း ၄၀ ပေးဝေနိုင်မည်ဖြစ်ပြီး ရေပေး ဝေရေးဇုန်-၇ ဖြစ်သည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)နှင့် (အရှေ့ပိုင်း)သို့ နေ့စဉ် ရေဂါလန် ၁၃ သန်း၊ ရေပေးဝေရေးဇုန်-၈ ဖြစ်သည့် ဒဂုံမြို့သစ် (တောင်ပိုင်း)နှင့် (ဆိပ်ကမ်း)သို့ နေ့စဉ် ရေဂါလန် ၁၄ သန်း၊ ရေပေး ဝေရေး ဇုန်-၂ တွင် ပါဝင်သည့်

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ○

